PDF Compressor Free Version

နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့



# သစ်တောကြေးမုံ

၂၀၂၄ ခုနှစ် ဧပြီလ











မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်သို့ ကူးပြောင်းသော နှစ်သစ်အခါသမယတွင်
သစ်တောကြေးမုံချစ်သူများ ကိုယ်စိတ်နှစ်ဖြာ
ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

PDF Compressor Free Version

# မာတိကာ

**မျက်နှာဖုံး**

✧ပြင်ဦးလွင် ပွဲကောက်ရေတံခွန် ..... မျက်နှာဖုံး

**ခေါင်းကြီး**

✧သက္ကရာဇ်ပြောင်းလဲလည်း မပြောင်းလဲသည့် ထာဝရကုသိုလ် ..... ၁

**သတင်းများကဏ္ဍ**

✧သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ ..... ၂-၇

**သစ်တောလုပ်ငန်းကဏ္ဍ**

✧မြန်မာ့သစ်တောမြေထိန်းသိမ်းကာကွယ်ရေး (၁) .... - ဦးစိန်သက်၊ ညွှန်ကြားရေးမှူး(ငြိမ်း) ..... ၈-၉
✧သက်ရှိလောက ရေသာ ပမာန တန်ဖိုးထားပါ.... - ဒေါက်တာ သောင်းနိုင်ဦး ..... ၁၀-၁၄
✧ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး လမ်းခရီးပေါ်မှ .... - ဒေါက်တာ ညီညီကျော် (သစ်တောသုတေသနဌာန) ..... ၁၈-၂၁
✧တောင်ထီး (ခ) ပင်မ၊ ရွှေကျနှင့် နေပြည်တော် - ဦးငွေအောင် (စိမ်းစိုသစ်) ..... ၃၄-၃၆
✧သစ်တောပြစ်မှုများအားအမှုဖွင့်တရားစွဲဆိုရာတွင်.... - စစ်ဆေးရေးဌာနခွဲ ..... ၄၃-၄၄
✧အောင်လုံသန့်စွမ်းသော ပျိုးပင်ရရှိဖို့ ရာသီအချိန်ကိုက်ဆောင်ရွက်စို့ - တိုးချဲ့ပညာပေးရေးဌာနခွဲ ..... ၄၆-၄၇

**အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ**

✧သူတို့အမေး၊ ကျွန်တော့်အဖြေ - အုန်းလွင်လေး ..... ၂၂-၂၄, ၂၇

**ဘဝတစ်ကွေ့ကဏ္ဍ**

✧တွေးမိသည်တည့် တွေးမိသည် - အောင်ခင်(သစ်တော) ..... ၁၅-၁၇, ၂၀
✧မျက်ကန်း တစ္ဆေမကြောက် - တင်စိုး (BFS) ..... ၂၅-၂၇
✧မောင်ဖိုးထွန်းနှင့် ဆင်ပစ်မှုဆိုးကျော် - ထွန်းလွင် (BFS 73-75) ..... ၂၈-၂၉
✧ပင်လယ်ပြင်ထဲမှ ပြင်ပထွက် သစ်ခိုးလှေကြီးဆီသို့.... - ဦးဇော်သိန်းထွဋ် (ဦးစီးအရာရှိ) ..... ၃၇-၃၉

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဆိုင်ရာ .... - ဦးရဲထက်နိုင် ..... ၃၀-၃၃
✧ဝန်းကျင်လေထုကောင်းမွန်ဖို့ သစ်တောသစ်ပင်ထိန်းသိမ်းစို့ - ဦးသီဟဇော်၊ ဒုတိယဦးစီးမှူး (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန) ..... ၄၁-၄၂
✧နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့ - ဦးအောင်ကျော် (ရမည်းသင်း) ..... ၄၈-၄၉

**ကဗျာ / ကာတွန်း / ဟာသကဏ္ဍ**

✧ရေဆန်ကုသိုလ် - မင်းဇာနွယ် (အောင်လံ) ..... ၄၅
✧ကာတွန်း - အော်ပီကျယ် ..... ၄၅
✧တိုလီမုတ်စ ဟာသများ - အုန်းလွင်လေး ..... ၄၀

**နောက်ကျောဖုံး**

✧ချယ်ရီပင် - ဦးဟုတ်လင်း ..... နောက်ကျောဖုံး, ၃၆

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**
ဦးသိန်းနိုင်ကြွယ်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)
**စာတည်း**
ဦးအောင်နိုင်ဌေး – ဒုတိယညွှန်ကြားရေးမှူး
ဦးအုန်းလွင်-၃ – လက်ထောက်ညွှန်ကြားရေးမှူး
**စာတည်းအဖွဲ့ဝင်များ**
ဦးဇော်လင်းသန်း ဦးစီးအရာရှိ
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)
**စာအုပ်အတွင်းအပြင်ဒီဇိုင်း**
ဇာဇာဖြိုး၊ ဇာဇာမွန်
**ပုံနှိပ်သူ**
ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်
ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
fdextension39@gmail.com

PDF Compressor Free Version

## မပြောင်းလဲသည့်ထာဝရကုသိုလ်

ခရစ်တော်မပေါ်မီ ရေတွက်ခဲ့သောနှစ်များကို ခရစ်နှစ် (Before Christ- BC)၊ ခရစ်တော်ပေါ်ပြီး စတင်ရေတွက်သောနှစ်ကို ခရစ်နှစ် (Anno Domini- AD) ဟု သတ်မှတ်ရေတွက်လာရာ လက်ရှိခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ် ရောက်ရှိပြီဖြစ်သည်။ မြတ်စွာဘုရားဖွားတော်မမူမီ (၆၈)နှစ်နှင့် မြတ်စွာဘုရားဖွားတော်မူပြီးသည်မှ ပရိနိဗ္ဗာန်စံဝင်တော်မူသည့်အထိ နှစ်ပေါင်း (၈၀) စုစုပေါင်း (၁၄၈) နှစ်ကို မဟာသက္ကရာဇ်ဟုလည်းကောင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး ပထမသင်္ဂါယနာတင်စဉ် တစ်မှစတင်ရေတွက်သောနှစ်ကို သာသနာသက္ကရာဇ်ဟုလည်းကောင်း၊ သာသနာသက္ကရာဇ် ၆၂၄ ခုနှစ် ရောက်သောအခါ သရေခေတ္တရာခေတ် သမုန္ဒရီမင်းလက်ထက် (၆၂၂) နှစ်ကိုဖြုတ်ပြီး အကြွင်း (၂) နှစ်စ၍ ထိုမှတစ်ဖန် ၅၆၂ ခုနှစ် အရောက်တွင် ပေါက္ကံပြည့်ရှင် ပုပ္ပါးစောရဟန်းမင်းလက်ထက် နှစ် (၅၆၀) ကိုဖြုတ်ကာ အကြွင်း (၂) နှစ်မှ စတင်ရေတွက်ခဲ့ရာ ယခုအချိန်ထိ အသုံးပြုသောနှစ်ကို မြန်မာကောဇာသက္ကရာဇ် သတ်မှတ်ထားကြောင်း သိရသည်။

သက္ကရာဇ်တို့အား နှစ်တစ်နှစ်စီသတ်မှတ်ထားရာ နှစ်ဟောင်းကုန်သော် နှစ်သစ်ကူးရာ၏။ ခရစ်နှစ် ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း ကောဇာသက္ကရာဇ် ၁၃၈၇ ခုနှစ် နှစ်ဟောင်းကုန်၍ ၁၃၈၈ ခုနှစ် နှစ်သစ်ကူးပြောင်းလေပြီ။ ထိုကာလတွင် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် ဆင်နွှဲကြသည်။ သင်္ကြန်ဝေါဟာရသည် ပါဠိဘာသာအားဖြင့် သင်္ကန္တ၊ သက္ကတဘာသာအားဖြင့် သင်္ကြန္တ စာသားတို့မှ သက်ဆင်းပြီး ကူးပြောင်းခြင်းဟု အနက်အဓိပ္ပါယ်ရသည်။ မြတ်စွာဘုရားရှင်က သဗ္ဗေ သင်္ခါရာ အနိစ္စာဟု ဟောမြွက်တော်မူထားရာ အရာရာအမြဲမရှိဘဲ ပြောင်းလဲခြင်းသဘောရှိကုန်သည်ဖြစ်ရာ ပြောင်းလဲမှုများအပေါ် သတ္တဝါအားလုံးက လိုက်လျောညီထွေစွာဖြင့် သဟဇာတ ဖြစ်တည်နေရပေမည်။

မြန်မာနိုင်ငံအတွင်း ကောဇာသက္ကရာဇ် ၁၃၈၈ ခုနှစ် ကာလအစ၌ ကဏ္ဍစုံတွင် စနစ်၊ ယန္တရား အတော်များများ သိသာစွာပြောင်းလဲပြီဖြစ်ရာ ပြောင်းလဲသည့်ခေတ် စနစ်နှင့်အညီ လိုက်လျောညီထွေပြုမူနေရမည်။ ပြည်သူတစ်ဦးချင်းက ကိုယ်ချင်းစာစိတ်ထားကာ ကိုယ်ကျင့်တရားကောင်းမွန်ပြီး ပြည်သူအကျိုးဗဟိုပြုသည့် ပြောင်းလဲမှုဖြစ်စဉ်အတိုင်း မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည်။ ထိုထက်သာလွန်၍ လူသားအပါအဝင် သက်ရှိများတွက် အကျိုးရှိမည့် ပြောင်းလဲမှုများနှင့် သပ္ပါယဖြစ်ရေး ပိုမိုလိုက်နာဆောင်ရွက်နိုင်က အတိုင်းထက်အလွန်ပင်။

မျက်မှောက်ကာလ ပြောင်းလဲမှုများတွင် သက်ရှိများအား ရာသီဥတုပြောင်းလဲမှုက စိန်ခေါ်မှုတစ်ရပ်ဖြစ်ရာ လိုက်လျောညီထွေ နေတတ်ရမည်ဖြစ်သကဲ့သို့ အကျိုးဆက်ဖြစ်သော သဘာဝဘေးများကြောင့် စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လူမှုစီးပွားစသည့်ကဏ္ဍပေါင်းစုံ၌ ထိခိုက်မှုများ နည်းနိုင်သမျှ နည်းစေရန် နည်းလမ်းများ ရှာကြံဆောင်ရွက်ပြီး ရာသီဥတုပြောင်းလဲမှု လျှော့ချရန်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲမှုလျှော့ချရာတွင် သစ်တော သစ်ပင်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသဖြင့် သစ်တောသစ်ပင် စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းသည် အကောင်းဆုံးသော လုပ်ဆောင်မှုဖြစ်ပြီး အရေးပါလှပေသည်။ ထိုလုပ်ဆောင်မှုကို လူသားတိုင်း လုပ်ဆောင်နိုင်သည်။ ယခုမှစ၍ လုပ်နိုင်သည်ကစ၍ လုပ်ရပေမည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် ကောဇာသက္ကရာဇ် နှစ်သစ်ကူးပြောင်းချိန် သင်္ကြန်ပွဲတော်တည်းဟူသော ပျော်ပွဲရွှင်ပွဲများ ဆင်ယင်ကျင်းပသကဲ့သို့ ဗုဒ္ဓတရားတော်အဆုံးအမများနှင့်အညီ ကုသိုလ်မှုများဖြစ်သော ဒါနအမှု၊ သီလအမှု၊ ဘာဝနာအမှုများပြုကြရာဝယ် သံယုတ္တနိကာယ်၊ ဝနရောပသုတ်အရ သစ်တော သစ်ပင်များစိုက်ပျိုးခြင်းသည် အခါခပ်သိမ်း ထာဝရကုသိုလ်မည်ပါကြောင်း အသိ သတိရှိနေကြရမည်ဖြစ်သည်။

သို့ပါ၍ ကောဇာသက္ကရာဇ် ၁၃၈၈ ခုနှစ်တွင် နှစ်သစ်ကူးစ တန်ခူးလမှသည် နှစ်ကုန်ရွှေ့ပြောင်းလတပေါင်းတိုင် သစ်ပင်များပျိုးထောင်ခြင်း၊ စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်းဖြင့် ထာဝရကုသိုလ် အကြောင်းတရားများ အားထုတ်နိုင်ပါစေကြောင်း နှစ်သစ်ဆန္ဒမွန်ဖြင့် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

### သစ်တောမူဝါဒ (၆)ချက်

(၁) ကာကွယ်ခြင်း

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝ ဝန်းကျင်ကို ကာကွယ်ရမည်။

(၂) ထာဝစဉ်တည်တံ့စေခြင်း

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တော သယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေ ရေးအတွက် ထိန်းသိမ်းရမည်။

(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံ စားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်း ရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများ အသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version

# သတင်းကဏ္ဍာ

- သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်....
- သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ ငွေကြေးနှင့် လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လို....

( ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

## "(၃၇) ကြိမ်မြောက် သစ်တော၊ သတ္တဝါနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ" ဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်





"(၃၇) ကြိမ်မြောက် သစ်တော၊ သတ္တဝါနှင့်ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ" ဖွင့်ပွဲ အခမ်းအနားကို (၅-၃-၂၀၂၆) ရက်နံနက်ပိုင်းတွင် သစ်တောသုတေသနဌာန၊ စုဝေးခန်းမ၊ ရေဆင်း၌ကျင်းပပြုလုပ်ရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရေဆင်းတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ အငြိမ်းစား သစ်တောအရာရှိကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှကိုယ်စားလှယ်များ၊ သုတေသနစာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းရာတွင် ပညာရေးနှင့် သုတေသနဖွံ့ဖြိုးရေးသည် အရေးကြီးသောအခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သဘာဝသယံဇာတများကို စနစ်တကျစီမံ

အုပ်ချုပ်နိုင်ရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်ရေးအတွက် သုတေသနလေ့လာမှုများ ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ကြောင်း၊ Research and Development ကဏ္ဍသည် အရေးပါကြောင်း၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ရင်ဆိုင်နေရသည့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများအား ချဉ်းကပ်မှုပုံစံသစ်များဖြင့် သုတေသနပြုဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ သတ္တုကဏ္ဍတွင်လည်း သဘာဝပတ်ဝန်းကျင် ပျက်စီးမှုအနည်းဆုံးနှင့် ရေရှည်တည်တံ့စေသော သတ္တုတူးဖော်မှု ( Green Mining and Sustainable Mining) ဖြစ်စေရန်နှင့် စျေးကွက်ဆိုင်ရာသုတေသနများအား လေ့လာဖော်ထုတ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ သုတေသနအကြံပေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကဏ္ဍ (၃) ရပ် ပူးပေါင်းသုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် သုတေသီများအနေဖြင့် ဌာနနှင့်နိုင်ငံအတွက် လက်တွေ့ အကျိုးရှိစေမည့် အသုံးချသုတေသန ရလဒ်များပေါ်ထွက်လာအောင် ကြိုးပမ်းအားထုတ်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်း ပိုစတာများအား လှည့်လည်ကြည့်ရှုရာ သက်ဆိုင်ရာစာတမ်းရှင်များက သုတေသနတွေ့ရှိချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယခုစာတမ်းဖတ်ပွဲတွင် သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာ စာတမ်းပေါင်း (၂၇) စောင်ကို (၅-၃-၂၀၂၆) ရက်နေ့မှ (၆-၃-၂၀၂၆) ရက်နေ့အထိ ၂ ရက်ကြာ ဖတ်ကြားခဲ့ပါကြောင်း သတင်းရရှိသည်။

## ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့နှင့် သစ်တောကြေးမုံ စိန်ရတု အခမ်းအနားကျင်းပ






၂၀၂၆ ခုနှစ်၊ မတ်လ (၂၁) ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားကို (၂၀-၃-၂၀၂၆) ရက် နံနက် (၀၉:၀၀) နာရီ အချိန်တွင် နေပြည်တော်၊ ရုံးအမှတ် (၃၉)၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ပါမောက္ခချုပ်၊ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ/ဆရာမများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



ဦးစွာ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အခမ်းအနားနှင့် (၇၅) နှစ်မြောက် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ် အခမ်းအနားများကို ပူးတွဲပြီး အနှစ်သာရပြည့်ဝစွာဖြင့် တစ်ပြိုင်နက်တည်း ကျင်းပသွားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် သစ်ပင်၊ သစ်တောနှင့် ဂေဟစနစ်မျိုးစုံ၏ အရေးပါမှုကို ပိုမိုသိရှိနားလည်ပြီး သစ်တောထိန်းသိမ်းရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ်မတ်လ (၂၁) ရက်နေ့ကို

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ "International Day of Forest" အဖြစ် ၂၀၁၂ ခုနှစ်တွင် စတင်သတ်မှတ်ပေးခဲ့ကြောင်း၊ 
PDF Compressor Free Version
ယခုနှစ် ဆောင်ပုဒ်မှာ သစ်တောများနှင့် စီးပွားရေး (Forests and Economies) ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနမှ ၁၉၅၁ ခုနှစ်မှ စတင်ထုတ်ဝေခဲ့သည့် သစ်တောကြေးမုံ စာစောင်သည် ယခုအခါ ၇၅ နှစ်မြောက် (စိန်ရတု) အထိမ်းအမှတ်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ သစ်တောကြေးမုံ စာစောင်တွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာသတင်း၊ ဆောင်းပါးတို့အား အတွေ့အကြုံရင့်ကျက်သည့် သစ်တောဝန်ထမ်း အငြိမ်းစားများ၊ လက်ရှိသစ်တောဝန်ထမ်းများက ရေးသားထားပြီး အခြားကဗျာ၊ ကာတွန်းများတွင် ဓာတ်ပုံကဏ္ဍစုံအောင် ဖော်ပြ၍ လစဉ်ထုတ်ဝေခဲ့ရာ စာစောင်ပါ အသိပညာများသည် နောင်လာ နောင်သားများအထိ အကျိုးဖြစ်ထွန်းစေကြောင်း ပြောကြားသည်။




အစီအစဉ်အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဆင့်တို့က အပြည်ပြည်ဆိုင်ရာသစ်တောများ Keynote Presentation ကို ရှင်းလင်းတင်ပြပြီး အပြည်ပြည်ဆိုင်ရာသစ်တောများနေ့နှင့် သစ်တောကြေးမုံစိန်ရတု အထိမ်းအမှတ်ဗီဒီယိုများ ပြသသည်။ ထို့နောက် ဒုတိယဝန်ကြီးက ခင်းကျင်းပြသထားသော အပြည်ပြည်ဆိုင်ရာသစ်တောများနေ့နှင့် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ်ပြခန်း၊ ပိုစတာများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့ အထိမ်းအမှတ်အခမ်းအနား၌ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက စာတမ်းသုံးစောင်ဖတ်ကြားပြီး "သစ်တောနှင့် စီးပွားရေး" ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးကြောင်း သိရသည်။

## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)၊ နေပြည်တော်၏ ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင် အခမ်းအနားကျင်းပ




သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းသူသည် (၂၈-၂-၂၀၂၄) ရက်၊ နံနက် (၀၈:၀၀) နာရီအချိန်တွင် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း)၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပပြုလုပ်သည့် ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်နှင့် ၂၀၁၉ -၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်အထိ၊ ဘွဲ့ကြိုပဉ္စမနှစ်များတွင် ဆုရရှိသူ ဘွဲ့ရမောင်မယ်များအား ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ သြဝါဒအဖွင့်အမှာစကား ပြောကြားသည်။

ဘွဲ့နှင်းသဘင်အခမ်းအနားသို့ အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားPDF Compressor Free Version ပါမောက္ခချုပ်၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ/ဆရာမများ၊ ဆုရရှိသူများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီးမှ အမှာစကားပြောကြားရာတွင် ဘွဲ့ရမောင်မယ်အားလုံးတို့အနေဖြင့် မိမိတို့ ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနအသီးသီးသို့ လုပ်ငန်းခွင်ဝင်ရောက်တာဝန်ထမ်းဆောင်ရာ၌ မိမိတို့တတ်မြောက်ထားသည့် ပညာရပ်များကို အသုံးချလျက် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရုံသာမက မျက်မှောက်ခေတ်ကာလကိုလည်း မျက်ခြေပြတ်မခံဘဲ AI (Artificial Intelligence) ကဲ့သို့သော နည်းပညာဆိုင်ရာ သတင်းအချက်အလက် တိုးတက်လာမှုများကို အမြဲမပြတ်လေ့လာဆည်းပူးလျက် မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကို ပိုမိုထိရောက်အောင်မြင်နိုင်စေရေးအတွက် ဆက်လက်အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ တတ်မြောက်ထားသည့် သစ်တောနှင့် ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာပညာရပ်များကို လက်တွေ့အသုံးချပြီး ပေးအပ်လာသည့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဖွဲ့၊ လုံ့လ၊ ဝီရိယတို့ဖြင့် အစွမ်းကုန်ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံနှင့်လူမျိုးချစ်စိတ်အပြည့်ရှိပြီး မိမိတို့တာဝန်ထမ်းဆောင်ရသည့် လုပ်ငန်း/ ဌာနအပေါ် သစ္စာရှိရှိ၊ တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ကြရန်နှင့် မိမိတို့ဝန်ကြီးဌာန၏ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များကို ပိုမိုအောင်မြင်လာအောင် ဘွဲ့ရမောင်မယ်အားလုံးတို့အနေဖြင့် အကောင်းဆုံးဆက်လက်ထမ်းဆောင်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၏ ၂၀၁၉ –၂၀၂၀ ပညာသင်နှစ်မှ ၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်အထိ၊ ဘွဲ့ကြိုပဉ္စမနှစ်များတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိသူ ဘွဲ့ရမောင်မယ်များအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး ဘွဲ့ရမောင်မယ်အားလုံးတို့အား သိပ္ပံဘွဲ့ (သစ်တော) နှင့် မဟာသိပ္ပံဘွဲ့ (သစ်တော) လက်မှတ်များအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

## "Remote Sensing & GIS နည်းပညာများ အသုံးပြု၍ မြို့နယ်အလိုက် သစ်တောဖုံးလွှမ်းမှုအား ဆန်းစစ်လေ့လာခြင်း" သင်တန်းဖွင့်ပွဲကျင်းပ




"Remote Sensing & GIS နည်းပညာများ အသုံးပြု၍ မြို့နယ်အလိုက် သစ်တောဖုံးလွှမ်းမှုအား ဆန်းစစ်လေ့လာခြင်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ်၊ မတ်လ (၉) ရက်၊ တနင်္လာနေ့၊ နံနက် (၀၈း၃၀)

နာရီအချိန်တွင် သစ်တောသုတေသနဌာနခွဲ၊ ရေဆင်း၊ စုဝေးခန်းမ၌ ကျင်းပရာ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

PDF Compressor Free Version

ဦးစွာ ညွှန်ကြားရေးမှူးချုပ်က ယခုသင်တန်းကို သစ်တောဦးစီးဌာနရှိ ဝန်ထမ်းများအား ArcGIS Software ကိုအသုံးပြုပြီး သစ်တောစီမံအုပ်ချုပ်မှုနဲ့ သစ်တောဖုံးလွှမ်းမှုများ တွက်ချက်ခြင်းလုပ်ငန်းများတွင် RS/GIS အဆင့်မြင့်နည်းပညာများကို လူငယ်မျိုးဆက်သစ်များ ကျွမ်းကျင်စွာအသုံးပြုလာနိုင်စေရန်၊ AI နည်းပညာများကို အခြေခံ၍ သစ်တောများ စောင့်ကြည့်လေ့လာတဲ့နည်းစနစ်များကို အသုံးပြုနိုင်လာစေရန်နှင့် အရည်အသွေးပြည့်မီတဲ့ မြေပုံတွေကို သက်ဆိုင်ရာဌာနများနဲ့ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးများမှ ကိုယ်တိုင် ပြင်ဆင်ထုတ်လုပ်လာနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ကြောင်း၊ RS/GIS နည်းပညာများကို အသုံးပြုပြီး မြေအသုံးချမှုစတဲ့ အဆင့်မြင့် မြေပုံတွေသာမက နှစ်စဉ် သစ်တောပျက်စီးလျော့နည်းလာမှု၊ တိုးပွားလာမှုစတဲ့ကိန်းဂဏန်း အချက်အလက်များကို တိတိကျကျ ရရှိနိုင်သောကြောင့် သစ်တောစီမံအုပ်ချုပ်ရေး လုပ်ငန်းများနဲ့ပတ်သက်ပြီး မူဝါဒများ ချမှတ်တဲ့နေရာမှာ အထောက်အကူပြုနိုင်မှာဖြစ်ကြောင်း၊ ခေတ်မီနည်းပညာ software များ တိုးတက်လာသကဲ့သို့ လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည်လည်း အရေးကြီးသောကြောင့် သင်တန်းသားများအနေဖြင့် ယခုသင်တန်းက ဖွင့်လှစ်ပို့ချတဲ့ RS/GIS နည်းပညာရပ်များကိုလည်း မိမိတို့သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်များမှာ ပြန်လည် အသုံးချနိုင်သည်အထိ ကြိုးစားသင်ယူကြရန်လိုအပ်ကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေချစ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ သင်တန်းဆရာ/မ များ၊ သင်တန်းသူ/သားများနှင့် တာဝန်ရှိသူများတက်ရောက်ပြီး သင်တန်းအား မတ်လ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ (၄) ရက်ကြာ သင်တန်းသူ/သား စုစုပေါင်း (၃၅) ဦးအား စာတွေ့လက်တွေ့ သင်ကြားခဲ့ကြောင်း သတင်းရရှိသည်။

---

## ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများ၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ဧပြီလမှ ဖေဖော်ဝါရီလအထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၁,၀၃၈ | |
| ၂ | သစ်မာ | တန် | ၆၈၇ | |
| ၃ | အခြား | တန် | ၂,၄၈၂ | |
| | စုစုပေါင်း | | ၄,၂၀၇ | |
| ၄ | မီးသွေး | တန် | ၂,၁၄၄ | |
| ၅ | ကား | စီး | ၂၄၁ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၆ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၁၆ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ်/ နောက်တွဲ | စီး | ၄၃ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ ရေယာဉ် | စီး | ၂၁ | |
| | စုစုပေါင်း | | ၃၂၇ | စဉ် (၅) မှ (၉)၊ ယာဉ်/ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၅၉ | |





**သတင်းအရင်းအမြစ် – သစ်တောဦးစီးဌာန၊ စစ်ဆေးရေးဌာနခွဲ**

---

PDF Compressor Free Version

## ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ပြီးစီးမှု စာရင်းချုပ် (၁၉၉၅–၁၉၉၆ ဘဏ္ဍာနှစ်မှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အထိ)

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ကြိုးဝိုင်း/ ပြင်ကာကွယ်တော | | | ကြိုးပြင်တော | | | စုစုပေါင်း | အသုံးပြုသူများအဖွဲ့ | အဖွဲ့ဝင်ဦးရေ |
|---|---|---|---|---|---|---|---|---|---|---|
| | | စိုက်ခင်း | သဘာဝတောထိန်း | ပေါင်း | စိုက်ခင်း | သဘာဝတောထိန်း | ပေါင်း | | | |
| | | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဧက) | (ဖွဲ့) | (ဦးရေ) |
| ၁ | ကချင် | ၅၅၁၉၈.၈၆ | ၄၉၈၉၂.၇၃ | ၁၀၅၀၉၁.၅၉ | ၁၂၁၁.၀၀ | ၂၀၇၅.၉၀ | ၃၂၈၆.၉၀ | ၁၀၈၃၇၈.၄၉ | ၂၈၅ | ၁၁၄၉၅ |
| ၂ | ကယား | ၇၃၃၈.၈၉ | ၁၅၀၈.၆၀ | ၈၈၄၇.၄၉ | ၁၀၀.၀၀ | ၂၁၇၃.၁၅ | ၂၂၇၃.၁၅ | ၁၁၁၂၀.၆၄ | ၈၆ | ၃၅၈၅ |
| ၃ | ကရင် | ၂၄၈၀၆.၀၉ | ၆၃၃၅.၇၆ | ၃၁၁၄၁.၈၅ | ၉၀.၅၆ | ၅၅၁.၀၅ | ၆၄၁.၆၁ | ၃၁၇၈၃.၄၆ | ၁၆၈ | ၂၃၂၄ |
| ၄ | ချင်း | ၉၁၈၁.၈၅ | ၂၆၉၆.၅၀ | ၁၁၈၇၈.၃၅ | ၆၁၉.၀၀ | ၄၇၀၅.၉၀ | ၅၃၂၄.၉၀ | ၁၇၂၀၃.၂၅ | ၂၄၇ | ၃၃၈၁ |
| ၅ | စစ်ကိုင်း | ၂၀၃၉၄၉.၇၈ | ၂၂၆၄.၁၀ | ၂၀၆၂၁၃.၈၈ | ၁၆၅၅.၇၆ | ၂၀၀၄.၃၃ | ၃၆၆၀.၀၉ | ၂၀၉၈၇၃.၉၇ | ၂၀၉၂ | ၂၇၄၈၈ |
| ၆ | တနင်္သာရီ | ၈၅၃၅.၉၃ | ၃၄၆၅၆.၇၀ | ၄၃၁၉၂.၆၃ | ၂၃၅.၀၈ | ၄၆၀၄.၂၀ | ၄၈၃၉.၂၈ | ၄၈၀၃၁.၉၁ | ၁၁၁ | ၅၀၉၆ |
| ၇ | ပဲခူး | ၆၀၆၉၇.၆၇ | ၇၁၆၈၉.၆၇ | ၁၃၂၃၈၇.၃၄ | ၂၁.၀၀ | ၇၈.၅၀ | ၉၉.၅၀ | ၁၃၂၄၈၆.၈၄ | ၆၂၅ | ၁၃၂၉၀ |
| ၈ | မကွေး | ၁၇၄၈၂၀.၁၇ | ၂၆၄၉၁.၀၃ | ၂၀၁၃၁၁.၂၀ | ၃၅၁၈.၄၃ | ၅၀၂၁.၉၁ | ၈၅၄၀.၃၄ | ၂၀၉၈၅၁.၅၄ | ၁၁၀၂ | ၄၀၀၀၅ |
| ၉ | မန္တလေး | ၅၃၅၂၂.၁၃ | ၁၄၂၉.၀၇ | ၅၄၉၅၁.၂၀ | ၁၅၆၄.၉၅ | ၄၈၁.၅၃ | ၂၀၄၆.၄၈ | ၅၆၉၉၇.၆၈ | ၆၀၅ | ၁၈၄၉၅ |
| ၁၀ | မွန် | ၆၅၈.၅၀ | ၁၀၇၃.၇၈ | ၁၇၃၂.၂၈ | ၅၃၇.၉၈ | ၇၅၆.၉၅ | ၁၂၉၄.၉၃ | ၃၀၂၇.၂၁ | ၄၇ | ၈၇၆ |
| ၁၁ | ရခိုင် | ၁၀၉၀၉.၀၁ | ၁၄၇၃၀.၇၆ | ၂၅၆၃၉.၇၇ | ၇၂၅၈.၅၈ | ၇၀၆၄.၉၆ | ၁၄၃၂၃.၅၄ | ၃၉၉၆၃.၃၁ | ၄၆၂ | ၁၃၃၉၈ |
| ၁၂ | ရန်ကုန် | ၂၄၉၀.၈၇ | ၁၈၈၀.၂၇ | ၄၃၇၁.၁၄ | | | ၀.၀၀ | ၄၃၇၁.၁၄ | ၅၃ | ၂၁၃၁ |
| ၁၃ | ရှမ်း | ၁၀၁၂၀၉.၉၈ | ၄၈၁၄၂.၀၂ | ၁၄၉၃၅၂.၀၀ | ၉၉၀.၀၀ | ၅၂၄၁၅.၃၂ | ၅၃၄၀၅.၃၂ | ၂၀၂၇၅၇.၃၂ | ၁၂၀၃ | ၄၅၇၉၈ |
| ၁၄ | ဧရာဝတီ | ၃၁၃၆၆.၀၉ | ၅၅၅၃.၈၅ | ၃၆၉၁၉.၉၄ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၃၆၉၁၉.၉၄ | ၂၈၂ | ၆၃၉၀ |
| ၁၅ | နေပြည်တော် | ၁၄၁၆၃.၃၁ | ၃၈၉.၀၀ | ၁၄၅၅၂.၃၁ | ၀.၀၀ | ၀.၀၀ | ၀.၀၀ | ၁၄၅၅၂.၃၁ | ၅၀၇ | ၃၄၆၁ |
| | စုစုပေါင်း | ၇၅၈၈၄၉.၁၂ | ၂၆၈၇၃၃.၈၅ | ၁၀၂၇၅၈၂.၉၇ | ၁၇၈၀၂.၃၄ | ၈၁၉၃၃.၇၀ | ၉၉၇၃၆.၀၄ | ၁၁၂၇၃၁၉.၀၁ | ၇၈၇၅ | ၁၉၇၂၁၃ |

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ပြီးစီးမှု စာရင်းချုပ်

| တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၁-၂၂ | | ၂၀၂၂-၂၃ | | ၂၀၂၃-၂၄ | | ၂၀၂၄-၂၅ | | ၂၀၂၅-၂၆ | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ဧရိယာ (ဧက) | CF အဖွဲ့ | ဧရိယာ (ဧက) | CF အဖွဲ့ | ဧရိယာ (ဧက) | CF အဖွဲ့ | ဧရိယာ (ဧက) | CF အဖွဲ့ | ဧရိယာ (ဧက) | CF အဖွဲ့ | ဧရိယာ (ဧက) | CF အဖွဲ့ |
| ကချင် | | | ၁၁၀၉၂.၀၀ | ၃၀ | ၇၁၁၁.၀၀ | ၂၅ | ၄၄၀.၀၀ | ၂ | | | ၁၈၆၄၃.၀၀ | ၅၇ |
| ကယား | | | | | | | | | | | ၀.၀၀ | ၀ |
| ကရင် | | | ၆၃၀.၅၀ | ၂၅ | ၄၅၉.၂၂ | ၁၉ | | | | | ၁၀၈၉.၇၂ | ၄၄ |
| ချင်း | | | ၁၀၀.၀၀ | ၁ | | | | | | | ၁၀၀.၀၀ | ၁ |
| စစ်ကိုင်း | ၆၃၉၁.၆၆ | ၁၂ | | | ၃၅.၀၀ | ၂ | | | | | ၆၄၂၆.၆၆ | ၁၄ |
| တနင်္သာရီ | ၃၅၆၃.၀၀ | ၅ | ၄၇၁.၀၀ | ၃ | ၃၈၀.၀၀ | ၁ | | | | | ၄၄၁၄.၀၀ | ၉ |
| ပဲခူး | ၃၁၇၉.၄၅ | ၁၇ | ၃၃၇၆.၆၀ | ၁၄ | ၁၉၀၇.၇၃ | ၁၈ | ၃၈၆.၀၀ | ၃ | | | ၈၈၄၉.၇၈ | ၅၂ |
| မကွေး | | | ၁၀၁၆၇.၂၇ | ၃၃ | ၉၉၇၆.၁၆ | ၂၃ | ၉၁၅၆.၇၁ | ၂၁ | ၈၇၃၉.၄၅ | ၁၆ | ၃၈၀၃၉.၅၉ | ၉၃ |
| မန္တလေး | ၃၅၀၃.၁၆ | ၃၁ | ၃၁၁၀.၁၄ | ၂၈ | ၁၁၉၈.၄၀ | ၁၀ | ၁၃၃၃.၄၇ | ၁၀ | ၁၅၁၈.၁၆ | ၁၃ | ၁၀၆၆၃.၃၃ | ၉၂ |
| မွန် | | | ၂၅၀.၀၀ | ၄ | ၁၀၀.၀၀ | ၂ | | | | | ၃၅၀.၀၀ | ၆ |
| ရခိုင် | ၁၅.၀၀ | ၁ | ၂၁၃.၇၅ | ၆ | ၄၇၆.၀၀ | ၄ | | | | | ၇၀၄.၇၅ | ၁၁ |
| ရန်ကုန် | | | ၃၀၀.၀၀ | ၅ | ၃၃၀.၄၀ | ၃ | | | | | ၆၃၀.၄၀ | ၈ |
| ရှမ်း | ၄၁၇၉.၉၀ | ၂၆ | ၄၅၇၁.၅၁ | ၂၈ | ၅၅၀၈.၆၁ | ၆၃ | ၂၇၈၈.၉၆ | ၂၉ | ၄၄၆၆.၉၀ | ၄၂ | ၂၁၅၁၅.၈၈ | ၁၈၈ |
| ဧရာဝတီ | ၁၇၂.၀၀ | ၄ | ၂၉၉၇.၀၀ | ၁၉ | ၈၄၀.၅၈ | ၁၅ | ၅၀၀.၀၀ | ၃ | ၂၂၃.၀၀ | ၃ | ၄၇၃၂.၅၈ | ၄၄ |
| နေပြည်တော် | ၂၀၆.၅၀ | ၉ | ၁၁၁၁.၄၆ | ၄၂ | ၁၀၀၉.၅၀ | ၅၂ | ၆၀၅.၅၀ | ၂၄ | | | ၂၉၃၂.၉၆ | ၁၂၇ |
| **စုစုပေါင်း** | ၂၁၂၁၀.၆၇ | ၁၀၅ | ၃၈၃၉၁.၂၃ | ၂၃၈ | ၂၉၃၃၂.၆၀ | ၂၃၇ | ၁၅၂၁၀.၆၄ | ၉၂ | ၁၄၉၄၇.၅၁ | ၇၄ | ၁၁၉၀၉၂.၆၆ | ၇၄၆ |

သတင်းအရင်းအမြစ် – CF Unit

PDF Compressor Free Version



# မြန်မာ့သစ်တောမြေထိန်းသိမ်းကာကွယ်ရေး (၁) မြေဆီလွှာအခြေခံသဘောတရားနှင့် သစ်တောမြေ အမျိုးအစားများ

ဦးစိန်သက်– ညွှန်ကြားရေးမှူး (ငြိမ်း)

လူသားတို့သည် များသောအားဖြင့် သဘာဝ အလျောက်ဖြစ်ပျက်နေသော အကြောင်းအရာများကို သတိမမူဘဲ အမှုမဲ့အမှတ်မဲ့နေလေ့ရှိကြပါသည်။ မြေဆီလွှာကို မိမိတို့နှင့်အစဉ်ထိတွေ့နေရသော်လည်း မြေဆီလွှာ မည်ကဲ့သို့ဖြစ်ပျက်ပြောင်းလဲပြီး မည်သို့သောအခြေခံဂုဏ်သတ္တိများ ရှိသည်။ မြေဆီလွှာများတစ်နေရာနှင့်တစ်နေရာ မည်သည့်အကြောင်းကြောင့် မတူရသည်ကို အသေးစိတ်မသိရှိကြပါ။ စိုက်ပျိုးရေးလုပ်ကိုင်နိုင်သော မြေဆီလွှာဖြစ်ပေါ်စေရန်အတွက် နှစ်ပေါင်းများစွာကြာရှိပါသည်။ ကျောက်ဆောင်ကျောက်ခဲကြီးများမှနေ၍ တဖြည်းဖြည်းကြေကွဲပျက်ပြုန်းကာ မြေဆိုင်မြေမှုန်ကလေးများဖြစ်လာပြီး၊ ၎င်းမြေစိုင်မြေမှုန်ကလေးများအတွင်း သီးနှံပင်များအတွက် လိုအပ်သောအာဟာရဓါတ်များသည် ပျော်ဝင်နိုင်သော အသွင်ပုံသဏ္ဍာန်ဖြင့် လည်းကောင်း၊ မပျော်ဝင်နိုင်သောအသွင်ဖြင့်လည်းကောင်း၊ အမျိုးမျိုးတည်ရှိနေတတ်ပါသည်၊ လူတို့အတွက် အရေးအကြီးဆုံးမှာ စားဝတ်နေရေးပင်ဖြစ်ပါသည်။ စားဝတ်နေရေးသင့်တင့်လျောက်ပတ်မှုအတွက် လူတိုင်းကြိုးစားအားထုတ်နေကြရသည်။ စားဝတ်နေရေး၏အခြေခံမှာ မြေသားပထဝီပင်ဖြစ်သည်။ အစားအစာရရှိဖို့အတွက်နှင့် အဝတ်အထည်ရရှိဖို့အတွက် အပင်များကို မြေဆီလွှာမှစိုက်ပျိုးရယူပြီး၊ နေထိုင်ရေးအတွက် သစ်ဝါးများမှာ မြေဆီလွှာမှာပင်ပေါက်ရောက်မှုရှိကြောင်းတွေ့ရပေသည်။ ထို့ကြောင့် မြေဆီလွှာသည် သီးနှံသစ်ပင်များပေါက်ရောက်ရာ သဘာဝအင်အားစုကြီးဖြစ်၍ လူတို့၏စားဝတ်နေရေး အဆင့်အတန်းအနိမ့်အမြင့်သည်ပင်လျှင် မြေဆီလွှာ၏ အခြေအနေ၊ အရည်အသွေးနှင့် အသုံးချမှုပေါ်တွင်မှီနေကြောင်းတွေ့ရှိရပါသည်။ ကမ္ဘာ့အပေါ်ယံမြေဆီလွှာကို တည်ဆောက်ထားသော အမိကျောက်များမှာ မီးသင့်ကျောက်များ (Igneous Rocks)၊ အနည်ကျကျောက်များ (Sedimentary Rocks) နှင့် အသွင်ပြောင်းကျောက်များ (Metamorphic Rock) ဖြစ်၍ မူလဇီဇအားဖြင့် ကွဲပြားခြားနားကြပါသည်။ မီးသင့်ကျောက်များသည် အလွန်မာကျောသောကျောက်များဖြစ်ကြသည်။ ကျောက်ရည်ပူများမြေမျက်နှာပြင်အပေါ်သို့ ထိုးထွက်ပေါက်ကွဲပြီး၊ ကျောက်စိုင်ကျောက်ခဲများဖြစ်ပေါ်လာခြင်းကို အပြင်ခဲမီးသင့်ကျောက်ဟုခေါ်၍ ပူလောင်လျက်ရှိသော ကျောက်ရည်ပူများသည် တဖြည်းဖြည်းအပူရှိန်လျော့ပြီး မြေမျက်နှာပြင်သို့ ထိုးဖောက်ထွက်ပေါ်မလာဘဲ၊ မြေမျက်နှာပြင်အောက်တွင်သာ တဖြည်းဖြည်း အစိုင်အခဲတည်ရှိ၍ ဖြစ်ပေါ်လာသောကျောက်များကို အတွင်းမီးသင့်ခဲကျောက်ဟုခေါ်တွင်သည်။ ယခင်တည်ရှိပြီးသောကျောက်များသည် အပူအအေးမမျှတမှုနှင့် ရေ၊ လေ၊ တိုက်စားမှုတို့ကြောင့် ပျက်စီးပြုန်းတီးမျောပါ၍ ကျောက်စကျောက်နများ အလွှာလိုက် ပြန်လည်စုပေါင်းအနည်ထိုင်ကာ တစ်ထပ်ပြီးတစ်ထပ် ဆင့်ကဲအားဖြင့် ဖိနှိပ်အားကြောင့် ပြန်လည်ဖြစ်ပေါ်လာသော ကျောက်ခဲ–ကျောက်စိုင်များကို အနည်ကျကျောက်ဟုခေါ်ကြသည်။ မူလတည်ရှိပြီးသော မီးသင့်ကျောက်များ၊ အနည်ကျကျောက်များသည် အပူရှိန်နှင့် ဖိအားပြောင်းလဲခြင်းအားဖြင့် အဆင့်ဆင့်ဖြစ်ပေါ်လာသော ကျောက်များကို အသွင်ပြောင်းကျောက်ဟုခေါ်တွင်ကြသည်။ ကျောက်ဆောင်ကျောက်ခဲများမှ မြေဆီလွှာဖြစ်ပေါ်စေရန် ပြုပြင်ပြောင်းလဲပေးသော သဘာဝအင်အားစုများမှာ –

**(က) ရုပ်သဘာဝအားဖြင့် ပြောင်းလဲခြင်း (Physical Weathering)**

အပူရှိန်အားဖြင့်၊ ရေအားဖြင့်၊ လေအားဖြင့်၊ ကျောက်ဆောင်ကျောက်ခဲများ ကွဲအက်စေခြင်း၊ အစအန

ဖြစ်စေခြင်းနှင့် အစိုင်အခဲအစအနများမှ အလွန်မှုန်သော အရာဝတ္ထုများအဖြစ်သို့ပြောင်းလဲစေခြင်းတို့ဖြစ်သည်။

PDF Compressor Free Version

**(ခ) ဓါတ်သဘာဝအားဖြင့် ပြောင်းလဲခြင်း (Chemical Weathering)**

ကျောက်ဆောင်ကျောက်ခဲအတွင်းရှိ ဓါတ်သတ္တု၊ ဓါတ်စင်တို့သည် တစ်ခုနှင့်တစ်ခု ဓါတ်တိုးခြင်း (Oxidation)၊ ဓါတ်လျော့ခြင်း (Reduction)၊ ရေထိုးခြင်း (Hydration) စသောဓါတ်ပြုစေခြင်း အကြောင်းများကြောင့် ပြောင်းလဲစေခြင်းဖြစ်သည်။

**(ဂ) သက်ရှိအားဖြင့် ပြောင်းလဲခြင်း (Biological Weathering)**

သက်ရှိအားဖြင့် ပြောင်းလဲခြင်းကြောင့် ရုပ်သဘာဝရော၊ ဓါတ်သဘာဝပါ ပြောင်းလဲစေကြောင်းတွေ့ရှိနိုင်သည်။ သစ်ပင်သီးနှံ၊ အပင်တို့၏ အမြစ်များကြောင့် ကျောက်တုံးကျောက်ခဲများ ကြေကွဲပြောင်းလဲစေခြင်းနှင့် မြေပေါ်မြေအောက်တိရစ္ဆာန်များ၊ ပိုးမွှားများကြောင့် ပြောင်းလဲမှုများဖြစ်ပေါ်စေသည်။ ရုပ်အားဖြင့်လည်းကောင်း၊ ဓါတ်အားဖြင့် လည်းကောင်း၊ သက်ရှိအားဖြင့် လည်းကောင်း၊ ပြောင်းလဲခြင်းများသည် တစ်ခုပြီးတစ်ခု အစဉ်လိုက် ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ တစ်ပြိုင်နက်သော် လည်းကောင်း၊ တစ်ခုစီသော် လည်းကောင်း နှစ်ပေါင်းများစွာပြောင်းလဲပြီးမှ မြေဆီလွှာဘဝသို့ ရောက်ရှိလာခြင်းဖြစ်ပေသည်။

မြန်မာနိုင်ငံတွင် နိုင်ငံအကျယ်အဝန်းဧရိယာစုစုပေါင်း၏ (၄၃.၇၆) ရာခိုင်နှုန်းခန့်သည် သစ်တောဧရိယာဖြစ်၍ ၎င်းတို့သည် ရာသီဥတု၊ မိုးရေချိန် နှင့် ပင်လယ်ပြင်မှ အနိမ့်အမြင့်ပေါ်တွင်မူတည်၍၊ သစ်ပင်မျိုးစုံ ကွဲပြားပေါက်ရောက်သော သစ်တောအမျိုးမျိုးဖြစ်ပေါ်လျက်ရှိပါသည်။ သစ်တောအမျိုးအစားများနှင့် ပေါက်ရောက်သော သစ်တောသစ်ပင်များသည် သစ်တောမြေတို့၏ ဂုဏ်သတ္တိများဖြစ်ပေါ်စေရာတွင် အခြေခံအကြောင်းရင်း တစ်ခုဖြစ်၍ သစ်တောမြေတို့၏ မြေဩဇာနှင့်အခြေအနေတို့က သစ်တောအမျိုးမျိုး ကွဲပြားခြားနားဖြစ်ပေါ်ရာတွင် အပြန်အလှန်အနေဖြင့် အထောက်အကူပြုနေပါသည်။ မြန်မာနိုင်ငံတွင် ကွဲပြားခြားနားလျက်ရှိသော သစ်တောအမျိုးအစားများ၊ မြေဆီလွှာဖြစ်ပေါ်စေရာ အမိကျောက်များနှင့်ဘဝဖြစ်စဉ်များကိုအခြေခံ၍ သစ်တောမြေအမျိုးမျိုး ကွဲပြားခြားနားဖြစ်ပေါ်လျက်ရှိပါသည်။ ဤကဲ့သို့ ကွဲပြားခြားနားဖြစ်ပေါ်လျက်ရှိရာ အရောင်အဆင်းနှင့် ဂုဏ်သတ္တိများကိုအခြေခံ၍ သစ်တောအမျိုးမျိုးနှင့် ဆက်သွယ်လျက်ရှိသော သစ်တောမြေများကို အကြမ်းအားဖြင့် အောက်ပါအတိုင်း (၁၀)မျိုးခွဲခြားနိုင်ပါသည်။

(က) ဒီရေတောမြေ

ရေဝတီမြစ်ဝှမ်းနှင့် ကမ်းမြောင်ဒေသများရှိ ဒီရေအတက်အကျရှိနေသောနေရာများ၌ ဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရပါသည်။

(ခ) ဂဝံမြေ

ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်း၊ အမြဲစိမ်းသစ်တောများတည်ရှိရာ အမိဂဝံကျောက်မှ ဖြစ်ပေါ်လာသောမြေများဖြစ်ကြောင်း တွေ့ရပါသည်။

(ဂ) နီညိုတောမြေ

မြန်မာပြည်အနှံ့အပြား ရွက်ပြတ်ရောနှောသောတောများ၌ မိုးရေချိန်ပိုမိုရ၍ ပိုမိုစိုစွတ်သောနေရာများ၌ တွေ့ရှိရပါသည်။ ၎င်းနီညိုသစ်တောမြေသည် ဂဝံမြေနှင့် ဝါညိုသစ်တောမြေတို့အကြား မြေအမျိုးမျိုးဖြစ်ပါသည်။

(ဃ) ဝါညိုတောမြေ

မြန်မာပြည်အနှံ့အပြား ရွက်ပြတ်ရောနှောသောတောအသင့်အတင့်ရ၍ ခြောက်သွေ့သောနေရာများ၌ တွေ့ရှိရပါသည်။

(င) အပူပိုင်းခြောက်သွေ့သော နီညိုနှင့်ဝါညိုသစ်တောမြေများ

မြန်မာပြည်အလယ်ပိုင်း အပူပိုင်းဒေသခြောက်သွေ့သော တောများနှင့်ဆက်နွယ်၍ ပေါ်ပေါက်နေသော သစ်တောမြေများဖြစ်ပါသည်။

(စ) မြေနီစေးနှင့် မြေဝါစေးများ

ရှမ်းကုန်းပြင်မြင့်ဒေသများ၌ မြေမျက်နှာပြင်မြင့်မားသောဒေသများတွင် တောင်ပေါ်တောစိမ်းနှင့် ထင်းရှူးတောများ ပေါက်ရောက်ရာဒေသများ၌ တွေ့ရှိရပါသည်။

(ဆ) တောင်ပေါ်နီညိုသစ်တောမြေ

ရှမ်းကုန်းပြင်မြင့် တောင်ပေါ်တောခြောက်နှင့် ကုန်းမြင့်တောင်ပေါ်တောင်တန်း ရွက်ပြတ်ရောနှောသောတောများ ပေါက်ရောက်ရာဒေသများ၌ အများဆုံးတွေ့ရပါသည်။

(ဇ) ချင်းတောင်တန်းသစ်တောမြေ

ချင်းတောင်တန်းဒေသများတွင်တွေ့ရသော သီးခြားကွဲပြားနေသည့် သစ်တောမြေများဖြစ်ပါသည်။

(ဈ) မြောက်ဘက်တောင်တန်းသစ်တောမြေ

ကချင်ပြည်နယ်မြောက်ဘက်တောင်တန်းဒေသတွင်တွေ့ရှိသော သီးခြားသစ်တောမြေများဖြစ်ပါသည်။

(ည) နုန်းတင်မြေနှင့်နုန်းမြေများ

မြန်မာပြည်မြစ်ဝှမ်းဒေသအနိမ့်ပိုင်းများ၌ တွေ့ရသောမြေမျိုးဖြစ်၍ စိုက်ပျိုးမြေအများဆုံးပါဝင်သည်။

• • • • • • • • • • • • • • • • • • • • • • •

# သက်ရှိလောက ရေသာ ပဓာန
# တန်ဖိုးသိပါ ထိန်းသိမ်းပါ၊ မျှတစွာ သုံးစွဲပါ။

PDF Compressor Free Version




ဒေါက်တာသောင်းနိုင်ဦး

ယနေ့ကမ္ဘာကြီးတွင် လူသားများ၏ ဘဝ၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်မှုအားလုံးသည် ရေသယံဇာတအပေါ် အလွန်အမင်းမူတည်နေပါသည်။ ရေ၏တန်ဖိုးမှာ လူ့အသက်ကဲ့သို့ပင် အဖိုးတန်လှသည်။ ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနှစ်ရက်၊ သက်ရှိလောက ရေသာပဓာန ဟူသော ဆောင်ပုဒ်များမှာ သက်ရှိများရှင်သန်ရပ်တည်ရေးတွင် ရေ၏အရေးပါမှုကို မီးမောင်းထိုးပြနေသည်။ ရေကိုထိန်းသိမ်းကာကွယ်ခြင်းသည် သက်ရှိလောက၏အနာဂတ်ကို ကာကွယ်ခြင်းဖြစ်ပါသည်။

၁၉၉၂ခုနှစ်တွင် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၌ ကျင်းပခဲ့သော United Nations Conference on Environment and Development (UNCED) တွင် ရေအရင်းအမြစ်စီမံခန့်ခွဲမှုနှင့် ရေရှားပါးမှုပြဿနာများကို အရေးကြီးအချက်အလက်အဖြစ် ဆွေးနွေးခဲ့ကြပါသည်။ ယင်းဆွေးနွေးမှုများအပေါ်အခြေခံ၍ ၁၉၉၃ ခုနှစ်တွင် **United Nations General Assembly** သည် မတ်လ ၂၂ ရက်ကို **ကမ္ဘာ့ရေများနေ့**အဖြစ် တရားဝင်ကြေညာခဲ့ပါသည်။ အဓိက ရည်ရွယ်ချက်မှာ သန့်ရှင်းသောက်သုံးရေ၏ အရေးပါမှုကို လူထုအသိပညာမြှင့်တင်ရန်၊ ရေရှားပါးမှု၊ ရေအရည်အသွေးကျဆင်းမှု၊ ရေမညီမျှအသုံးချမှု စသည့် ပြဿနာများကို ကမ္ဘာလုံးဆိုင်ရာ အာရုံစိုက်မှုရရှိစေရန်နှင့် လူတိုင်းအတွက် ရေသုံးစွဲခွင့် (Water for All) ရရှိရေးကို အားပေးမြှင့်တင်ရန် ဖြစ်သည်။ ကမ္ဘာ့ရေများနေ့သည် ရေကို သဘာဝအရင်းအမြစ်တစ်ခုအဖြစ် သာမက လူ့အသက်ရှင်သန်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတို့၏ အခြေခံအုတ်မြစ်အဖြစ် သဘောထားစေလိုသည့် ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် နှစ်စဉ်မတ်လ ( ၂၂ ) ရက်နေ့ကို ကမ္ဘာတစ်ဝန်းလုံးတွင် ကမ္ဘာ့ရေနေ့ (World Water Day) အဖြစ် သတ်မှတ်ထားပြီး အထိမ်းအမှတ်ပြုကျင်းပလျက်ရှိသည်။

ယခုနှစ် ကမ္ဘာ့ရေနေ့အတွက် အဓိကဆောင်ပုဒ်မှာ **“ရေနှင့် ကျား၊ မ တန်းတူရှိမှု” (Water and Gender)** ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေနေ့သည် ရေကိုထိန်းသိမ်းကာကွယ်ခြင်း၊ တာဝန်ယူသုံးစွဲခြင်းနှင့် မျှဝေခြင်းကို အဓိက အလေးထားသင့်သော အချိန်ကာလဖြစ်ကြောင်း မီးမောင်းထိုးပြထားပါသည်။ ရေရရှိခွင့်၊ ရေစီမံခန့်ခွဲမှုနှင့် သန့်ရှင်းရေး ဝန်ဆောင်မှုများသည် အမျိုးသမီးများနှင့် မိန်းကလေးများ၏ ဘဝအရည်အသွေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိသည်ကို ဖော်ပြခြင်း၊ ရေမလုံလောက်ခြင်းကြောင့် အချိန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရသည့် အမျိုးသမီးများ၏ အခြေအနေကိုသတိပေးခြင်းနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲမှုတွင် အမျိုးသမီးများ၏ ဆုံးဖြတ်ချက်ချမှတ်ခွင့် ပူးပေါင်းပါဝင်ခွင့်နည်းပါးခြင်း၊ မရှိခြင်းသည် တန်းတူညီမျှမှုမရှိခြင်းကို ဆက်လက်ဖြစ်ပေါ်စေကြောင်း မီးမောင်းထိုးပြထားပါသည်။




## ရေသယံဇာတ

ရေသည် လူသားအသက်ရှင်မှုအတွက် မဖြစ်မနေလိုအပ်သည့် သဘာဝအရင်းအမြစ်ဖြစ်ပြီး၊ သောက်သုံးရေနှင့် သန့်ရှင်းရေး၊ စိုက်ပျိုးရေးနှင့် အစာအဟာရလုံခြုံရေး၊ စက်မှုလုပ်ငန်းများနှင့် စွမ်းအင်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးတို့တွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

PDF Compressor Free Version

ရေအရင်းအမြစ်များ၊ ရေဝေရေလဲဒေသသစ်တောများနှင့် ရေချိုများသည် လူနှင့်တိရစ္ဆာန်များ၊ အပင်များ ရှင်သန်ရေးအတွက် မရှိမဖြစ်အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်သည်။ ရေသည်သက်ရှိများအတွက် မဖြစ်မနေ လိုအပ်သော်လည်း၊ ရေအားလုံးသည် တူညီစွာအသုံးချနိုင်ခြင်းမရှိပါ။ ကမ္ဘာပေါ်ရှိ ရေများအားလုံးအနက် ၂.၅ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းခန့်မျှသာ ရေချို (freshwater) ဖြစ်ပြီး အဆိုပါ ရေချိုအများစု (ခန့်မှန်းအားဖြင့် ၆၈ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း) သည် ရေခဲတောင်များ (glaciers/ice caps)နှင့် မြေအောက်အနက်ပိုင်းတွင် စုစည်းလျက်ရှိပါသည်။ ကမ္ဘာပေါ်ရှိရေအားလုံး၏ ၉၇.၅ ရာခိုင်နှုန်းခန့်သည် ဆားငန်ရေများ၊ ညစ်ညမ်းမှုရှိသောရေများ၊ အသုံးပြုရန် အန္တရာယ်ရှိသောရေများ ဖြစ်ပါသည်။ လူသားများ အသုံးပြုနိုင်ရန် လွယ်ကူစွာ ရနိုင်သည့် ရေချိုသည် ကန်များ၊ မြစ်များ၊ ချောင်းများနှင့် မြေအောက်ရေအပေါ်ယံပိုင်းတို့တွင်သာရှိပြီး ရေချိုပမာဏစုစုပေါင်း၏ ၁ ရာခိုင်နှုန်းထက်နည်းပါသည်။ သို့သော်လည်း ထိုရေ



အရင်းအမြစ်များသည် လူသားများအတွက် အဓိက အသုံးပြုနေသော ရေအရင်းအမြစ်များ ဖြစ်ပါသည်။

ယနေ့ကာလတွင် ကမ္ဘာလူဦးရေ ၂ ဘီလီယံကျော်သည် ရေအရင်းအမြစ်အကန့်အသတ်နှင့်ရှိသော၊ ရေရှားပါးသောနိုင်ငံများတွင်နေထိုင်လျက်ရှိပြီး လူဦးရေ ၂.၂ ဘီလီယံခန့်သည် လုံခြုံစိတ်ချရစွာ စီမံခန့်ခွဲထားသော သောက်သုံးရေ (safely managed drinking water) ကို သုံးစွဲနိုင်မှု မရှိသေးကြောင်းသိရပါသည် https:// www.unesco.org/ reports/ wwdr/en/2024/s)။

**မြေပေါ်ရေနှင့်မြေအောက်ရေ**

မြေပေါ်ရေ (Surface Water) သည် သဘာဝအတိုင်း လေထုနှင့်ထိတွေ့နိုင်သော ရေအားလုံးဖြစ်သည်။ ဥပမာ မြစ်များ၊ ချောင်းများ၊ ကန်များ၊ အင်းများ၊ အိုင်များ၊ ရေဝပ်ဒေသများ၊ ပင်လယ်သမုဒ္ဒရာများရှိ ရေများဖြစ်ပြီး လွယ်ကူစွာရယူနိုင်သော်လည်း ရေထုညစ်ညမ်းမှုနှင့် အငွေ့ပျံမှုများ (evaporation) အပေါ် အလွယ်တကူ ဖြစ်စေနိုင်သည်။ မြေပေါ်ရေသည် ရေနေသတ္တဝါများ၏နေရင်းဒေသများ၊ ဂေဟစနစ်များကို ထောက်ပံ့ပေးသကဲ့သို့ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး သောက်သုံးရေ၊ သယ်ယူပို့ဆောင်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေသွင်းစိုက်ပျိုးရေးစနစ်နှင့် ရေအားလျှပ်စစ်(hydropower) ထုတ်လုပ်မှုအတွက်လည်း အရေးကြီးသော အရင်းအမြစ်ဖြစ်ပါသည်။ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် ရေချိုထုတ်ယူမှုအသုံးပြုမှု၏ ၇၀ ရာခိုင်နှုန်းခန့်ကို စိုက်ပျိုးရေးကဏ္ဍကအသုံးပြုလျက်ရှိပြီး ၂၀ ရာခိုင်နှုန်းခန့်ကို စက်မှုလုပ်ငန်းကဏ္ဍကလည်းကောင်း၊ ၁၂ ရာခိုင်နှုန်းခန့်ကို အိမ်သုံး/ မြို့ပြသုံး (domestic or municipal) အဖြစ်လည်းကောင်း အသုံးပြုကြပါသည်။

မြေအောက်ရေသည် မြေထဲသို့စိမ့်ဝင်နေကာ ကျောက်တုံးများနှင့် မြေများအကြား ဝင်ရောက်စုစည်းနိုအောင်းနေပြီး ရေသိုလှောင်ကန်များ (aquifers) အဖြစ်ရှိသည့်ရေဖြစ်သည်။ သဘာဝအတိုင်း စစ်ထုတ်နိုင်မှုစွမ်းအားကြောင့် ပိုမိုသန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်သော်လည်း မြေအောက်တွင် စုစည်းနေသည့်အတွက် အသုံးပြုရန် အလွယ်တကူထုတ်ယူနိုင်မှုမရှိချေ။ သို့သော် မြေအောက်ရေသည် ကမ္ဘာလုံးဆိုင်ရာ အစားအစာလုံခြုံရေး၊ စီးပွားရေးလှုပ်ရှားမှုများနှင့် ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းရန်အတွက် အရေးပါမှုတိုးလာနေသောအရင်းအမြစ်တစ်ခု ဖြစ်ပါသည်။ မြေအောက်ရေသည် ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုသည့်ရေအားလုံး၏ ၂၅ ရာခိုင်နှုန်းခန့်ကိုပံ့ပိုးပေးပြီး၊ အိမ်သုံးအတွက် ထုတ်ယူအသုံးပြုသော ရေချိုအားလုံး၏ ၅၀ ရာခိုင်နှုန်းတစ်ဝက်ခန့်ကိုလည်း မြေအောက်ရေမှ ပံ့ပိုးပေးလျက်ရှိပါသည်။

မြေပေါ်ရေ (surface water) နှင့် မြေအောက်ရေ (groundwater) တို့သည် တစ်ခုတည်းသော ရေလည်ပတ်မှုစနစ် (hydrological cycle) အတွင်းပါဝင်နေကြပြီး မြေပေါ်ရေသည် မြေအောက်ရေသိုလှောင်ကန်များ (aquifers) ကို ပြန်လည်ဖြည့်တင်းပေးသလို၊ မြေအောက်ရေကလည်း မြစ်များ၊ စမ်းချောင်းများကို ပြန်လည်ထောက်ပံ့ပေးခြင်းဖြင့် အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ ရေအမျိုးအစားတစ်ခုကို အလွန်အကျွံစုပ်ထုတ်အသုံးပြုပါက အခြားတစ်ခုကလည်း လျင်မြန်စွာ လျော့နည်းသွားစေမည်ဖြစ်သဖြင့် မြေပေါ်ရေနှင့်မြေအောက်ရေနှစ်မျိုးလုံးကို ရေရှည်တည်တံ့စေရန် စနစ်တကျစီမံခန့်ခွဲရန် အလွန်လိုအပ်ပါသည်။

**မြန်မာ့ရေသယံဇာတများ**

PDF Compressor Free Version

မိမိတို့မြန်မာနိုင်ငံသည် ရေအရင်းအမြစ်ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်နှင့် စစ်တောင်းမြစ်ဟူသည့် အဓိကမြစ်ကြီးလေးစင်း၊ မြစ်လက်တက်များနှင့် မြစ်ချောင်းများစွာတို့ ဒေသအနှံ့အပြားတွင် စီးဆင်းလျက်ရှိပါသည်။ တနင်္သာရီမြစ်၊ လေးမြို့မြစ်၊ ကုလားတန်မြစ်၊ မြစ်မခမြစ်၊ ဘီးလင်းမြစ်တို့သည် ရေစီးရေလာကောင်းသော မြစ်ကြီးများဖြစ်သကဲ့သို့ အဆိုပါမြစ်များသို့ စီးဝင်နေသော ရေစီးရေလာကောင်းသော မြစ်လက်တက်များ၊ ချောင်းများစွာလည်း နိုင်ငံအနှံ့အပြားတွင် စီးဆင်းလျက်ရှိသည်။ နိုင်ငံ၏ပြန်လည်ပြည့်ဖြိုးမြဲ ရေချိုစီးဆင်းမှုသည် နှစ်စဉ်ကုဗကီလိုမီတာ ၁၁၆၈ (ဂါလန်သန်း ပေါင်း ၂၅၄ သန်း)ခန့် ထုထည်ပမာဏ ပိုင်ဆိုင်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲမြေအောက်ရေသည် ကုဗကီလို မီတာပေါင်း ၄၉၂ (ဂါလန်သန်းပေါင်း ၁၀၈ သန်း)ခန့် ရှိသည်။ မြေပေါ်နှင့်မြေအောက်ရေ (၂)မျိုးပေါင်း နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲရေပမာဏသည် ကုဗကီလိုမီတာပေါင်း ၁၆၆၀ (ဂါလန်သန်းပေါင်း ၃၄၅ သန်း)ခန့်ထိ ပမာဏ ကြီးမားစွာရှိနေသည်။ အဆိုပါ ကိန်းဂဏန်းအရ မြန်မာနိုင်ငံတွင် ပြည်သူတစ်ဦးချင်းစီ၏ မြေပေါ်မြေအောက်နှစ်ရပ်ပေါင်း နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲ ရေချိုပိုင်ဆိုင်မှု ပမာဏမှာ ကုဗကီလိုမီတာ ၃၁,၉၀၀ (ဂါလန် ၇ သန်း)ခန့် ပိုင်ဆိုင်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် နှစ်စဉ်စီးဆင်းနေသောရေချိုပမာဏသည် တစ်ကမ္ဘာလုံး၏ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ အာရှတိုက်တစ်တိုက်လုံး၏ ၈ ဒသမ ၈ ရာခိုင်နှုန်း၊ အရှေ့တောင်အာရှ၏ ၁၆ ဒသမ ၇ ရာခိုင်နှုန်းရှိသည် (မော်သာထွေး၊ ၂၀၂၁)။ ကောင်းမွန်သာယာမျှတသော ရာသီဥတုနှင့် ပေါကြွယ်ဝသောရေသယံဇာတအရင်းအမြစ်များသည် နိုင်ငံကိုအကျိုးပြုလျက်ရှိပါသည်။ သို့သော် လူဦးရေတိုးလာခြင်းနှင့် စီးပွားရေးလုပ်ငန်းများအတွက် ရေလိုအပ်ချက်များတိုးလာခြင်းကြောင့် **မြေပေါ်ရေအသုံးချမှုနှင့် မြေအောက်ရေထုတ်ယူမှု**များ ပိုမိုမြင့်မားလာနေသဖြင့် နိုင်ငံ၏အနာဂတ်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် **မြေပေါ်ရေနှင့် မြေအောက်ရေ စနစ်တကျ ထိန်းချုပ်စီမံရန်၊ ရေဖြန့်ဝေမှုမညီမျှခြင်း**ကို စနစ်တကျစီမံခန့်ခွဲနိုင်ရန်နှင့်ရေအခြေခံအဆောက်အအုံများကို တိုးတက်ကောင်းမွန်စေရန် အလွန်အရေးကြီးပါသည်။ https://myanmarwaterportal.com

နိုင်ငံ၏ရေအရင်းအမြစ်များနှင့် ရေသယံဇာတ



ကြွယ်ဝပေါများသည်ဟုဆိုသော်လည်း နိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသ၊ မိုးနည်းရေရှားရပ်ဝန်း၌သာမက တချို့သောနေရာဒေသများတွင် ရေချို၊ ရေကောင်း၊ ရေသန့်ရှားပါးခြင်း၊ ပူပြင်းခြောက်သွေ့သော နွေရာသီကာလများတွင် နှစ်စဉ်ရေလိုအပ်မှုမြင့်မားခြင်းနှင့် ရေနှင့်ပတ်သက်သော အခက်အခဲများ ရင်ဆိုင်ခြင်းများကိုလည်း ကြုံတွေ့ရလျက်ရှိပါသည်။ မိုးခေါင်မှုနှင့် အပူချိန်အလွန်ပြင်းထန်မှုသည် ရာသီဥတုပြောင်းလဲမှုကြောင့် ပိုမိုကျယ်ပြန့်လာလျက်ရှိသည်။ နွေရာသီသို့ရောက်ရှိပြီး အပူချိန်မြင့်မားလာသည်နှင့်အမျှ ပူပြင်းခြောက်သွေ့ပြီး မြစ်ချောင်းများတွင်ရေနည်းကာ ရေတွင်းရေကန်တို့ ရေခန်းခြောက်လာ၊ ရေနည်းပါးလာသည်။ အကျိုးဆက်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် ကုန်ထုတ်လုပ်ငန်းများအပါအဝင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် ကဏ္ဍအသီးသီးအပေါ်တွင် ဆိုးကျိုးသက်ရောက်မှုများစွာ ဖြစ်ပေါ်စေပါသည်။ ထို့ကြောင့် ရေသယံဇာတစီမံခန့်ခွဲမှုကို ရှုထောင့်စုံမှ ရှုမြင်သုံးသပ်ပြီး ရေရှည်တည်တံ့စေသော ဘက်စုံကဏ္ဍစုံပါဝင်သည့် ရေစီမံခန့်ခွဲမှုစနစ်တစ်ရပ် ရေးဆွဲအကောင်အထည် ဖော်ကြရမည်ဖြစ်ပါသည်။

**ရေသယံဇာတဆိုင်ရာပြဿနာဆိုင်ရာ အဓိကအကြောင်းအရင်းများ**

ဘေးကင်းပြီး စိတ်ချအားထားရလောက်သည့် လုံလောက်သော ရေအရင်းအမြစ်များ လျော့နည်းလာခြင်း၊ ရှားပါးခြင်း (သို့မဟုတ်) ရေလုံခြုံမှုမရှိခြင်းသည် အောက်ဖော်ပြပါ လူသားများ၏ လုပ်ရပ်များကြောင့်လည်းကောင်း၊ သဘာဝအကြောင်းရင်းများကြောင့်လည်းကောင်း၊ သဘာဝတရား၏ ကန့်သတ်ချက်များနှင့် လူတို့ပယောဂကြောင့် ပေါင်းစပ်မှုကြောင့်လည်းကောင်း ရေရှားပါးမှုများ ဖြစ်ပေါ်လာလေ့ရှိသည်။

**(က) လူသားကြောင့်ဖြစ်ပေါ်လာသည့် အဓိကအကြောင်းရင်းများ**

- **စိုက်ပျိုးရေး**– ကမ္ဘာလုံးဆိုင်ရာအရ ရေချိုအသုံးပြု

မှု၏အများဆုံးအစိတ်အပိုင်း (ခန့်မှန်းအားဖြင့် ၇၀ ဝန်းကျင်) ကို စိုက်ပျိုးရေးလုပ်ငန်းများက အသုံးပြုနေသောကြောင့်၊ ထိရောက်မှုမရှိသည့် ရေလောင်းစနစ်များနှင့် ရေသုံးစွဲမှုများ သောသီးနှံများစိုက်ပျိုးခြင်းတို့က ရေရှားပါးမှုကို ပိုမိုတိုးမြှင့်စေသည်။

PDF Compressor Free Version

➤ **လူဦးရေတိုးပွားမှုနှင့် မြို့ပြဖြစ်ပေါ်မှု–** လူဦးရေတိုးလာသည်နှင့်အမျှ အိမ်သုံး၊စက်မှုလုပ်ငန်းသုံးနှင့် စိုက်ပျိုးရေးသုံးရေလိုအပ်ချက်များလည်း အလိုအလျောက် တိုးပွားလာပြီး၊ ဒေသအများအပြားကိုရေရှည်တည်တံ့စွာ ထောက်ပံ့နိုင်သည့်အဆင့်ထက်ကျော်လွန်စေပြီး ရေရှားပါးမှုများဖြစ်ပေါ်စေပါသည်။

➤ **ရေညစ်ညမ်းမှု –** စက်မှုစွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်လာသော ဓာတုပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ၊ မသန့်ရှင်းသေးသော အညစ်ရေများကြောင့် ရေအရင်းအမြစ်များ ပျက်စီးညစ်ညမ်းလာပြီး သောက်သုံးရန် မသင့်တော် (မလုံခြုံ)တော့သဖြင့် အသုံးချနိုင်သောရေပမာဏ အမှန်တကယ်လျော့နည်းသွားစေပြီး ရေရှားပါးမှုများ ဖြစ်ပေါ်စေပါသည်။

➤ **အလွန်အကျွံရေထုတ်ယူအသုံးပြုခြင်း (Over-abstraction)–** မြေအောက်ရေကို သဘာဝအတိုင်း ပြန်လည်ဖြည့်တင်းနိုင်သည့်ပမာဏ၊ အမြန်နှုန်းထက် ပိုမိုမြန်ဆန်စွာ ထုတ်ယူသုံးစွဲခြင်းကြောင့် ရေတွင်းများ၊ သဘာဝရေထွက်များ ခန်းခြောက်သွားကာ ရေသိုလှောင်နိုင်စွမ်းကို အမြဲတမ်းဆုံးရှုံးစေနိုင်ပြီး ရေရှားပါးမှုများဖြစ်ပေါ်စေပါသည်။

➤ **အခြေခံအဆောက်အအုံမလုံလောက်ခြင်း–** ရေပိုက်လိုင်းများယိုစိမ့်နေခြင်း၊ အညစ်ရေသန့်စင်စနစ်မပြည့်စုံခြင်း၊ ရေသိုလှောင်ကန်များ (ဆည်၊ တာတမံ၊ ရေလှောင်ကန်) မလုံလောက်ခြင်းတို့ကြောင့် ရေကိုစုစည်းသိုလှောင်နိုင်ခြင်းမရှိသဖြင့် ရေများအလဟဿဖြစ်ခြင်း၊ ဖြုန်းတီးခြင်းများဖြစ်ပြီး ရေများပြားသည့်ဒေသများတွင်ပါ ရေမလုံလောက်မှုဖြစ်ပေါ်စေသည်။

➤ **ရေဝေရေလဲဇရိယာများပျက်စီးခြင်း–** မြစ်၊ ချောင်း၊ ဆည်များ၏ ရေဝေရေလဲဒေသအတွင်းရှိ သစ်တောများ ပြုန်းတီးပျက်စီးစေခြင်းနှင့် မြေသယံဇာတများ မူလအနေအထားမှပျက်ယွင်းစေခြင်း၊ သစ်တောများမှအခြားမြေအသုံးချမှုများသို့ပြောင်းလဲသွားခြင်းတို့သည် မြေပြိုခြင်း၊ မြေတိုက်စားခြင်းများ ဖြစ်ပေါ်စေပြီး မြစ်၊ ချောင်း၊ ဆည်နှင့်ရေလှောင်တမံများတွင် သဲနုန်းပို့ချခြင်း၊ မြစ်ချောင်းများ တိမ်ကောခြင်း၊ မြစ်ရေလျှံခြင်းများ၊ ရေညစ်ညမ်းခြင်းတို့ဖြစ်ပေါ်စေပါသည်။ အကျိုးဆက်အားဖြင့် ရေလျှံခြင်းကြောင့် ကောက်ပဲသီးနှံများပျက်စီးဆုံးရှုံးခြင်း၊ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးခြင်းအပြင် နုန်းများပို့ချမှုကြောင့် မြစ်ချောင်းများ တိမ်ကောပြီး ရေချိုရှားပါးခြင်းနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

**(ခ) သဘာဝနှင့်ရာသီဥတုဆိုင်ရာ အချက်များ**

➤ **ရာသီဥတုပြောင်းလဲမှု (Climate Change)-** ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက် လာခြင်းကြောင့် မိုးရွာသွန်းပုံစံများ ပြောင်းလဲသွားခြင်း၊ မိုးရွာသွန်းသော အကြိမ်အရေအတွက် နည်းသွားပြီး မိုးရေချိန်ပမာဏများစွာရွာသွန်းခြင်း၊ အပူပိုင်းဒေသအချို့တွင် မိုးခေါင်မှုများ ကာလတာရှည်လာခြင်း၊ အပူချိန်ပြင်းထန်လာခြင်း၊ ချောင်းများ၊ မြစ်များ၊ ကန်များ၊ ဆည်များ၊ ရေဝပ်ဒေသများတွင် သဲ၊ နုန်း အနည်ကျမှုများ ပိုမိုများသောကြောင့် မြစ်၊ ချောင်းကြမ်းပြင်များ ပိုမိုမြင့်တက်လာ၍ ရေကိုသိုလှောင်ထိန်းသိမ်းနိုင်စွမ်း ကျဆင်းလာပြီး ရေရှားပါးမှုများဖြစ်ပေါ်စေပါသည်။ ဒေသတချို့တွင် ရေလွှမ်းမိုးမှုများ ပိုမိုများပြားလာပြီး ရေအရင်းအမြစ်များကို ညစ်ညမ်းစေပြီး သောက်သုံးရေအရင်းအမြစ်များကို ထိခိုက်စေနိုင်သည်။

➤ **ပထဝီဝင်အခြေအနေ (Geography)–** မိုးနည်းဒေသများနှင့် အလယ်အလတ်မိုးနည်းဒေသများ (arid နှင့် semi-arid regions)တွင် ပထဝီဝင်အနေအထားအရ သဘာဝအလျောက် ရေအရင်းအမြစ်များ ကန့်သတ်မှုရှိနေနိုင်သဖြင့် ရေရှားပါးမှုများ ဖြစ်ပေါ်စေပါသည်။

➤ **သဘာဝဘေးအန္တရာယ်များ (Natural Disasters)–** ရေလွှမ်းမိုးမှုများ၊ ရေကြီးရေလျှံမှုများနှင့် ဆူနာမီကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ရေချိုအရင်းအမြစ်များ ထဲသို့ပင်လယ်ရေ (ဆားငန်ရေ) သို့မဟုတ် စက်မှုလုပ်ငန်းများမှ စွန့်ပစ်ရေ (သို့မဟုတ်) အရင်းအမြစ်အမျိုးမျိုးမှ ဘေးအန္တရာယ်ရှိသောရောဂါပိုးများ ဝင်ရောက်ပြီး ရေညစ်ညမ်းမှုဖြစ်ပေါ်စေကာ ရေရှားပါးမှုများ ရုတ်တရက်ဖြစ်စေနိုင်ပါသည်။

**(ဂ) လူမှုစီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာအချက်များ**

➤ **စီးပွားရေးဆိုင်ရာရေရှားပါးမှု (Economic Scarcity)-** ဝင်ငွေနည်းသော ဒေသတချို့တွင် သဘာဝအရ ရရှိနိုင်သည့် ရေအရင်းအမြစ်နှင့် ရေအလုံအလောက်ရှိသော်လည်း ထိုရေကိုအသုံးချနိုင်ရန် လိုအပ်သောအခြေခံအဆောက်အအုံများ (ရေကြောင်း လမ်းကြောင်းများ၊ ပံ့ပိုးပစ္စည်းများ၊ ရေသန့်စင်စက်ရုံများ) တည်ဆောက်နိုင်ရန် လုံလောက်သောဘဏ္ဍာရေးနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မရှိခြင်း၊ လုံလောက်မှု မရှိခြင်းကြောင့် ရေရှားပါးမှုများဖြစ်ပေါ်စေပါသည်။

➤ **ပဋိပက္ခနှင့်အကြမ်းဖက်မှု(Conflict)-**နိုင်ငံရေးမတည်

ငြိမ်မှုများ၊ ပဋိပက္ခများ၊ စစ်ပွဲများကြောင့် ရေအခြေခံ အဆောက်[illegible] ရေအရင်းအမြစ်များ [illegible] ပျက်စီးသွားနိုင်ပြီး ရေရှားပါးမှုများဖြစ်ပေါ်စေပါသည်။ တချို့သော အဖွဲ့အစည်းများမှ ရေသုံးစွဲမှုများကိုထိန်းချုပ်ခြင်းတို့ကြောင့် အားနည်းထိခိုက်လွယ်သော လူအုပ်စုများ ရေအသုံးပြုခွင့်မှ ကင်းကွာသွားနိုင်သည်။

PDF Compressor Free Version



**ရေသယံဇာတများ စနစ်တကျစီမံခန့်ခွဲခြင်း**

ရေလုံခြုံမှုမရှိခြင်းနှင့်ရေရှားပါးခြင်းဆိုင်ရာ ပြဿနာများကိုဖြေရှင်းရန်အတွက် ရေထောက်ပံ့ရေးဆိုင်ရာစီမံခန့်ခွဲမှု (Supply-side management) ဥပမာ– ရေအရင်းအမြစ်များကိုပိုမိုရှာဖွေခြင်းနှင့် သိုလှောင်ခြင်းနှင့် ရေလိုအပ်ချက်ရှုထောင့်မှထိရောက်စွာစီမံခန့်ခွဲမှု (Demand-side efficiency) ဥပမာ– ရေသုံးစွဲမှုလျှော့ချခြင်းနှင့် ပြန်လည်အသုံးချခြင်းဆိုင်ရာ လုပ်ငန်းများကို မျှတစွာ ချိန်ညှိဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အတူ မူဝါဒနှင့် အုပ်ချုပ်ရေး (Policy and Governance) ရှုထောင့်မှလည်း စနစ်တကျ စီမံခန့်ခွဲကြရမည်ဖြစ်သည်။ အောက်ဖော်ပြပါနည်းလမ်းများသည် ရေသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် နေရာဒေသနှင့် အခြေအနေ၊ အချိန်အခါအပေါ်မူတည်ပြီး ဆောင်ရွက်နေသော နည်းလမ်းများဖြစ်ကြောင်း စုစည်းတင်ပြလိုက်ပါသည်–

- မိုးရေသိုလှောင်ခြင်း (RainwaterHarvesting)၊
- ရေဆိုးများကို ပြန်လည်သန့်စင်၍ အသုံးချခြင်း (Waste-water Recycling & Reuse)၊
- ဆားရေသန့်စင်ခြင်း (Desalination)၊
- မြေအောက်ရေ ပြန်လည်ဖြည့်တင်းစနစ် (Managed Aquifer Recharge – MAR)၊
- တိကျမှန်ကန်သော စိုက်ပျိုးရေးစနစ် (Precision Agriculture) (ဥပမာ ရေလွှမ်းသွင်း စိုက်ပျိုးနည်း (Flood irrigation)အစား ရေအစက်ချစိုက်ပျိုးခြင်း – Drip Irrigation)၊
- စက်မှုလုပ်ငန်းတွင် အရင်းအမြစ်များကို စက်ဝိုင်းပုံ ပြန်လည်အသုံးချသည့်စနစ် (Industrial Circularity)၊ ပတ်ဝန်းကျင်မှ အချက်အလက်များကိုအာရုံခံ၍ အင်တာနက်မှတဆင့် စနစ်များသို့ပို့ပေးနိုင်သောကိရိယာများ IoT Sensors (Internet of Things Sensors) နှင့် ဉာဏ်ရည်တုနည်းပညာ (AI) အခြေပြုရေယိုစိမ့်ထွက်မှုရှာဖွေစနစ်များကို အသုံးပြုဆောင်ရွက်သော စမတ်အခြေခံအဆောက်အအုံ(Smart Infrastructure) တည်ဆောက်အသုံးပြုခြင်း၊
- ရေ၊ မြေယာ၊ သစ်တောများနှင့်ဆက်စပ်သည့် သဘာဝအရင်းအမြစ်များကို မြစ်ဝှမ်းအဆင့် (River Basin level) ဘက်စုံကဏ္ဍစုံ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်း (Integrated Water Resources Management)၊
- ရေဈေးနှုန်း ပြုပြင်ပြောင်းလဲခြင်း (Water Pricing Reform)၊ ရေသုံးစွဲမှုပမာဏ ပိုများလာလေလေ ဈေးနှုန်းပိုမြင့်သည့် အဆင့်လိုက်ဈေးနှုန်းစနစ် (tiered pricing) ကို အကောင်အထည်ဖော်ခြင်း၊
- ရေဝပ်ဒေသများ၊ သစ်တောများနှင့် ဒီရေတောများနှင့် ကမ်းရိုးတန်းဂေဟစနစ်များ၊ သဘာဝရေထွက်များထိန်းသိမ်းခြင်းနှင့် ပြည်လည်ထူထောင်ခြင်းကဲ့သို့ သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature-Based Solutions – NbS) အသုံးပြုခြင်း၊

အနှစ်ချုပ်အနေဖြင့် ရေရှားပါးမှုကို ဖြေရှင်းရာတွင် ရိုးရှင်းပြီး ရေရှည်တည်တံ့စေသော နည်းလမ်းမှာ ရေအရင်းအမြစ်များထိန်းသိမ်းခြင်းနှင့် ရေအရင်းအမြစ်အသစ်များဖန်တီးခြင်းသာမက ရှိပြီးသားရေသယံဇာတများနှင့် အရင်းအမြစ်များကို ထိရောက်စွာစီမံခန့်ခွဲခြင်း၊ ပြန်လည်အသုံးချခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြစ်သည်။

ကိုးကားစာအုပ်နှင့် websites များ
မော်သာထွေး (မန္တလေး)၊ ၂၀၂၁။ ရေချိုကိုတန်ဖိုးထားကမ္ဘာကြီးကို စောင့်ရှောက်။
https://www.unesco.org/ reports/ wwdr/en/2024/s)/
https://www.weforum.org/stories/2025
https://www.linkedin.com

**သစ်တောမှန်လျှင် အသုံးဝင်၊**
**အစဉ်ထာဝရ ထိန်းသိမ်းကြ။**

PDF Compressor Free Version




ကျွန်တော်ဟာ လူအို စာရင်းဝင်ပါပြီ။ လူနာစာရင်းလည်းဝင်ပါပြီ။ နာတာရှည် ရောဂါတချို့နဲ့ ထိခိုက်ဒဏ်ရာတချို့ကြောင့် အစားအသောက် အနေအထိုင်တွေကို သတိထား နေရပါတယ်။ နေ့စဉ် ဆေးသောက်နေရတာလည်း ကြာပါပြီ။ တာဝန်ထမ်းဆောင်စဉ်ကာလများနဲ့ ပင်စင်ယူပြီး အတန်ကြာတဲ့အထိ ခရီးတို၊ ခရီးရှည်များ မကြာခဏ သွားခဲ့ပါတယ်။ ရောက်လေရာဒေသများရဲ့ ဒေသန္တရ ဗဟုသုတများကိုလည်း လူငယ်များကို ဦးတည်ပြီးဆောင်းပါးများရေးသားခဲ့ပါတယ်။ အခုတော့ ခရီးဝေးသွားဖို့ သိပ်အဆင်မပြေတော့ပါဘူး။ ဒါကြောင့် အတိတ်က လွမ်းစရာ တွေးစရာလေးတွေနဲ့ပဲ ဆွေးနေရပါတော့တယ်

**“ပုံပြင်လေးတစ်ပုဒ်”**

ကျွန်တော် ငယ်စဉ်က ဖတ်ခဲ့ရတဲ့ပုံပြင်လေးတစ်ပုဒ်ပါ။ နံမည်ကိုတောင်မမှတ်မိတော့ဘူး။ ရှေးအခါက ရွာတစ်ရွာမှာ ခြေတစ်ဘက်မသန်တဲ့ လူငယ်တစ်ယောက် ရှိပါတယ်။ သူ့အမည်က မောင်မေတ္တာတဲ့။ သူက တခြားသူတွေလို လုပ်ကိုင်မစားနိုင်ပါဘူး။ ခရီးဝေးလည်း မသွားနိုင်ဘူး။ ပညာဗဟုသုတ ရှာမှီလိုစိတ်ရှိပေမဲ့ သူရဲ့မသန်စွမ်းမှုကြောင့် ဆန္ဒမပြည့်ဝနိုင်ပါဘူး။ ခရီးဝေးမသွားနိုင်လို့မို့ ပညာသင်ကြားပေးရာ တက္ကသိလာ၊ ကျောင်းတော်ရာများကို မရောက်နိုင်ပါဘူး။ ဒါပေမဲ့ သူက စိတ်ကောင်းစေတနာကောင်းရှိတယ်။ ရွာထိပ်က ညောင်ပင်ကြီးအောက်မှာ ခရီးသွားများနားခိုရာ ဇရပ်တစ်ဆောင် ရှိပါတယ်။ အနီးမှာ အသီးအပွင့်တွေမပြတ်တဲ့ မန်ကျည်းပင်ကြီးတစ်ပင်လည်း ရှိပါတယ်။ မောင်မေတ္တာဟာ အဲဒီဇရပ်ကို နေ့တိုင်းသွားတယ်။ ဇရပ်ပေါ်နဲ့ပတ်ဝန်းကျင်ကို သန့်ရှင်းရေးလုပ်တယ်။ သောက်ရေအိုးစင်ကိုလည်း နေ့တိုင်းသန့်ရှင်းရေးလုပ်တယ်။ ရေဖြည့်တယ်။ မန်ကျည်းကြက်ဆူသီးတွေကို ဆွတ်ပြီး ပန်းကန်တစ်ခုနဲ့ ထည့်ပြီးတည်ထားတယ်။ လာသမျှ ခရီးသည်တွေကိုလည်း–

“လာကြပါ။ နားကြပါ။ ရေချမ်းများသုံးဆောင်ပါ။ မန်ကျည်းသီးများလည်း သုံးဆောင်ပါခင်ဗျ” စသဖြင့် ဖိတ်ခေါ်တယ်။ နားနေသူတွေနဲ့စကားစမြီပြောရင်းနဲ့ တခြားနေရာဒေသတွေက ထူးခြားတဲ့ သတင်းနဲ့ အကြောင်းအရာတွေကို လေ့လာမှတ်သားထားသတဲ့။ သူ့စိတ်ထဲမှာလည်း ပညာရှိရာအရပ်ကို ငါမသွားနိုင်ရင်၊ ငါ့ဆီကို ပညာတွေလာအောင်ကြံဆောင်ရမယ်လို့ အမြဲတွေးတောနေသတဲ့။ ဒီလိုနဲ့တစ်နေ့ကျတော့ အသက်ကြီးကြီး အဖိုးအိုတစ်ယောက် မောင်မေတ္တာရဲ့ ဇရပ်ကို ရောက်လာသတဲ့။ ထုံးစံအတိုင်း မောင်မေတ္တာက ဖိတ်ခေါ်ပြီးနေရာပေးတယ်။ သောက်ရေချမ်း ခပ်ပေးတယ်။ မန်ကျည်းသီးတွေ ချပေးတယ်။ အဲဒီ အဖိုးကြီးက–

“ကြက်ဆူမန်ကျည်း စားမငြီး” လို့ ပြောလည်းပြော၊ စားလည်းစားသတဲ့။

အဲဒီအခါ မောင်မေတ္တာလည်း “အဖိုး လမ်းလျှောက်လာရတာ ညောင်းနေမှာပေါ့။ ခြေဆန့်လိုက်ပါ။ ကျွန်တော် နင်းနှိပ်ပေးပါမယ့်လို့ ပြောတယ်။

အဖိုးအိုက “အဘက မညောင်းတတ်ပါဘူးကွယ်။ အဘအမြဲစားနေတဲ့ ဆေးတစ်မျိုးရှိတယ်။ မောင်ရင်ကိုဆေးဖော်နည်းပေးခဲ့မယ်” ဆိုပြီး ဆေးနည်းပေးခဲ့သတဲ့။

မောင်မေတ္တာလည်း အဲဒီဆေးနဲ့ ရွာထဲက လူတွေကို စမ်းသပ်ကုသကြည့်တာ အဆင်ပြေတယ်။ ညောင်းညာ

PDF Compressor Free Version

ကိုက်ခဲတာတွေ ပျောက်ကင်းသက်သာကြသတဲ့။ တကယ်တော့ အဖိုးအိုက [illegible]ပါ။

နောက်ကျတော့ မောင်မေတ္တာဟာ ပညာလိုလားမှန်း သိလာတော့ သမားတော်ကြီးက မောင်မေတ္တာတို့ဆီ ရောက်တိုင်း ရောက်တိုင်း၊ ဆေးပညာကို ဂရုတစိုက်နဲ့ စေတနာပါပါ သင်ပေးတာမို့ မကြာခင် မောင်မေတ္တာလည်း ဆေးဆရာတစ်ယောက်ဖြစ်လာတယ်။ ခန္ဓာကိုယ် မသန်စွမ်းပေမဲ့ ပြင်းပြတဲ့ဆန္ဒနဲ့အတွေးကောင်းကြောင့် မောင်မေတ္တာလေးဟာ အောင်မြင်မှု ရခဲ့ပါတယ်။

ဒီပုံပြင်လေးက ပေးချင်တဲ့ သင်ခန်းစာကတော့ ဆန္ဒာ ဓိပတိ၊ ပြင်းပြတဲ့ ဆန္ဒရှိရင် အောင်မြင်မှု ရနိုင်တယ် ဆိုတာပါပဲ။ ဆန္ဒပြင်းပြရင် မပြီးမြောက်နိုင်တာမရှိ။ (ဆန္ဒဝတောကိနာမကမ္မံနသိဇ္ဈတိ) ဝိရိယပြင်းပြလျှင် မပြီးမြောက်နိုင်တာမရှိ။
(ဝိရိယဝတောကိနာမကမ္မံနသိဇ္ဈတိ) ဘုရားရှင်ဟောကြားထားပါ၏။

**"Information Technology"**

အိုင်တီခေတ်လို့ ပြောနေကြတဲ့ ဒီနေ့ခေတ်မှာ ကိုယ်တိုင်ခရီးထွက်စရာ မလိုဘဲ အင်တာနက်ကို အသုံးပြုပြီး မရောက်ဖူးသေးတဲ့ ဒေသအကြောင်း လေ့လာနိုင်ပါတယ်။ မသိသေးတဲ့ နည်းပညာများ၊ ဗဟုသုတများကို ရှာဖွေ လေ့လာနိုင်ပါတယ်။

"ကျွန်တော်... က... တော့... MD"

မန္တလေးတိုင်း သစ်တောညွှန်ကြားရေးမှူးဖြစ်ခဲ့ပြီး အကြီးအကဲလူကြီးနဲ့ အလွန်အမင်း ရင်းနှီးတဲ့ ညီငယ်တစ်ယောက်ဆီက ကြားဖူးပါတယ်။

"အဘ ကျွန်တော်က ပင်စင်ယူပြီးမှ MD လုပ်နေတယ်။"

"ဟာ... တယ် ဟုတ်ပါလား။ ဘယ်ကုမ္ပဏီမှာလည်းဗျ"

"ဘယ် ကုမ္ပဏီမှာမှ မဟုတ်ပါဘူး။ မိန်းမဈေးပို့ သမီးတွေ ကျောင်းပို့နဲ့ မနားရတဲ့ သနားစရာ Motor Driver ဖြစ်နေတာကို ပြောတာပါ ခင်ဗျ။"

ကျွန်တော်လည်း ပင်စင်ယူပြီး MD ဖြစ်တာပါပဲ။ သမီးကို ကျူရှင်တက်ဖို့ လိုက်ပို့ရတာ၊ အလုပ်လုပ်ဖို့ လိုက်ပို့ရတာ ပင်စင်နာ ကျွန်တော့် အလုပ်ပါပဲ။

**"စေတီ"**

အလုပ်နားတဲ့ရက်တွေမှာ သမီးက ရန်ကုန်မှာ ကျူရှင်တွေတက်ရတယ်။ ဝါးတန်းလမ်းတဲ့။ သမီး ကျူရှင်တက်ရတဲ့နေရာက။ သူကျူရှင်တက်နေတုန်း အနေ်ရထာလမ်းဘေး ပလက်ဖောင်းပေါ်မှာတည်ရှိတဲ့ မဟာဝိဇ္ဇာက စေတီမှာ ကျွန်တော်တို့ စတည်းချတယ်။ ဘုရားဖူးတယ်။ ပုတီးစိတ်တယ်။ တရားမှတ်တယ်။ ဒီလောက် လူရှုပ်ကားရှုပ်နဲ့ အသံ ဗလံတွေဆူညံနေတဲ့နေရာမှာ တရားမှတ်လို့ ရပါ့မလားလို့ ထင်ကြပေလိမ့်မယ်။ ရပါတယ်။ မယုံမရှိကြပါနဲ့။ ကိုယ်တွေ့ပါ။

အဲဒီ စေတီတော်မှာက အသင့်အတင့်ကျယ်ဝန်းတဲ့ မှန်လုံ၊ အဲယားကွန်း အာရုံခံတန်ဆောင်းရှိတယ်ဗျ။ ရှေးဟောင်းရုပ်ပွားတော်တွေလည်း သီတင်းသုံးတော်မူကြတယ်။ အာရုံခံထဲမှာ အသံဗလံ ဆိတ်ငြိမ်တယ်။ အလုပ်သွားသူ၊ ကျောင်းသွားသူတချို့ ကပ်လှူသွားတဲ့ ရွှေပန်း၊ ငွေပန်း၊ ဖွန်ပန်း၊ စံပယ်ပန်းတွေက သင်းသင်းလေး မွှေးလို့၊ တရားမှတ်လို့ အလွန်ကောင်းပါတယ်။ သမီးကို စောင့်ရင်းနဲ့ အချိန်ကို အကျိုးရှိရှိ အသုံးချခဲ့ပါတယ်။ ဆရာတော်ဦးဇောတိက ဟောသလိုပဲ။ အရှုပ်ထဲမှာ ရှင်းအောင်နေတဲ့။ ကျွန်တော်တို့ကြားဖူးတာ တစ်ခုရှိတယ်။ ဂင်္ဂါဝိဇ္ဇူ သဲစုမက ပွင့်တော်မူသောမြတ်စွာဘုရားတဲ့ စဉ်းစားကြည့်မိတယ်။ ဂင်္ဂါမြစ်ထဲက သဲသောင်တွေက သဲပွင့်တွေအမျှ အရေအတွက်ရှိတဲ့ ဘုရားအဆူဆူကို ဆိုလိုတာပါ။ အခု စေတီတော်ဟာ နဂိုတုန်းက ရန်ကုန် မြစ်ကမ်းနံဘေးမှာ သဲပုံစေတီကလေး ဖြစ်နိုင်ပါတယ်။ တွေးကြည့်တာပါ။ နောက်မှ တဖြည်းဖြည်းနဲ့ တန်ခိုးကြီးမားလာတာလို့ ယူဆရပါတယ်။ ဗုဒ္ဓဘာသာတွေက တောင်ထိပ်၊ တောင်ထွတ်တွေမှာ စေတီတည်တတ်ကြသလို၊ မြစ်ဘေးကမ်း နဖူးတွေမှာလည်း တည်တတ်ကြတယ်။ တချို့ကျ မြစ်ထဲက သဲသောင်ပေါ်မှာ သဲပုံ စေတီဆိုပြီး တည်ကြပါသေးတယ်။

ဒါကြောင့် တွေးမိပါတယ်။ ရှေးရှေးတုန်းကရန်ကုန် မြစ်ဘေးမှာရှိတဲ့ သဲပုံစေတီများ ဖြစ်ခဲ့လေမလားလို့။ မြစ်ဘေးမှာတည်ခဲ့တဲ့ စေတီဟာ နှစ်ပေါင်းများစွာကြာတဲ့အခါ မြို့တွင်းလမ်းတွေ ဖောက်ကြတာကြောင့် လမ်းဘေးကစေတီ ဖြစ်လာတာနေမယ်။ မျက်မှောက်ခေတ် ရောက်တဲ့အခါ လမ်းဘေးပလက်ဖောင်းပေါ်ပြောင်းရွှေ့စံနေရပါတယ်။ လမ်းအမည်တွေနဲ့ ပတ်သက်ပြီး တွေးမိပါသေးတယ်။

အခု ကျွန်တော်ရောက်တဲ့ ဝါးတန်းလမ်းဆိုတာ ရှေးတုန်းက ဝါးမျိုးစုံရောင်းတဲ့ လမ်းဖြစ်ပါလိမ့်မယ်။ စဥ့်အိုးတွေ အများအပြားရောင်းတဲ့လမ်းကို စဥ့်အိုးတန်းလမ်း၊ နွားလှည်းတွေ အများကြီးရပ်ထားတဲ့လမ်းကလှည်းတန်းလမ်း ဒီလိုပဲ လမ်းအမည်တွေ တွင်ခဲ့ကြတာလို့တွေးမိပါတယ်။

**"ဘုရားလူကြီး"**

အဲဒီ စေတီမှာ ဘိုးတော်လိုလို ဘာလိုလို ပုဂ္ဂိုလ်

တစ်ယောက်နဲ့ သိကျွမ်းခဲ့ရတယ်။ တခြားဘုရားလူကြီးတွေ လည်းတွေ့ခဲ့ရတယ်။ ထူးခြားတာတစ်ခုက ဘုရားဝေယျာဝစ္စ လုပ်နေတဲ့ ကုလား လူငယ်လူရွယ် သုံးလေးယောက်တွေ့ခဲ့ ပါတယ်။ သူတို့ရဲ့ ရိုးရာဝလေ့အတိုင်းပဲ ဘုရားမှာ ဝေယျာဝစ္စ လုပ်နေသူတွေစားဖို့ သီးစုံပဲကုလားဟင်းလည်း ချက်ကြ တယ်။ တရားထိုင်ပြီးလို့ အာရုံခံ မှန်လုံခန်းထဲကထွက် လိုက်ရင် သူတို့ရဲ့ ပဲကုလားဟင်းစစ်စစ်အနံ့ဟာ ကျွန်တော့ နှာခေါင်းကို လာကလိ ပါတော့တယ်။ မဆလာနံ့သင်းသင်း နဲ့ပါ။ ရသတဏှာကို ပွားစေပါတယ်။ ဒုက္ခပေးပါတယ်။ ကျွန်တော် တော်တော်လေးနှစ်သက်တဲ့ဟင်းမို့ သွားရည် ကျမိပါတယ်။ သူတို့ကို စကားရော ဖောရောသွားလုပ်ပေမဲ့ အစ်ကို စားပါအုံးလို့ ဟန်ဆောင်ပန်ဆောင်တောင် မခေါ် ကြဘူးဗျာ။ ခေါ်ရင်လည်း ကျွန်တော်က ဝင်စားမှာ။ ဒီ ကုလားတွေက ရိပ်မိလေသလား မသိပါဘူး။ နောင်နှစ်တွေ ကြာလာရင် သူတို့လည်း ဘုရားလူကြီး ဖြစ်မလာဘူးလို့ မပြောနိုင်ဘူးနော်။

ဆရာကြီး ပီမိုးနင်းကတော့ ဂရုဏာဒေါသောနဲ့ ရေးဖူးတယ်။ ဗမာတွေပျင်းလွန်းလို့ နောင်ကျရင် ဘုရား လူကြီးတောင် ကုလားတွေ ဖြစ်လိမ့်မယ်တဲ့။ ကျွန်တော် ငယ်ငယ်က ဖတ်ဖူးတယ်။

**"Junction MawTin"**

သမီး ကျူရှင်တက်တဲ့ ဝါးတန်းလမ်းအရှေ့ဘက် မနီးမဝေးမှာ Junction MawTin ဆိုတဲ့ ကုန်တိုက်ကြီး တစ်ခုရှိတယ်။ တစ်ခါတလေ Toilet သုံးချင်တဲ့အခါ အဲဒီကုန်တိုက်ကို သွားတယ်။ Toilet က ပထမထပ်မှာ ရှိတယ်။ ဘိုထိုင်အိမ်သာခုံတွေနဲ့ သန့်ရှင်းမှုရှိတယ်။ အဲဒီ အထပ်မှာပဲ လျှပ်စစ်ဓာတ်အားနဲ့ အလိုအလျောက် နှိပ်ပေး တဲ့ ဆိုဖာထိုင်ခုံကြီးတွေရှိတယ်။

ကိုယ်တိုင် ဝင်မထိုင်ခဲ့ဖူးပါဘူး။ အလကားထိုင်လို့ မရဘူးလေ။ တစ်နာရီကို သုံး၊ လေးထောင်လောက်ပေး ရတယ်။ ဘေးနားက ရိုးရိုး သစ်သားခုံတန်းလျားပေါ်က ပဲထိုင်ကြည့်ပြီး သွားရည်ယိုခဲ့ရပါတယ်။

ကျွန်တော်ကသာ ငွေမပေါ်လို့ ထိုင်မကြည့်ခဲ့ပေမဲ့ တစ်ယောက်ပြီးတစ်ယောက် ထိုင်နေကြတာ။ ငွေပေါ်တဲ့သူ များ အများသားကလား။ ထိုင်ရတာ အညောင်းပြေပြီး ဖိမ်ခံကောင်းလို့ပဲလား မသိပါ။ ခုံက အားတယ်လို့ရယ် မရှိဘူး။ Junction MawTin မှာ အဝတ်အစား brand မျိုးစုံ၊ အလှကုန်၊ လူသုံးကုန်မျိုးစုံဆိုင်တွေ အများကြီးပဲ။ ချွေတာသုံးစွဲနေရတဲ့ ဘဝမို့ ထွေထွေထူးထူးမဝယ်နိုင်ပါဘူး။ မှတ်မှတ်ရရ Discount ချရောင်းတဲ့ရှပ် အင်္ကျီတွေထဲက တစ်ထည်သာကို စွန့်စားပြီး ဝယ်ခဲ့ဖူးပါရဲ့။ အစာပြေစား သောက်ဆိုင်၊ ကော်ဖီဆိုင်တွေလည်းရှိတယ်။ မြေအောက် ထပ်မှာတော့ မီးဖိုချောင်သုံး ကုန်ခြောက်တွေ၊ ငရုတ်သီး၊ ကြက်သွန်၊ အာလူးစတာမျိုးတွေ အစုံရောင်းတယ်။ မြေ အောက်ထပ်ကတော့ သီးခြားပုဂ္ဂလိကပိုင်တဲ့ ဆိုင်တွေထင် ပါတယ်။

**"To our golden days ရွှေဘိုရောင် နေ့ရက်များ"**

အဲဒီ ကာလတုန်းက ကျွန်တော်က ကားမောင်း တယ်။ သမီး အမေက နောက်ခန်းမှာ ဘောစိ မကြီးလို ခန့်ညားစွာထိုင်တယ်။ သမီးကရှေ့ခန်းမှာထိုင်တယ်။ ကား အသွားအလာ ယာဉ်ကြော ရှင်း မရှင်း ကြည့်ပေးတယ်။ ကျွန်တော်က ရန်ကုန် မွေး၊ ရန်ကုန် ကြီးတဲ့ ရန်ကုန်သား စစ်စစ်ဖြစ်ပေမဲ့ နယ်မှာ တာဝန်ထမ်းဆောင်ရတာ ကြာခဲ့ တော့ ရန်ကုန်လမ်းတွေကို မကျွမ်းဘူး။ လမ်းတွေကလည်း တိုးချဲ့ပြောင်းလဲလာတာ အများကြီး။ နောက်ပေါ်လာတဲ့ တောင်ဒဂုံ၊ မြောက်ဒဂုံတို့လို နေရာမျိုးဆိုရင် စမ်းတဝါးဝါး နဲ့သွားကြရတာ။ နောက်ပိုင်းကျတော့ သားအဖ နှစ်ယောက် ဉာဏ်ကူကြရတယ်။ သွားမယ့်နေရာသေသေချာချာမသိရင် Google map မှာ အရင်ရှာကြည့်တယ်။ သွားနေရင်းလည်း ဖုန်းဖွင့် google map ဖွင့်ပြီး သမီးက ကြည့်ပြောပေးတယ်။

သမီး ပြောတဲ့အတိုင်း ကျွန်တော်က မောင်းရ တာ။ GPS နဲ့ ကားမောင်းတာလို့ပြောရမယ် ထင်တယ်။ ပျော်စရာတော့ ကောင်းသား။ အတွေ့အကြုံ အသစ်တွေ ရတာပေါ့။

**ပဲခူးမှာနေစဉ်တုန်းက**

သမီးကို ပဲခူးဆေးရုံကြီး အကြို အပို့ လုပ်ပေးရ တယ်။ သူ့စီနီယာတွေ၊ ဆရာတွေ၊ ဆရာမတွေ ခွဲစိတ်ခန်း ဝင်ရင် ကူညီပေးဖို့ အဲဒီဆေးရုံတွေကို သမီး သွားရင်လည်း အပို့ အကြို လုပ်ပေးရတယ်။

ဆရာတွေဆီက ပညာလည်းရ၊ မုန့်ဖိုးလည်းရ တော့ သမီးက ပျော်နေရော။ ပင်ပန်းတယ်လို့ မထင်ဘူး။ သမီးကို ကြည့်ပြီး ကျွန်တော်လည်း ကြည်နူးရပါတယ်။ တစ်ခါတလေ သားအဖ နှစ်ယောက် မုန့်ဆိုင်၊ သစ်သီး ဆိုင်တွေဝင်ပြီး စားလို့ကောင်းတဲ့ ဒူးရင်း ခေါင်းအုံးမုန့် (Durian pillow) တို့ cheese cake တို့ ဝယ်စားကြတယ်။ အများစားနေကျ လိမ္မော်သီး၊ ပန်းသီး၊ နာနတ်သီးလိုဟာ မျိုးတွေအပြင် ယိုးဒယားကလာတဲ့ ရေငန်းသီးတွေလည်း မကြာမကြာဝယ်စားဖြစ်ကြတယ်။ လုံးဝမချဉ်ဘူး။ ချိုတဲ့ အရသာမို့ တော်တော်စားလို့ ကောင်းတယ်။

စာမျက်နှာ (၂၀) သို့



PDF Compressor Free Version

PDF Compressor Free Version



# ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး လမ်းခရီးပေါ်မှ မြန်မာ့သဘာဝ ကျွန်းတောများ

**ဒေါက်တာ ညီညီကျော် (သစ်တောသုတေသန)**

[ဆရာ ဒေါက်တာ ညီညီကျော် (သစ်တောသုတေသနဌာန) ရေးသားခဲ့သည့် ''ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေး လမ်းခရီးပေါ်မှ မြန်မာ့သဘာဝကျွန်းတောများ'' ဆောင်းပါးအား ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ သစ်တောသတင်းလွှာတွင် ဖော်ပြခဲ့ရာ ယခု သစ်တောကြေးမုံမှ မူရင်းစာသားအတိုင်း ဂုဏ်ပြု မှတ်တမ်းတင် ပြန်လည် ဖော်ပြအပ်ပါသည်။]

မြန်မာ့ကျွန်းသည် အိန္ဒိယ၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် ပေါက်သောကျွန်းထက် တာရှည်ခံနိုင်မှုနှင့်အရောင်အဆင်း၊ အရည်အသွေးသာလွန်မှုတို့ကြောင့် ကမ္ဘာ့တစ်လွှား ထင်ရှားကျော်ကြားလျက် ရှိပေသည်။ ကျွန်းသစ်ကို သဘာဝပေါက်သည့် နိုင်ငံများတွင်သာမက အာရှတိုက်နှင့် အာဖရိကတိုက်ရှိ အပူပိုင်းဒေသများအပြင် လက်တင်အမေရိကတိုက်၊ ကာရေးဗီးယမ်းဒေသနိုင်ငံများနှင့် ပစိဖိတ်ကျွန်းနိုင်ငံများတွင်ပါ စိုက်ပျိုးလာခဲ့ကြပါသည်။

ကျွန်းသစ်ထုတ်လုပ်မှုသည် ကမ္ဘာ့တစ်ဝှမ်းလုံးရှိ သစ်ထုတ်လုပ်မှုပမာဏနှင့်နှိုင်းစာလျှင် မပြောပလောက်သော်လည်း၊ ၎င်း၏ ခိုင်ခံ့မှုနှင့် လှပသောအရည်အသွေးတို့ကြောင့် အဖိုးတန်သည့် ဖိမ်ခံပစ္စည်း ပရိဘောဂများပြုလုပ်ခြင်း၊ သင်္ဘောတည်ဆောက်ခြင်းနှင့် အဆောက်အဦအလှအပ တန်ဆာဆင်ခြင်းလုပ်ငန်းများအတွက် ကမ္ဘာ့သစ်ဈေးကွက်တွင် ဝယ်လိုအား တစထက်တစ တိုးတက်များပြားလျက်ရှိပေသည်။ ထို့ကြောင့် ကျွန်းသစ်ထုတ်လုပ်ရောင်းချသည့် နိုင်ငံများအတွက် သစ်တောကဏ္ဍသည် နိုင်ငံ၏ စီးပွားရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ကြောင်း တွေ့ရပါသည်။

အပူပိုင်းဒေသသစ်မျိုးများအနက် ကျွန်းသစ်သည် စီးပွားရေးအတွက် အရေးပါလှသဖြင့် စိုက်ခင်းတည်ထောင်ခြင်း၊ စီမံအုပ်ချုပ်ခြင်း၊ အသုံးချခြင်းနည်းစနစ်များနှင့် ပတ်သက်၍ လေ့လာသုတေသနပြုမှု အများဆုံး သစ်မျိုးတစ်မျိုးဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၁၅၀ ကျော်မှ ယနေ့တိုင် ကျွန်းသစ် အကြောင်းရေးသားခဲ့သည့် စာအုပ်ပေါင်း ၄၀၀၀ ကျော် ရှိကြောင်း မှတ်သားသိရှိရပါသည်။ အများအားဖြင့် ကျွန်းစိုက်ပျိုးခြင်းနှင့် စိုက်ခင်းစီမံအုပ်ချုပ်မှု (သစ်စေ့ထုတ်လုပ်ခြင်း၊ ပျိုးထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ခုတ်လှဲထုတ်လုပ်ခြင်း၊ အသုံးချခြင်းနှင့် ဈေးကွက်နှင့်ရောင်းဝယ်ဖောက်ကားခြင်း စသည်) တို့ကိုသာ အထူးပြုလေ့လာခဲ့ကြပြီး၊ သဘာဝကျွန်းတောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂေဟစံနစ်နှင့်သဘာဝဝန်းကျင်အပေါ် မှီတည်ပြောင်းလဲမှုဖြစ်စဉ်များနှင့် ပတ်သက်သည့် အချက်အလက်များ၊ သုတေသနလုပ်ငန်းများကို အာရုံစိုက်လေ့လာမှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံတွင် သဘာဝတောဧရိယာ စုစုပေါင်း ဟက်တာ ၃၃ သန်းခန့်ရှိပြီး ၎င်း၏ ၃ ပုံ ၂ ပုံ ခန့်သည် ကျွန်းပေါက်ရောက်သော တောများအဖြစ် တွေ့ရှိရပေသည်။ မိမိသဘာဝတောများကို နှစ်ပေါင်း ၁၅၀ ခန့် စနစ်တကျ စီမံအုပ်ချုပ်ခဲ့သောကြောင့် သဘာဝကျွန်းပေါက်ရောက်သော အခြားနိုင်ငံများနှင့်စာလျှင် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ယနေ့တိုင် သဘာဝတောမှ အမြောက်အမြား ထုတ်လုပ်နိုင်လျက်ရှိပေသည်။

သို့သော်လည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ လူဦးရေတိုးပွားလာသောကြောင့် သစ်တောမြေများအပေါ် ဖိစီးသက်ရောက်မှု၊ လယ်ယာမြေများအဖြစ် ကျူးကျော်မှု၊

PDF Compressor Free Version

ပြည်ပဝင်ငွေရရှိရေးနှင့် ပြည်တွင်းမြို့ပြ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်လိုအပ်ချက်များပြားလာမှုတို့အပြင် ဝိသမလောဘသားတို့၏ ရေတိုအကျိုးစီးပွားအတွက် အမျော်အမြင်ကင်းမဲ့စွာ တရားမဝင်ခုတ်လှဲထုတ်ယူခြင်းတို့ကြောင့် ရှေးယခင် နှစ်ပေါင်းမြောက်မြားစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသော မြန်မာ့သဘာဝ ကျွန်းတောကြီးများသည်လည်း တဖြည်းဖြည်း အရေအတွက်ရော အရည်အချင်းပါ လျော့နည်းကျဆင်းလာခဲ့ပေသည်။ သစ်တောသယံဇာတများသည် အသစ်တစ်ဖန် ပြန်လည်ပြုလုပ်ဖန်တီးနိုင်သော်လည်း မူလဂေဟစံနစ်အတိုင်းသို့ ပြန်လည်ရရှိရန်အတွက်မူ လွန်စွာသိမ်မွေ့ ခက်ခဲနက်နဲလှပေသည်။ ထို့ကြောင့် သစ်တောများ စီမံအုပ်ချုပ်လုပ်ကိုင်ရာတွင် လက်ရှိအခြေအနေ၌ ဖြစ်ပေါ်တည်ရှိနေသော သစ်ပင်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ၊ ပါဝင်ပင်အနေအထားနှင့် ကြီးထွားနှုန်းစသည့် အခြေခံအချက်အလက်များအပြင် ဂေဟစံနစ်ဆိုင်ရာ သဘာဝဝန်းကျင် အချက်အလက်များကိုပါ လေ့လာ၍ ဆီလျော်ကိုက်ညီမည့် အုပ်ချုပ်မှု နည်းစနစ်များ ပြောင်းလဲကျင့်သုံးရန် လိုအပ်ပါသည်။



မြန်မာ့သဘာဝတောများ စီမံအုပ်ချုပ်မှုကို ပြန်လည် လေ့လာပါက ဂျာမန်သစ်တောပညာရှင် ဒေါက်တာ ဘရန်းဒစ်၏ စဉ်ဆက်မပြတ်တောထွက် (Sustained Yield) ကို အခြေခံသည့် မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစနစ် (Myanmar Selection System) ကို မြန်မာနိုင်ငံ သစ်တောဌာနမှ ၁၉၂၀ ခုနှစ်တွင် ပြန်လည် ပြုပြင်မွမ်းမံ၍ ရွေးချယ်ခုတ်လှဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းစနစ် (Selection cum Improvement System) အဖြစ် ချမှတ်ကျင့်သုံးခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ အဓိက ရည်ရွယ်ချက်မှာ စဉ်ဆက်မပြတ် တောထွက်ရရှိရေးအတွက် အရွယ်မရောက်သေးသည့် ပင်ပျိုများ (Immature trees) အတွက်ခုတ်လှဲချိန်တန်သည်အထိ ပြုစုစောင့်ရှောက်ပေးခြင်း ဖြစ်ပါသည်။ စင်စစ်အားဖြင့် သစ်မျိုးမြောက်မြားစွာ စုရုံးပေါက်ရောက်လျက်ရှိသော အရွယ်မညီ သဘာဝတောများ (Uneven-aged natural forests) မှ မိမိတို့အလိုရှိသော သစ်မျိုးအချို့အား ခုတ်လှဲထုတ်လုပ်ရန် လုံးပတ် (Girth limit) နှင့် ခုတ်ပတ်ကာလ (Felling cycle) သတ်မှတ်ကန့်သတ်၍ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်းဖြစ်ပါသည်။ ထိုသို့ ထုတ်ယူရာတွင် စဉ်ဆက်မပြတ်တောထွက်ရရှိရန် တစ်နည်းအားဖြင့် မူလသဘာဝတောမှ တိုးပွားလာသော ထုထည်ကိုသာ ထုတ်ယူရန် ရည်ရွယ်၍ အောက်ပါ ဒေါက်တာဘရန်းဒစ်၏ မူလနှစ်စဉ်တောထွက် ပုံသေနည်းကို ယနေ့တိုင် အသုံးပြုခဲ့ကြပါသည်။

$$AAC=ARR+\frac{CI-\frac{1}{2}FC.ARR}{LP}$$

ARR = Annual Rate of Recruitment from CII (6' 6" to 7' 5") to CI (7' 6" & over) (number of trees within 1 ft girth class below girth limit divided by time of passage)

CI= The original stock of CI trees (number of trees of exploitable girth limit & over)

FC=Felling Cycle (years), (1/2FC*ARR = Working Stock)

LP= Liquidation Period (years), decided period of liquidation of the original stock of (surplus) Cl trees-usually 60 years i.e., length of 2 felling cycles.

အထက်ပါပုံသေနည်းကို လေ့လာပါက ခုတ်လှဲရန် သတ်မှတ်ထားသည့် လုံးပတ်အတန်းအစားသို့ ရောက်ရှိလာသော နှစ်စဉ်တိုးပွားနှုန်း (ARR) သည် မြန်မာ့ရွေးချယ်ခုတ်လှဲခြင်းစံနစ်ကို ထိန်းကျောင်း တည့်မတ်ပေးသည့် ပဲ့ပမာ ဖြစ်ပေသည်။ လုံးပတ်အတန်းအစားအလိုက် တည်ရှိနေသော အပင်အရေအတွက် ကိန်းဂဏန်းများကို ယခင်က ကျွန်းသင်းသတ်ခြင်းဆောင်ရွက်ရာတွင် ချန်ပင်တိုင်းတာခြင်းအရ လည်းကောင်း၊ ယခုအခါ သယံဇာတစာရင်းကောက်ယူခြင်းများမှ လည်းကောင်း၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်း (Management Plan) များမှလည်းကောင်း ရယူကာတွက်ချက်ခဲ့ကြပါသည်။ ကျွန်းပင်များ၏ကြီးထွားနှုန်းကို ယခင် လေ့လာတွက်ချက်မှုများအရ လုံးပတ်အတန်း

PDF Compressor Free Version

အစား တစ်ခုမှတစ်ခုသို့ ဝင်ရောက်ရန် ၂၄ နှစ်မှ ၃၀ နှစ်အတွင်း [illegible] ရောက်ရှိနိုင်ပါသည်။ အထက်တွင် ဆိုခဲ့သည့်အတိုင်း သဘာဝတောမှ တိုးပွားထုထည်ကိုသာ ထုတ်ယူသုံးစွဲရန် ထိန်းချုပ်ပေးသည့်အချက် နှစ်ချက် ဖြစ်သည့် ကန့်သတ်လုံးပတ်နှင့် ခုတ်ပတ် သတ်မှတ်ထားရှိခြင်းသည် လက်ရှိအပင်များ (Growing stock) တစ်နည်းဆိုရပါမူ အရင်းကို ထိန်းသိမ်းထားခြင်းနှင့် ထပ်ခါတလဲလဲ ခုတ်ယူခြင်း (Repeated felling) ကို ကာကွယ်တားဆီးခြင်း ဖြစ်ပေသည်။

အခြေအနေတစ်ခုကြောင့် ကန့်သတ်လုံးပတ်နှင့် နတ်ပတ်ကို လျှော့ချရန်စဉ်းစားမည်ဆိုပါက စဉ်ဆက်မပြတ် တောထွက်ရရှိရေးအတွက် ARR တွက်ယူရန် လုံးပတ်အတန်းအစားအသီးသီးရှိ ပင်ရေကို ဂရုပြုရန် လိုအပ်ပါသည်။ ဥပမာ – ၇' ၆" လုံးပတ် နှင့် အထက်ရှိ ပင်ရေသည် သုညဖြစ်ပါက နှစ်စဉ်တောထွက်သည် နှစ်စဉ်တိုးပွားနှုန်း၏ ၄ ပုံ ၃ ပုံသာ (3/4 ARR) ဖြစ်ပေမည်။ အကယ်၍ LP ကို ၃၀ နှစ်ဟု စဉ်းစားပါမူ ARR ၏ တစ်ဝက် (1/2 ARR) သာရပေမည်။

နောက်ဆုံးတွင် ဖော်ပြထားသောပုံတွင် ၁၉၄၅–၄၆ မှ ၂၀၀၂–၀၃ ခုနှစ်အတွင်း ကျွန်းသစ်ထုတ်လုပ်ခြင်းအား ပြဋ္ဌာန်း နှစ်စဉ် ခုတ်လှဲထုတ်လုပ်ခွင့်ပြုသည့် တောထွက် (Prescribed AAC) နှင့်အမှန်ထုတ်လုပ်ခြင်း (Actual Extraction) တို့အဖြစ်လေ့လာတွေ့ရှိနိုင်ပါသည်။ ၁၉၇၈ မှ ၁၉၈၁ ခုနှစ်အတွင်း AAC မြင့်တက်ရခြင်းမှာ ကန့်သတ်လုံးပတ်ကို ၆' ၆" သို့ လျှော့ချထုတ်လုပ်စေခြင်းကြောင့်ဖြစ်ပါသည်။ တစ်ဖန် ၂၀၀၁ မှ စတင်၍ နှစ်နှစ်တာကာလအဖြစ် ကျွန်းတောထွက်ပိုမိုရရှိရန် ကန့်သတ်လုံးပတ် ၆' ၆" အဖြစ် စမ်းသပ်ထုတ်လုပ်စေခဲ့ပါသည်။ သစ်တောဦးစီးဌာန၏ လက်ရှိ သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စံနစ်သည် သစ်တောများ ထာဝစဉ်ဖွံ့ဖြိုးတိုးတက်တည်ရှိနေရေး၊ သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေးကို ဦးတည်ဆောင်ရွက်သည့် စံနစ်ဖြစ်သဖြင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့်သစ်တောများအား ပြန်လည် ပြုစုထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းတို့ကို ဟန်ချက်ညီညီ ဆောင်ရွက်မှသာလျှင် ထာဝစဉ်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။

သစ်တောပြုစုပျိုးထောင်မှုနှင့် စီမံအုပ်ချုပ်မှု ရှုဒေါင့်အရ ရွေးချယ်ခုတ်လှဲခြင်းစနစ် (Selection System) ကျင့်သုံးပါက မိမိ အလိုရှိသောသစ်မျိုးသည် ပါဝင်ပင်များ၏ ဖွဲ့စည်းတည်ဆောက်ပုံ အခြေအနေအရ ပင်ရေနှင့်လုံးပတ် အတန်းအစား ပျံ့နှံ့မှုပုံစံ(Tree number-GBH class distribution structure) သည် ငယ်ရွယ်သောပင်ပျိုများ အရေအတွက် လုံလောက်စွာရှိပြီး လုံးပတ်အတန်းအစား မြင့်လာသည်နှင့်အမျှ တဖြည်းဖြည်း လျော့နည်းလာသည့်ပုံစံ (Inversed J shape) ရရှိရန် လိုအပ်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ကျွန်းသစ်မျိုးသည် သက်တမ်းရှည် အလင်းကြိုက်ပင် (Long-lived light demanding pecies) မျိုး၏ စရိုက်လက္ခဏာအတိုင်း ပုံမမှန်ပါဝင်ပင်ဖွဲ့စည်းတည်ဆောက်ပုံ (Irregular stand structure) အခြေအနေတွင် ရှိကြောင်း တွေ့ရှိရပါသည်။ အဆိုပါတောမျိုးအား ပင်ပျိုတိုးပွားစေရန် လူက ဖန်တီးပေးခြင်း သို့မဟုတ် သဘာဝအလျောက် ဖြစ်စေခြင်း (ဥပမာ– ဝါးသုန်းသည့်ကာလတွင် မျိုးဆက်ခြင်းကို အားပေးခြင်း) – မရှိပါက ထာဝစဉ်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်းမျိုးဆက်ခြင်းကို အားပေးသည့် အုပ်မိုးကာဆိုင်းခုတ်လှဲခြင်းနှင့် တန်ဖိုးမြင့် ဖြည့်စွက်စိုက်ပျိုးခြင်းတို့ကို လိုအပ်သည့်အခါတိုင်းတွင် ဆောင်ရွက်ပေးရန် အလွန်အရေးကြီးပေသည်။

အချုပ်အားဖြင့်ဆိုရပါမူ လက်ရှိသဘာဝ ကျွန်းတောကြီးများသည် ရှေးယခင်သစ်တောပညာရှင်များက စနစ်တကျစီမံအုပ်ချုပ်ခဲ့သဖြင့် ယနေ့ကာလတွင် ဆက်လက်ခုတ်ယူ သုံးစွဲနေရခြင်းဖြစ်သည်ကို မမေ့လျော့သင့်ပါ။ ထိုနည်းတူစွာ နောင်မျိုးဆက်သစ်များအတွက် ကျွန်ုပ်တို့အနေဖြင့် လက်ရှိတောများ မပျက်မယွင်းစေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပြီး လက်ဆင့်ကမ်း အမွေပေးရန် လိုအပ်ပါသည်။ မိမိသဘာဝကျွန်းတောများ၏ ရေရှည်တည်တံ့ပြီး၊ ဆက်လက်ထုတ်ယူ သုံးစွဲနိုင်ရန်အလို့ငှါ




လွန်ကဲစွာ ခုတ်လှဲ ထုတ်ယူခြင်းကြောင့် ယုတ်လျော့ပျက်စီး

မှု မရှိစေရေးအတွက် တော၏ လက်ရှိအနေအထား (ပါဝင်ပင်၊ PDF Compressor Free Version အပင် အရေအတွက်၊ ဖွဲ့စည်းတည်ဆောက်ပုံ၊ ကြီးထွားနှုန်း စသည်)တို့ကို လေ့လာ၍ နှစ်စဉ်တောထွက်ကို တွက်ချက် ခန့်မှန်းရန် လိုအပ်ပါသည်။ ကန့်သတ်လုံးပတ်နှင့် နတ်ပတ်ကာလတို့သည် ဟန်ချက်ညီမျှစွာ တည်ရှိစေရန်အတွက် တစ်ဖက်က လျော့လိုက်လျှင် တစ်ဖက်က တိုးမြှင့်ပေးမှသာ မူလတော၏ သဘာဝအနေအထားမပျက် တည်ရှိနေမည်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ကန့်သတ်လုံးပတ် ၁ ပေ လျှော့ချပါက မူလကန့်သတ် လုံးပတ်သို့ ပြန်လည်မြှင့်တင်ရန် ခုတ်ပတ်ကာလ ၂ ခု စောင့်ရပေမည်။ ခုတ်စဉ် (Felling Series) တစ်ခုကို ကန့်သတ်ရင်စို့ လုံးပတ် ၆' ၆" အဖြစ်လျှော့ချပြီး ၇' ၆" အဖြစ် ပြန်လည်မြှင့်တင်လိုပါ နောင်နှစ်ပေါင်း ၆၀ ပြည့်မှ ၎င်းအတွက် အားပြန်ဝင်မှသာ ကန့်သတ်လုံးပတ်ဝင် အပင်များရရှိပေမည်။ ထို့အပြင် ကန့်သတ်လုံးပတ်ပြည့်မှီသော အပင်အားလုံးကို ရွေးချယ်ခုတ်လှဲပါက ကျွန်းမျိုးရိုးဗီဇ တိမ်ကောညှိုးဖျင်းခြင်း (Genetic Erosion) ဖြစ်ပေါ်လာနိုင်ပါသည်။ အနာဂတ်တွင် သဘာဝမျိုးဆက်ခြင်းဖြင့် ကောင်းမွန်သော အပင်များရရှိရန်နှင့် ကျွန်းမျိုးရိုးဗီဇ ထိန်းသိမ်းရန်အတွက် သွင်ပြင်လက္ခဏာနှင့် ကြီးထွားမှုပုံစံ ကောင်းမွန်သော မျိုးကောင်းမျိုးသန့် အပင်ကြီးများအား မျိုးဆက်ပင် (Plus Tree) အဖြစ် ချန်လှပ်ခဲ့ရန် လွန်စွာ အရေးကြီးပါသည်။ သဘာဝတောတွင် ခုတ်လိုထုတ်ယူနိုင်သော ကျွန်းပင်တစ်ပင်ရရှိရန် နှစ်ပေါင်း ၁၅၀ ခန့်ကြာမြင့်သည်ကို ဂရုပြုသင့်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံစီးပွားအတွက် အထောက်အကူပြုလျှက်ရှိသော မြန်မာ့သဘာဝကျွန်းတောကြီးများ ရေရှည်တည်တံ့စေရေးနှင့် စဉ်ဆက်မပြတ် တောထွက်ရရှိရေးအတွက် တာဝန်ရှိသူ သစ်တောဝန်ထမ်းအားလုံးက အလေးထား၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် အကြံပြု ရေးသားအပ်ပါသည်။

******************

သစ်တောတွေပြုန်း၊ ရေမြေဆုံး
ပျက်သုဉ်းကမ္ဘာ၊ မရှည်ကြာ
သစ်တောတွေစိမ်း၊ ရေမြေထိန်း
ဖွံ့ဖြိုးကမ္ဘာ၊ လွန်ရှည်ကြာ

**စာမျက်နှာ (၁၇) မှ အဆက်**

ကျွန်တော်တို့ ငယ်ငယ်ကစားခဲ့တဲ့ ရေငန်းသီးဆိုတာ သွားကြိမ်းအောင်ချဉ်တာလေ။ ပဲခူးကျုံးဘေးမှာ ဖွင့်ထားတဲ့ စားသောက်ဆိုင်တွေထဲက ဆီချက်ဆိုင်မှာဘဲပေါင်းဆီချက်၊ ဘဲဥပေါင်းမဲမဲကြီးတွေနဲ့သုပ်ထားတဲ့ ဘဲဥပေါင်းသုပ်တွေစားခဲ့ကြတာ၊ မွန်စံပြရပ်ကွက်ထဲက ယိုးဒယားပြန်မွန် အထီးကြီးတွေချက်တဲ့ ကွေ့တီယို၊ ဖတ်ကဖောင်စတဲ့ ယိုးဒယားအစားအစာမျိုးစုံကို သားအဖတစ်တွေ စားခဲ့ကြတာ၊ (မွန်မကြီးတွေက စားပွဲထိုးပဲလုပ်တယ်) သစ်တောဝန်ကြီးတစ်ပါး ကြိုက်နှစ်သက်လှတဲ့ သနပ်ပင်လမ်းပေါ်က ဦးချစ် မုန့်ဟင်းခါးစားခဲ့ကြတာ၊ မမေ့နိုင်စရာတွေပါ။ ပြောရရင် အများကြီး ကျန်ပါသေးတယ်။

အဲဒီတုန်းက အဆင်ပြေတဲ့အခါ (၇) ရက် တရားစခန်းဝင် ဖြစ်တယ်။ ပဲခူးမြို့ မင်္ဂလာမိုးကုတ်တောရ ဝိပဿနာ ရိပ်သာမှာပါ။ တရားပြဆရာကြီး ဦးသန်းစိုးက အဟောအပြော အလွန်ကောင်းပြီး စေတနာ၊ မေတ္တာ တရားများလည်း ပြည့်ဝပါတယ်။ ရိပ်သာဝင်းကလည်း တောရရိပ်သာဆိုတဲ့အတိုင်း နဂိုက သစ်ပင် ဝါးပင်တွေ၊ ခြုံနွယ်ပိတ်ပေါင်းတွေရှိခဲ့ပေမဲ့ အခုအခါမှာတော့ရှိရင်းစွဲ သစ်ကြီးဝါးကြီးများကို ချန်ထားကာ ခြုံနွယ်များရှင်းလင်းပြီး စားပင်၊ သီးပင်၊ ပန်းအလှပင်တွေနဲ့ စိမ်းလန်းစိုပြည် သာယာတင့်တယ်အောင် စိုက်ပျိုးထားပါတယ်။ အေးချမ်းသာယာတဲ့ ဥယျာဉ်ကြီးပါပဲ။ ကြည်ညိုဖွယ်ရာ သဗ္ဗညုစေတီကြီးက ရှေးဟောင်းစေတီပျက်တစ်ဆူကို ပြန်လည်တည်ဆောက်မွမ်းမံထားခဲ့တာပါ။

စေတီတော်ရဲ့ အရှေ့တောင်ဘက်မှာ ယောဂီ တစ်ထောင်လောက် တရားနာ၊ တရားအားထုတ်နိုင်တဲ့ ဓမ္မာရုံကြီးလည်း တည်ဆောက်ထားပါတယ်။ သစ်တောဝန်ထမ်း ညီငယ်တစ်ယောက် ပြောနေကျ စကားရှိပါတယ်။ နည်းရောင်းများ ရောင်းတောင်းပြည့်သတဲ့။ ကျွန်တော်တို့လည်း ကိုယ်တတ်နိုင်သလောက် ငွေကြေးလေးနဲ့ ဓမ္မာရုံဆောက်တဲ့ကုသိုလ်၊ စေတီတော်ကြီးမွမ်းမံတဲ့ ကုသိုလ်၊ အခါအားလျော်စွာ ဆွမ်းလှူရတဲ့ကုသိုလ်၊ ကထိန်သင်္ကန်း၊ ဝါဆိုသင်္ကန်းကပ်လှူရတဲ့ကုသိုလ်၊ သူငယ်ချင်းဦးခင်မောင်လှနဲ့ပူးပေါင်းပြီး ယောဂီဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းကုသိုလ် စတဲ့ ဒါနကုသိုလ်များ၊ ဆောက်တည်ပွားများရတဲ့ သီလကုသိုလ်၊ ဘာဝနာ ကုသိုလ်များအား ဒီရိပ်သာကြီးကို အမှီပြုပြီး ကြိုးစားအားထုတ်နိုင်ခဲ့ပါတယ်။

အမြဲသတိရနေတဲ့ ကျွန်တော့်ရဲ့ ရွှေအိုရောင် နေ့ရက်များပါပဲ။ ။

PDF Compressor Free Version

# သူတို့အမေး ကျွန်တော့်အဖြေ



ဒုန်းလှိုင်လေး

ကျွန်တော် သစ်တောဝန်ထမ်းတစ်ဦးပါ၊ ၂၀၁၈ ခုနှစ် သစ်တောဥပဒေပုဒ်မ ၂၊ ပုဒ်ခွဲ (ဆ) အရ **သစ်တောဝန်ထမ်း** ဆိုသည်မှာ သစ်တောဦးစီးဌာန၏ တောကြပ်မှ ညွှန်ကြားရေးမှူးချုပ်အထိ အဆင့်ဆင့်သော သစ်တောစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ထမ်းများကိုဆိုသည်ဟု ပြဋ္ဌာန်းထား၏။ ထိုသစ်တောဝန်ထမ်းများသည် အလုပ်သဘောသဘာဝအရ မြေပြင်ကွင်းဆင်းဆောင်ရွက်ရသည့် နယ်လုပ်ငန်းလုပ်သူများနှင့် ရုံးတွင် ရုံးလုပ်ငန်း လုပ်သူများဟူ၍ ရှိကြ၏။

နယ်လုပ်ငန်းလုပ်ဆောင်ရွက်ရသည့် သစ်တောဝန်ထမ်းအများစုသည် ပြည်သူလူထုနှင့် အများဆုံး ထိတွေ့ဆက်ဆံရသည်။ ထိုသို့ တွေ့ဆုံစဉ် ပြည်သူများမှ သစ်တောဦးစီးဌာန၊ သစ်တောလုပ်ငန်း၊ သစ်တောဝန်ထမ်းတို့အကြောင်း သူတို့၏ကြားဖူးနားဝအသိများကို ဂဃနဏသိလို၍သစ်တောဝန်ထမ်းများအား မေးမြန်း အတည်ပြုတတ်ကြသည်။ အထူးသဖြင့် အသိပညာပေးဟောပြောပွဲများ သို့မဟုတ် အခွင့်သာခိုက်တွင် သစ်တောဝန်ထမ်းများအား မေးမြန်းတတ်ကြရာ မေးမြန်းသူအား သေချာနားလည် လက်ခံသည်ထိ စနစ်တကျရှင်းလင်းပြပြီး သစ်တောဆိုင်ရာသိသင့်သည်များ ဖြည့်စွက်ပြောပြခြင်းသည် သစ်တောဦးစီးဌာန၊ သစ်တောဝန်ထမ်း၊ သစ်တောအလုပ်တို့နှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာမည်ဖြစ်သည်။

ကျွန်တော်၏ သစ်တောဝန်ထမ်းဘဝတွင် မေးမြန်းခံရသည်များကို ကာလ ဒေသ ပယောဂ အခြေအနေပေါ်မူတည်၍ လိုတိုရှင်းသော်လည်းကောင်း၊ အကျယ်တဝင့်သော်လည်းကောင်း မေးမြန်းသူ နားလည်လက်ခံသည်ထိ ဖြေကြားရ၊ သိသင့်သည်များဖြည့်စွက်ရှင်းလင်းပြရသည်များရှိခဲ့သည်။

**မျှောစာ ဆိုတာဘာလဲ?**

တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်စဉ် စာသင်ကျောင်းတစ်ခုတွင် ဟောပြောပွဲကျင်းပရာ ကျောင်းဆရာတစ်ယောက် မေးတာပါ။

''မျှောစာဆိုတာဘာပါလဲ'' တဲ့။

၂၀၁၈ ခုနှစ်၊ သစ်တောဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဓ) မှာ **မျှောစာ** ဆိုသည်မှာ တရားဝင်ပိုင်ဆိုင်သည့် သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူရွှေ့ပြောင်းနိုင်ရန် ဤဥပဒေအရထုတ်ပေးသည့်ခွင့်ပြုမိန့်ကိုဆိုသည်ဟု ဖြေကြားရာ ကျွန်တော်ကို ကျောင်းဆရာက အခုလို ထပ်မံမေးလာ၏။

''ဆရာရော မျှောစာထုတ်ပေးလို့ရလား'' တဲ့။

ကျွန်တော်က ဦးစီးအရာရှိရာထူးဖြစ်လည်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး တာဝန်ထမ်းဆောင်သူသာဖြစ်လို့ သစ်နှင့်သစ်တောထွက်ပစ္စည်းတွေကို မျှောစာထုတ်ပေးမရကြောင်း၊ မျှောစာကို တရားဝင်သစ်တောထွက်ပစ္စည်းများအား မြို့နယ်ကျော်ရွှေ့ပြောင်းရာမှာ သာမန်အားဖြင့် သစ်တောဦးစီးဌာန၊ မြို့နယ်သစ်တောဦးစီးအရာရှိ (သို့မဟုတ်) မြို့နယ်သစ်တောဦးစီးဌာနမှူးတို့ကသာ တာဝန်ခံထုတ်ပေးကြောင်း ထိုသို့ထုတ်ပေးဖို့ရာ လိုအပ်သလို အထက်အဆင့်ဆင့် ခွင့်ပြုချက်ယူရသည်လည်းရှိကြောင်း ဖြေကြားခဲ့ရ၏။

**တရားဝင်သစ်နှင့်သစ်တောထွက်ပစ္စည်း**

ကျောင်းဆရာများ ကျောင်းသားတွေကို စာမေးတတ်သလို ကျွန်တော်ကိုလည်း သူသိလိုရာ ထပ်ဆင့်မေးသည်ကား–

''တရားဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းဆိုတာက ဘာကိုခေါ်တာလဲ'' တဲ့။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာန၏ ကန့်သတ်သက်တမ်းကာလအတွင်းရှိ ဘီလ် (Bill) ပြေစာ၊ မြန်မာ့သစ်လုပ်ငန်း ပြည်တွင်း/ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာနတို့မှ ထုတ်ပေးသည့် ကန့်သတ်သက်တမ်း ကာလအတွင်းရှိ ဒီအို (Delivery Order -DO)၊ သစ်အရောင်းပြေစာတို့နှင့် ဆက်စပ်သည့် အထောက်အထား စာရွက်စာတမ်း အပြည့်အစုံပါမှသာ တရားဝင်သစ်နှင့်သစ်တောထွက်ပစ္စည်း သတ်မှတ်ကြောင်း ဖြေပေးလိုက်၏။

ကျောင်းဆရာ မေးခွန်းအပေါ် ကျွန်တော်ဖြေတဲ့ အဖြေတွက် အမှတ်ပြည့်ပေး မပေးတော့ ကျွန်တော်မသိ။

PDF Compressor Free Version

**သစ်တောအရာရှိ**

တစ်နေ့မှာ ကျွန်တော်တို့အထက်တန်းကျောင်းသား ဘဝ ငယ်သူငယ်ချင်းတွေနဲ့ရန်ကုန်မှာ တွေ့ဆုံပွဲလေးလုပ်ကြ၏။

သူငယ်ချင်းတွေအနက် တချို့က ဌာနအကြီးအကဲ၊ တစ်ချိန်က တိုင်းဒေသကြီး/ပြည်နယ်တာဝန်ခံဌာန အရာရှိကြီးကြီးတွေ၊ တချို့က တက္ကသိုလ်က ပါမောက္ခ/ပါမောက္ခချုပ်၊ တချို့က အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေ စတဲ့ ရာထူးဂုဏ် ဓနဂုဏ်ကြီးသူတွေဖြစ်နေကြ၏။ ထိုပွဲသို့ ကျွန်တော်ရောက်တော့ ငယ်သူငယ်ချင်းတစ်ဦးက ကျွန်တော့်အတွက် ဂုဏ်ဖော်ပေးလိုသည်လားမသိ၊ ကျွန်တော့်ကို မြင်သည်နှင့် –

"ဟိုမှာ သစ်တောအရာရှိကြီး ရောက်လာပြီ၊ လာ ဒီမှာလာထိုင်ပါ သူငယ်ချင်း"

သူငယ်ချင်း၏ ဖော်ရွေစွာ ဖိတ်ခေါ်နှုတ်ဆက်ခြင်းကြောင့် ကျွန်တော်လည်း သင့်ရာတစ်နေရာမှာ ထိုင်မိ၏။

ငယ်သူငယ်ချင်းတစ်စု တွေ့ဆုံချိန် ရှေးဟောင်းနှောင်းဖြစ်တွေ တရင်းတနှီး ပြောကြတာ အားပါးတရနဲ့ပါ။ ထိုသို့ပြောကြရင်း စကားဆက်စပ်မိတော့ ကျွန်တော်က သူငယ်ချင်းတို့ပြောသလို သစ်တောအရာရှိ မဟုတ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူးရာထူးဖြင့် သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်မှာ တာဝန်ထမ်းဆောင်နေသူ အရာထမ်းသာဖြစ်ကြောင်း၊ သစ်တောဥပဒေ ပုဒ်မ ၂။ ပုဒ်ခွဲ (စ) အရ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် တစ်ခုခု၏ တာဝန်ခံကိုပဲ သစ်တောအရာရှိ ခေါ်ကြောင်း ရှင်းပြဖြစ်ခဲ့၏။

**အုံး အင် အသံလေးများကြားရင်**

ရပ်ကွက်တစ်ခုတွင် အသိပညာပေးဟောပြောပွဲလုပ်အပြီး ရပ်ကွက်လူကြီးများနှင့် အာလာပသလာပစကားပြော ရေနွေးကြမ်းသောက်စဉ် ရာအိမ်မှူးလူကြီးတစ်ဦးက–

"ဆရာတို့ သစ်တောဝန်ထမ်းတွေက မိုးဦးကျစဖားအော်တဲ့ အုံးအင်သံလေးများကြားရပြီဆို သစ်ပင်စိုက်ပွဲတွေလုပ်ပါပြီ၊ ဥ တော့ တစ်လုံးတည်း တစ်ရွာလုံးကြားအောင် အော်တဲ့ ဥ ကြက်မလို စိုက်တာက အပင်နှစ်ထောင်သုံးထောင် လာရတဲ့ လူတွေကအများကြီး၊ အကုန်အကျတွေလည်းများမှာပေါ့" တဲ့၊ ကျွန်တော်လည်း–

လူကြီးမင်း အခုလိုမေးတာ ပြောတာကိုက မိုးကာလ မြေဆီစိုခိုက် သစ်ပင်စိုက်တဲ့ အသိရနေပြီ၊ သစ်ပင်စိုက်ပွဲက ကျွဲကူးရေပါဆိုသလို လူထုကို လက်တွေ့သစ်ပင်စိုက်ပြပြီး စည်းရုံးတာ၊ အသိပညာပေးတာမို့ ဥတော့တစ်လုံးတည်း တစ်ရွာလုံးကြားအောင် ဥကြက်မလို အော်ပြီး အများသိအောင် သိုက်သိုက်ဝန်းဝန်း ပွဲလုပ်ပြတာဖြစ်ကြောင်း၊ နှစ်စဉ် မြို့နယ်အဆင့်မှ နိုင်ငံတော်အဆင့်ထိ နယ်ပေါင်းစုံမှာ သစ်တောဝန်ထမ်းများက လူ၊ ငွေ၊ အချိန်ပေးပြီး မိုးကာလသစ်ပင်စိုက်ပွဲလုပ်ကြကြောင်း၊အလားတူ ဥ အများကြီးကို လူအများမသိဘဲ ဥ တတ်တဲ့ ငါးမများလို သစ်တောဝန်ထမ်းတွေက တောတောင်တွေထဲမှာ နှစ်စဉ် သစ်ပင် သိန်းချီသန်းချီ စိုက်ခင်းတည်ထောင် စိုက်ကြကြောင်း၊ စိုက်ပြီးသစ်ပင်တွေကိုလည်း မြေတောင်မြှောက်ပေါင်းရှင်း၊ မြေဩဇာကျွေး၊ အိမ်မွေးတိရစ္ဆာန်၊ မီးလောင်မှုတို့ကြောင့် မပျက်စီးအောင် ပြုစုထိန်းသိမ်းပေးရကြောင်း ပြန်ဖြေလိုက်၏။

**ငယ်ရင်စိုက် ကြီးရင်ခုတ်**

မြို့နယ်သစ်တောဦးစီးဌာနတစ်ခုတွင် စာရင်းစစ်အဖွဲ့က ရုံးစာရင်းဇယားများ၊ မြေပြင်လုပ်ငန်းများအား



ပုံမှန်စစ်ဆေးကြ၏၊ ကျွန်တော့်အား ထိုအဖွဲ့တွင်ပါဝင်သည့် ဝန်ထမ်းတစ်ဦးက–

"ဆရာတို့ သစ်တောက သစ်ပင်စိုက်ဖို့လည်းစည်းရုံးကြတယ်၊ နိုင်ငံပိုင်စိုက်ခင်းတွေကို ဌာနကလည်း စိုက်ကြတယ်၊ စိုက်ခင်းတစ်ဧကမှာ ၉'×၉' ပန္နက်နဲ့ အပင် ၅၄၀၊ ၆'×၆' ပန္နက်နဲ့ (၁၂၁၀) ပင် စိုက်ပြီး အချိန်တန်တော့ ခုတ်ပစ်ကြတယ်၊ စတင်စိုက်ကတည်းက လိုသလောက် အပင်ပဲ စိုက်လို့ မရဘူးလား" တဲ့။

မေးလာသူက စီးပွားရေးစိုက်ခင်းများ ပင်ကျဲနုတ်လုပ်ငန်းကို စစ်ဆေးရင်း မေးလာခြင်းပါ၊ ကျွန်တော်လည်း ရီမောသလိုလိုဖြင့် –

"သစ်တောဝန်ထမ်းတွေကလေ တခြားသူတွေ ကျွန်းပင်ခုတ်ရင် တားမြစ်ဟယ် ဖမ်းဆီးဟယ် အရေးယူဟယ်နဲ့ဗျ၊ သူတို့ကဖြင့် သစ်ပင်ဆို ငယ်ရင်စိုက် ကြီးရင်ခုတ်ကြတာ အကျင့်ပါနေတာဗျ၊ အဲ့မှာ ကျွန်တော်လည်း ပါတယ်၊ အဲ့လိုမှ မလုပ်ရင်လည်း အထက်လူကြီးတွေက လုပ်ခိုင်းတာဗျ"

ကျွန်တော့်အဖြေကြောင့် စာရင်းစစ်တစ်ဖွဲ့လုံး ရီမောကြပြီး တစ်ယောက်က–

PDF Compressor Free Version

''ဘာလဲ အဲ့လို မလုပ်ရင် အဝို ဖြစ်တတ်လို့ပါ ဆိုသလိုပေါ့နော်'' လို့ ပြောပါရော၊

အဲ့မှာ ကျွန်တော်လည်း သစ်တောဦးစီးဌာန တည်ထောင်သည့် စိုက်ခင်းအမျိုးအစားများ၊ စိုက်ခင်း တည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ စီးပွားရေးစိုက်ခင်း များတွင် ပင်ပူးခွာကိုင်းချိုင်လုပ်ငန်း၊ ပင်ကျပ်နုတ်လုပ်ငန်း၊ ကြားတောထွက်များနှင့် နောက်ဆုံးခုတ်လှဲသည့် အကြောင်း ကို ရှည်လျားစွာရှင်းပြသော် မေးခွန်းမေးသူ အပါအဝင် စာရင်းစစ်တစ်ဖွဲ့လုံးက ''အော် အဲ့ဒါကြောင့်ကိုး'' လို့ မှတ်ချက်ပြုကြကုန်ရာ၏။

**သတင်းပေးတိုင်တိုင်း ဖမ်းဆီးပါသလား?**

မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၏ ပုံမှန်အစည်းအဝေးတစ်ခုတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့မြို့နယ်မှူး ကိုယ်စား အစည်းအဝေးတက်ရောက်သည့် စခန်းမှူးက ကျွန်တော်အား မေးမြန်းလာတာက–

''သစ်တောဦးစီးအရာရှိခင်ဗျာ၊ ဆရာတို့သစ်တော ဝန်ထမ်းတွေက တရားမဝင်သစ်နဲ့ပတ်သက်ရင် နည်းမျိုးစုံနဲ့ တိုင်ကြားမှုအပေါ် သတင်းပေးတိုင်တိုင်းဖမ်းဆီးပါလား'' တဲ့၊

''နည်းမျိုးစုံနဲ့ တိုင်ကြားမှုအပေါ် သတင်းပေး တိုင်တိုင်း ဖမ်းဆီးတာလားမေးတော့ တိုင်တိုင်း မဖမ်းပါဘူး''

ကျွန်တော့် အဖြေကြောင့် အစည်းအဝေးတက် ရောက်လာသူများက မတ်တပ်ရပ်ပြောနေတဲ့ ကျွန်တော့်ကို အာရုံစိုက်လာကြ၏၊ ကျွန်တော်ဘာဆက်ပြောလေမလဲ နားစွင့်လာကြ၏။ ကျွန်တော်လည်း သစ်တောဝန်ထမ်းတို့ သည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းထုတ်လုပ်မှု များအပေါ် ကိုယ်တိုင်ကြိုတင်တားဆီးသလို စုံစမ်းဖော် ထုတ်ကြောင်း၊ ဆက်စပ်အဖွဲ့အစည်းများ၊ ဌာနများနှင့် နည်းမျိုးစုံဖြင့် သတင်းပေးတိုင်ကြားသူများထံမှ အချိန်မရွေး သတင်းများရယူကြောင်း၊ ရရှိတဲ့သတင်းများအပေါ် ပြည့်စုံ မှန်ကန်ခိုင်မာသည့်သတင်း ဟုတ်မဟုတ် ဦးစွာစိစစ်အတည် ပြုကြောင်း၊ ရရှိသတင်းအမှန်ဖြစ်က လိုအပ်သည်များစီစဉ်၊ အင်အားစုဖွဲ့၊ လိုအပ်ပါက လုံခြုံရေးအဖွဲ့အစည်းများနှင့် အတူ အချိန်နှင့်တစ်ပြေးညီ ဖမ်းဆီးရေးဆောင်ရွက်ကြောင်း၊ နည်းမျိုးစုံဖြင့် သတင်းပေးတိုင်ကြားရာမှာ တချို့ သတင်း ပေးတိုင်ကြားသူများက ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများ အခြေခံ၍သော်လည်းကောင်း၊ ဖမ်းဆီးရေးဆောင်ရွက်သည့် သစ်တောဝန်ထမ်းများကို မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုး ဖြစ်စေပြီး ထောင်ချောက်ဆင် လမ်းကြောင်းလွှဲလို၍ သော် လည်းကောင်း၊ သတင်းပေးတိုင်ကြားသူ၏ အကျိုးစီးပွား အတွက်သော်လည်းကောင်း စသည့် ရည်ရွယ်ချက်များဖြင့် မမှန်လုပ်ကြံသတင်း၊ သတင်းအမှားများဖြင့် တိုင်ကြားတတ် သည်များလည်းရှိရာ ထိုအခါမျိုးတွင်ဖမ်းဆီးမရပါကြောင်း၊ ခိုင်မာမှုမရှိသည့် သတင်းပေးတိုင်ကြားခြင်းများကို မဖမ်းပါ ကြောင်း ရှင်းပြရာ ဌာနဆိုင်ရာအကြီးအကဲတစ်ဦးက–

''သစ်တောဝန်ထမ်းတွေ အချိန်ခါမဲ့ဖြစ်စေ၊ လုံခြုံ ရေးအကန့်အသတ်ရှိသည့်နေရာဖြစ်စေ လိုအပ်သည့် အဖွဲ့ အစည်းများဖြင့်ပူးပေါင်းပြီး တရားမဝင် သစ်ဖမ်းတာ၊ တစ်ခါ ကဆို ရဲတွေလုပ်သလို သစ်ဝယ်သူလိုအသွင်ယူပြီးဖမ်းတဲ့ သစ်တောဝန်ထမ်းတွေကိုတောင် တွေ့ဖူးကြုံဖူးတယ်'' လို့ ဖြည့်စွက်ပြောကြားခဲ့၏။

**မီးခိုးမြူငွေ့ဆိုတာ**

''ဆရာကြီးခင်ဗျာ၊ ကျုပ်ရဲ့ ယာထဲစိုက်ထားတဲ့ ကြံခင်းမှာ ခုတ်သိမ်းပြီး ကျန်တဲ့အမှိုက် မီးရှို့တော့ အိုး– မီးခိုးတွေအများကြီးထွက်တာ ရွာလူကြီးရော မီးသတ်ရော၊ သစ်တောကလူရော ရောက်လာကြပြီး ကျုပ်ကို နောက် ဒါမျိုးမလုပ်ရဘူးပြောတယ်၊ အဲ့တာ ဘာဖြစ်လို့လဲ'' တဲ့။

''သူခိုး ခိုးရင် အစုတ်ကျန်၊ မီးခိုးရင် အပြုတ်နံ့ ဆိုတော့ မီးမလောင်ဖို့ လာတားကြတာ ဖြစ်မှာပါ''

တစ်ခုသော ပွင့်လင်းရာသီအစ တရားမဝင်သစ် ထုတ်လုပ်မှုလျှော့ချရေး အသိပညာပေး ဟောပြောပွဲမှာ ဒေသခံတိုင်းရင်းသားတစ်ယောက်က မီးခိုးမြူငွေ့ဆိုင်ရာ မေးလာတာကို ကျွန်တော်က ရီသလိုမောသလိုနဲ့ ပြန်ဖြေ လိုက်တာ တိုင်းရင်းသားကြီးက–

''ကျုပ်တို့ရဲ့ ယာမီးရှို့တာ သမရိုးကျအလုပ်၊ အဲ့တာ သစ်တောကလူတွေပါလာပြီး မီးခိုးမြူငွေ့ ဆိုလား၊ လေထဲညစ်ပတ်တယ်ဆိုလား ဘာလားပဲ ပြောသွားသေး''

တိုင်းရင်းသားကြီးရဲ့ စကားသံဝဲဝဲ နားထောင်ပြီး ကျွန်တော်လည်း လူတို့ရဲ့ သစ်တောတွေအတွင်း မီးမဆင် မခြင်သုံးစွဲတာတွေ၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးဖို့ တော ခုတ်တာတွေ၊ စိုက်ပျိုးရေး သီးနှံအကြွင်းအကျန်တွေ၊ စွန့်ပစ်အမှိုက်တွေ မီးရှို့မီးလောင်မှု၊ မော်တော်ကား စက်ရုံ အလုပ်ရုံတွေ၊ ကျောက်မီးသွေးနဲ့ ထင်းလောင်စာသုံးစွဲမှုနှင့် သဘာဝအလျောက် အပူချိန်မြင့်မားခြင်းနှင့် မိုးကြိုးပစ်ခြင်း ကြောင့် တောမီးလောင်တာနဲ့ မီးတောင်ပေါက်ကွဲရာမှ ထွက်လာတဲ့အခိုးအငွေ့တွေကြောင့် မီးခိုးမြူငွေ့ဖြစ်ရကြောင်း၊ မီးခိုးမြူငွေ့ဆိုတာ လေထုထဲမှာ ရေခိုးရေငွေ့တွေနဲ့အတူ ဖုန်အမှုန့်တွေ၊ အမှုန်အမွှားတွေ၊ မီးခိုးတွေ၊ အငွေ့ပြန်စေနိုင် တဲ့အရာတွေနဲ့ အခြားဓာတ်ငွေ့တွေ ပေါင်းစပ်ရောနှော

စာမျက်နှာ (၂၇) သို့

PDF Compressor Free Version



# မျက်ကန်း တစ္ဆေ မကြောက်



တင်စိုး (BFS)

"ဒီး ဒီး... ဒီး ဒီး... "

ဆိုင်းလင့်လုပ်ထားသည့် ဖုန်းသံက တုန်ခါလာသဖြင့် မဖွင့်ချင်ဖွင့်ချင် မျက်ခွံကိုဖွင့်၍ ဖုန်းစခရင်အား ကြည့်မိသည်။ ပေါ်နေသည့် စာကြောင်းက "ဝဏ္ဏ" ဟူ၍ ပေါ်နေသည်။ ဦးစီးအရာရှိထံမှ ဖုန်းဟုသိလိုက်သဖြင့် ကုန်းရုန်းထ၍ ထူးလိုက်မိ၏။

"ဟုတ်ကဲ့... ဆရာ... "

"ကိုတင်စိုး အေဒီကြီးက ဦးအောင်မြင့်တို့ အလျှူသွားမယ်တဲ့..."

"ဟုတ်ကဲ့ ရေတစ်ခွက် နှစ်ခွက်လောင်းပြီး လာခဲ့ပါ့မယ် ဆရာ..."

ညက တစ်ညလုံး လမ်းကြောင်းထွက်နေသဖြင့် နံနက်သုံးနာရီမှ ပြန်ရောက်၍ အိပ်ယာဝင်ရသည်။ ယခုနာရီကြည့်မိတော့ နံနက် ကိုးနာရီ၊ ကမန်းကတန်း အိပ်ယာထ၍ ပျာယီးပျာယာရေလောင်းချိုးလိုက်ရ၏။ ယနေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် ရုံးတက်ရန်မလိုပေ။ ကော်လံကတုံးလက်ရှည် အင်္ကျီအဖြူနှင့် မန်ကျည်းစေ့ရောင် ကွက်စိပ်ပုဆိုးလဲလိုက်ပြီး ဆောင်ယူနေကြ ထိုင်းနိုင်ငံထုတ် ပြောက်ကျားဘေးလွယ်အိတ်အတွင်း မှတ်စုစာအုပ်၊ ဘောပင်၊ ပိုက်ဆံအိတ်၊ စကားပြောစက်၊ တယ်လီဖုန်းတို့အား ထည့်လွယ်၍ ဦးစီးအရာရှိအိမ်သို့ အပြေးလှမ်းခဲ့သည်။

သစ်ကန်ထရိုက် ဦးအောင်မြင့်၏အလှူမှာ ဝမ်းဘဲအင်းကျေးရွာ ဒေးစွန်ပါတောင်တော်အနီး ဘုန်းကြီးကျောင်းတွင် ဖြစ်၏။ ကျွန်တော်ရောက်ရှိချိန်တွင် ဦးစီးအရာရှိမှ အမဲရောင် SURF ကားထုတ်၍ အဆင့်သင့်စက်နှိုးထားရှိပြီးဖြစ်နေပြီ။ ကျွန်တော်လည်းအရောက် အေဒီ (လက်ထောက်ညွှန်ကြားရေးမှူး) ကြီးလဲ အိမ်ရှေ့အထွက် အချိန်ကိုက်ဖြစ်သွားပြီး ဦးစီးမှမောင်းသူနေရာယူ၍ အေဒီကြီးက ကားနောက်ခန်းအတွင်း ဝင်ရောက်သဖြင့် ကျွန်တော်လည်း ခေါင်းခန်းရှေ့ခုံတွင် ထိုင်လိုက်ခဲ့ပါတော့သည်။

"ဒီနေ့ ဦးအောင်မြင့် ခယ်မကတော့ အလှုတွေပြင်ထားတော့မှာပဲ ဆရာ..." "ခင်ဗျားကလည်း ဗျာ..."

အေဒီကြီးမှာ လူပျိုကြီးဖြစ်၍ ဦးအောင်မြင့်ခယ်မနှင့် ကျွန်တော်တို့ စနောက်နေကြ ဖြစ်ပါသည်။ ကျွန်တော်တို့ ကားလေးသည် ရန်ကုန်– မန္တလေးလမ်းဟောင်းအတိုင်း မောင်းနှင်းလာခဲ့ပြီး ဘုရားကြီးဘိနယ် စခန်းသို့ ဝင်ရောက်၍ အလှူလုပ်သည့် ဘုန်းကြီးကျောင်းအား သိရှိသည့် တောအုပ် အောင်နိုင်အေးအား ဝင်ရောက်ခေါ်ခဲ့ပါသည်။ တောအုပ် အောင်နိုင်အေးအား ကားရှေ့ခန်းတွင် ထိုင်စေပြီး ကျွန်တော်လည်း ကားနောက်ခန်းဘယ်ဘက်တွင် အေဒီကြီးနှင့်အတူ စီးနင်းခဲ့သည်။

ယမန်နေ့ညပိုင်းတွင် အထူးအရာရှိ၏ ချပြသတင်းအရ ဦးစီးအရာရှိဦးဆောင်၍ ကျွန်တော်အပါအဝင် ဝန်ထမ်းများ ရန်ကုန်–မန္တလေးကားလမ်းတစ်လျှောက် တရားမဝင်သစ်ကားအား လိုက်လံရှာဖွေခဲ့ကြသည်။ ဒိုက်ဦးမြို့နယ်အတွင်းအထိပင် ခိုနားနေမလားထင်မိ၍ ဝင်ရောက်လှည့်ပတ် စစ်ဆေးခြင်းပင် ဆောင်ရွက်ကြ၏။ ပဲခူးမြို့နယ်၊ ဘုရားလေး တရားမဝင်သစ်နှင့်သစ်တောထွက် စစ်ဆေးရေးဂိတ် တာဝန်ကျဝန်ထမ်းများအားလည်း မနေ့ကတစ်ညလုံး သတိဝိရိယနှင့် စောင့်ကြပ်စေခဲ့သလို ကျွန်တော်တို့ mobile အဖွဲ့က လှည့်ပတ်စစ်ဆေး ရှာဖွေခဲ့ကြသော်လည်း အဆိုပါကား ရောက်ရှိမလာခဲ့ပါ။

ပဲခူးတိုင်း သစ်တောဦးစီးဌာန၏ တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်း ရှာဖွေစစ်ဆေးရေးဂိတ်ကို ၂၀၀၃ ခုနှစ်ကပင် စတင်လုပ်ရှားခဲ့လေသည်။ စတင်စဉ်က ရန်ကုန်–မန္တလေးလမ်း ကလိကျေးရွာအနီးတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ လမ်းညွှန်ချက်အရ အဆောက်အဦများမရှိဘဲ လေးတိုင်စင်၊ မိုးကာစ၊ တာလပတ်မိုးယာယီတဲတစ်လုံးနှင့် စတင်ခဲ့သည်။ ဦးစီးအရာရှိ၏ တာဝန်ပေးချက်အရ အဖွဲ့ခေါင်းဆောင်အဖြစ် တောအုပ်ကြီးကျွန်တော်မှ စတင်တာဝန်ယူခဲ့ရ၏။ တောအုပ်နှစ်ဦး၊ တောခေါင်း၊ တောကြပ်သုံးဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ လုံခြုံရေးအဖြစ်၊ ဒုရဲအုပ်တစ်ဦး၊ အခြားအဆင့်သုံးဦးတို့ဖြင့် စတင်ဆောင်ရွက်ခဲ့ပါသည်။ သစ်နှင့် သစ်တောထွက်ပစ္စည်း ယာဉ်မှန်သမျှ ရပ်တန့်စေ၍ တရားဝင်ခြင်းရှိမရှိ စစ်ဆေးခြင်း၊ အရေးယူခြင်းများကို ဦးစီးအရာရှိမှ ကြီးကြပ်ပြီး အချိန်နှင့်တစ်ပြေးညီ ခရိုင်သစ်တောစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက်တွင်မှ တိုင်းသစ်တောဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကလိကျေးရွာအနီး "သစ်နှင့် သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်" အဖြစ် ခန့်ညားထည်ဝါသော အဆောက်

အဦတစ်ခု ပေါ်ထွန်းလာခဲ့ပါသည်။ စစ်ဆေးရေးဂိတ်တွင် စီဒီအမ်ဖုန်း[illegible]ရှိ၍[illegible]မြို့နယ်[illegible]ဦးစီး[illegible]နှင့် PDF Compressor Free Version စစ်ဆေးရေးဂိတ်တို့တွင် လိုအပ်ချက်အရ စကားပြောအထိုင် စက် တပ်ဆင်အသုံးပြုခြင်းတို့ကို လုံခြုံရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ တိုင်းမှူး၏ ခွင့်ပြုချက်အရ အသုံးပြုနိုင်ခဲ့ပါသည်။ ဝန်ထမ်းများမှာလည်း လက်ကိုင်စကားပြောစက်များ အသုံးပြုခွင့်ရရှိခဲ့သဖြင့် ဆက်သွယ်ရေးကောင်းမွန်ပြီး သစ်တောမှုဖမ်းဆီးရာဖွေရေးနှင့် သစ်တောလုပ်ငန်းများကို အင်တိုက်၊ အားတိုက် ဆောင်ရွက်နိုင်ခဲ့သည်။ နောင်တွင် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်အား ကလိကျေးရွာမှ ရန်ကုန်-မန္တလေးလမ်း ဘုရားလေးကျေးရွာအနီးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ပဲခူးတိုင်း တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းစစ်ဆေးရေးဂိတ်အနေဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည့် ဖမ်းဆီးရမိ သစ်၊ မီးသွေး၊ ပရိဘောဂနှင့် သစ်တောအမှုများစွာကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။

''ဟိုမှာ မနေ့ညက ကားနံပါတ် ၇စ/..... မဟုတ်လား...'' ''ဟုတ်တယ် ဆရာ...''

ဘုရားကြီးမြို့အလွန်တွင် ကားမောင်းနေသော ဦးစီးအရာရှိမှ ပြောလာသဖြင့် ကျွန်တော်သည် ဘေးပြတင်းမှန်မှ မြင်ရသည့် ခေါင်းဖြူ (၁၂) ဘီးကား၊ အလုံပိတ်၏ နံပါတ်အား ဖတ်ကြည့်ရင်း ဝမ်းထဲမှာ ဒိတ်ကနဲဖြစ်သွားလေသည်။ ညကတစ်ညလုံး ဒုက္ခခံစောင့်ဆိုင်းရှာဖွေခဲ့သည့်ကားအား နံနက်ဆယ်နာရီကျော်တွင် ခပ်တည်တည် မောင်းနှင်လာသည်ကို တွေ့ရှိရလေသည်။

''ပြန်ကွေ့ ပြန်ကွေ့ ... ''

အဒေါ်ကြီး၏ စကားသံပင်မဆုံးပေ ဦးစီးမှ ''သားကောင် အနံ့ရသည် မုဆိုးသဖွယ်'' ယာဉ်ကြောရှင်းသည်နှင့် ပြန်လည်ကွေ့ဝိုက်ပြီးသားဖြစ်လေ၏။ ရှေ့မှကားကလည်း အမြန်နှုန်းမလျော့ပေ၊ နောက်မှလိုက်သည့် SURF ကားကလည်း အရှိန်တင်၍ လိုက်ခဲ့ရာ ဘုရားကြီးမြို့လမ်းဆုံတွင် မော်လမြိုင်ဘက်သို့ ချိုးကွေ့သွားသည့် (၁၂) ဘီးကားအား အမှီလိုက် ကျော်တက်၍ ရှေ့မှပိတ်ရပ်လိုက်လေသည်။

''ကားကိုစက်သတ်လိုက်... '' ''ကျွန်တော်တို့က အဖွဲ့...'' ''သိတယ် ခင်ဗျားတို့ ဘာတွေပါတယ်ဆိုတာ သိပြီးသား၊ ဘာမှ မပြောနေနဲ့.... ''

ကားခေါင်းခန်းတွင် ယာဉ်မောင်းနှင့် လူသုံးဦးပါရှိလာပါသည်။ ခေါင်းဆောင်ဖြစ်မည်ထင်သောပြောက်ကျားဂျာကင်ဝတ်က ဖြေရှင်းမည်ပြုသော်လည်း ဦးစီးအရာရှိမှ အပြောမခံတော့ပါ။ ထိုသူများလည်း မထင်မှတ်ထားသောကိစ္စမို့ ကြောင်တောင်တောင်ဖြစ်နေကြသည်။ ကျွန်တော်လည်း ကားပတ်လည်အနီးကပ်၍ အနံ့ခံကြည့်သည့်အခါ ကျွန်းသစ်နံ့ရရှိသဖြင့် ဦးစီးအားခေါင်းညိတ်ပြပြီး

''ကျွန်းတွေဆရာ.... ''

''ခင်ဗျားတို့ ကားသော့ပေး၊ အောင်နိုင်အေး ဘုရားကြီးအဖွဲ့တွေ လှမ်းခေါ်လိုက်၊ ကိုတင်စိုး ဂိတ်က ကိုကြင်အောင်နှင့် လုံခြုံရေးအဖွဲ့ အခုလိုက်လာဖို့ပြော....''

တောအုပ် အောင်နိုင်အေးမှ ဘုရားကြီးဘိနယ်ရုံးသို့ ဖုန်းဆက်လှမ်းခေါ်သလို၊ ကျွန်တော်လည်း ပါလာသည့် စကားပြောစက်ထုတ်၍ တိုင်ရှည်ထုတ်ကာ

''ဘုရားလေးရှိလား ဘုရားလေးရှိလျှင် အကြောင်းပြန်ပါ....''

''ဘုရားလေးရှိ၊ ဝဏ္ဏသုံး၊ ညွှန်ပါ....''

ဦးကြင်အောင်ပါ လုံခြုံရေးအဖွဲ့ ဘုရားကြီး လမ်းဆုံ မော်လမြိုင်ဘက်၊ အခုအမြန်လိုက်လာ ဒါပဲ....''

''နာခံ၊ အမြန်လာမည် ဒါပဲ....''

ကားခေါင်းခန်းကို ကျွန်တော်တို့ ပိတ်ရပ်ထားရာမှ ဘုရားကြီးစခန်း ဝန်ထမ်းနှစ်ဦး ရောက်လာသည့်အခါ

''အောင်နိုင်အေး ကားလေးနောက်ခန်းဖွင့်ထား၊ ခင်ဗျားတို့ အားလုံးဆင်း....''

ကျွန်တော်တို့ ဆိုင်ရာကို အကြောင်းကြားထားပြီးသားပါ.... ''

''ပြောမနေပါနဲ့ နောက်မှရှင်း၊ ဆင်းဆိုရင်ဆင်း.... ဖုန်းတွေယူပြီး သိမ်းထားလိုက်.... ''

ကျွန်တော်တို့မှာ အလှူသွားမည်ဖြစ်၍ ကော်လံကတုံး အင်္ကျီဖြူကိုယ်စီ၊ လုံချည်နှင့် သပ်သပ်ရပ်ရပ်ဝတ်ဆင်ထားပြီး စကားပြောစက်ကိုယ်စီပါ၍ စီးလာသည့်ကားမှာလည်း SURF ကားအမဲရောင်မို့ မည်သို့ထင်သွားသည် မသိ၊ သူတို့ရှင်းပြရန် ကြိုးစားနေသည်ကိုလည်း နားမထောင်တော့ပေ။ (ကေသရာဇာခြင်္သေ့မင်းတို့ မည်သည့်ခွန်အားကြီးသော သားသမင်ကိုဖြစ်စေ၊ ယုန်ငယ်ကိုပင်ဖြစ်စေ သားကောင်ကို လိုက်ရာတွင် လုံ့လစိုက်ထုတ်ခြင်းသည် အတူတူပင်ဖြစ်ပေသည်)။ ထိုသူတို့သည်လည်း မျက်နှာထား ခပ်တင်းတင်းနှင့် SURF ကား၏ နောက်ဖုံးလှပ်၍ အတင်းဝင်ခိုင်းနေသဖြင့် မဝင်ချင်ဝင်ချင်ဖြင့် ကားနောက်ခန်းထဲသို့ ဝင်ထိုင်ကြရလေသည်။ ဦးစီးအရာရှိမှ ကားနောက်ဖုံးအား လုံခြုံစေရန် သော့ခတ်လိုက်၏။ ဘုရားလေးသစ်တောဂိတ်မှ တောအုပ် ဦးကြင်အောင်နှင့်ဝန်ထမ်းများ၊ လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် ထိန်းသိမ်းထားသူများအား မျက်ခြေမပြတ်စောင့်ကြည့်စေပြီး

ဖမ်းဆီးထားသော (၁၂) ဘီးကားအား ဖွင့်ဖောက်စစ်ဆေးကြပါသည်။

PDF Compressor Free Version

ကားနောက်ပိုင်း မိုးကာစအုပ်ဆိုင်းထားသည့်ကြိုးများ ဖြည်လိုက်သည့်အခါ ဂျပ်ဖာများကာ၍ ဝါးကပ်ပိတ်ထားသည်ကိုတွေ့ရှိရသည်။ ဝါးကပ်များဆွဲခွာလိုက်သည့်အခါ ကျွန်းပန်းထွင်းပန်းဖောက် ပရိဘောဂများတင်ဆောင်ထားရှိသည်ကိုတွေ့ရှိရသဖြင့် ချပြသတင်းရကားမှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ ၎င်းကျွန်းပန်းထွင်းပန်းဖောက် ပရိဘောဂများသည် အမိနိုင်ငံအတွင်း အသုံးပြုရန်တော့ ဟုတ်လိမ့်မထင်မိပေ၊ နယ်စပ်တရားမဝင်ထွက်ပေါက်မှ တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ရန်ဖြစ်ပါလိမ့်မည်။ ကိုယ့်နိုင်ငံ၏ အနုပညာလက်ရာများ တရားမဝင်စီးထွက်ခြင်းကို တားဆီးနိုင်ခဲ့ပါသည်။

ဖမ်းဆီးရမိသော တရားမဝင် ကျွန်းပန်းထွင်းပန်းဖောက်ကားနှင့် ဖမ်းဆီးရမိသူများအား စစ်ဆေးနိုင်ရန် ပဲခူးမြို့၊ ဥဿာသစ်တောပျိုးဥယျာဉ်သို့ ပို့ဆောင်ပါသည်။ စစ်ဆေးပေါ်ပေါက်ချက်အရ တရားမဝင် ကျွန်းပန်းထွင်းပန်းဖောက်၊ ပရိဘောဂ (၂၅) တန်ခန့်ဖြစ်ပြီး မန္တလေးမှ မော်လမြိုင်သို့ ပို့ဆောင်ရမည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးရယူထားသော လက်နက်ကိုင်အဖွဲ့အစည်းနှင့် သက်ဆိုင်ပါကြောင်း သိရှိရပြီး ဆိုင်ရာ၊ ပိုင်ရာများ လိုက်လာကြသော်လည်း တရားမဝင်သဖြင့် သစ်တောဥပဒေအတိုင်းသာအရေးယူဆောင်ရွက်ခဲ့ခြင်းသည် ''ဥပဒေ၏ အထက်တွင်မည်သူမှမရှိစေရ'' ဟု မှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပါသည်။

နောင်တွင် ''လက်နက်ကိုင်အဖွဲ့ကို သစ်တောကကြက်ကလေး၊ ငှက်ကလေး သဖွယ် ဖမ်းဆီးခံရလေခြင်း'' ဟု အဖွဲ့အစည်းခေါင်းကြီးပိုင်းမှ အမြင်မကြည် ဖြစ်နေကြောင်း သိရှိရသဖြင့် မိမိတို့လုပ်ရပ်အပေါ် ကျေချမ်းမိပါသည်။

သို့သော် တာဝန်နှင့်ပတ်သက်လာလျှင် တစ္ဆေသရဲကို မမြင်မတွေ့ဖူးသည့် မျက်ကန်းများပမာ တစ်ချိန်က လုပ်ဆောင်ချက်များကို သတိရကာ မကြောက်မရွံ့လုပ်ရှားခဲ့သည့် အေဒီကြီးလည်း ဌာနတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ညွှန်ကြားရေးမှူး အငြိမ်းစားဘဝနှင့် တမလွန်ကို ထွက်ခွာသွားလေပြီ၊ ခေါင်းဆောင်ခဲ့သော ဦးစီးအရာရှိသည်လည်း အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် ကြီးလေးသောတာဝန်များ ထမ်းဆောင်ပြီး အငြိမ်းစားရယူခဲ့ပြီ ဖြစ်ပါသည်။ ကျွန်တော်လည်း အငြိမ်းစားဘဝဖြင့် အေးချမ်းစွာဖြတ်သန်းလျက်၊ ညီငယ်အောင်နိုင်အေး တစ်ယောက်သာ ဌာနအတွင်းတာဝန်များကို ထမ်းဆောင်နေဆဲပင်၊ တစ်ခါက တာဝန်ဝတ္တရားနှင့်ပတ်သက်လာလျှင် **''မျက်ကန်းတစ္ဆေမကြောက်''** ဆောင်ရွက်ခဲ့သည့် လုပ်ရပ်ကို အမှတ်ရနေမိပါတော့သည်။

• • • • • • • • • • • • • • • • • • • •

**စာမျက်နှာ (၂၄) မှ အဆက်**

ဖြစ်ပေါ်နေတဲ့ လေထုအခြေအနေဖြစ်စဉ်တစ်ခုဖြစ်ကြောင်း၊ မီးခိုးမြူငွေ့ထဲမှာ Particulate Matter (PM2.5 , PM10) လို့ခေါ်တဲ့ သာမန်မျက်စိဖြင့် မမြင်နိုင်သော အလွန်သေးငယ်သော အမှုန်အမွှားတွေ၊ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနောက်ဆိုဒ်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်၊ မြေပြင်ရှိ အိုဇုန်းနဲ့ အခြားအဆိပ်ဓာတ်ငွေ့တွေပါဝင်နေပြီး လေထုညစ်ညမ်းမှုကို ဆိုးဆိုးရွားရွားဖြစ်စေနိုင်ပါကြောင်း၊ မီးခိုးမြူငွေ့တွေဟာ တစ်နေရာမှ တခြားတစ်နေရာ၊ နိုင်ငံတစ်နိုင်ငံမှ အခြားတစ်နိုင်ငံဆီကို လေတိုက်ခတ်နှုန်းနဲ့လေတိုက်ခတ်မှုလားရာတို့အပေါ်မူတည်ပြီး အလွယ်တကူပျံ့နှံ့ရောက်ရှိနိုင်ပါကြောင်း၊ မီးခိုးမြူငွေ့ကြောင့် ပတ်ဝန်းကျင်လေထုအရည်အသွေးကျဆင်းလာပြီး အချိန်ကြာကြာနှင့်ပမာဏများရင် လေထုညစ်ညမ်းကာ လူသားတွေအတွက် ခေါင်းမူးခေါင်းကိုက်ခြင်း၊ အရေပြားယားယံခြင်း၊ မျက်စိကျိန်းစပ်ပြီး မျက်ရည်ယိုခြင်း၊ အဆုတ်နဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ ပန်းနာရင်ကျပ်ရောဂါ၊ နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသည်းကင်ဆာနဲ့အခြားကင်ဆာရောဂါ၊ အာရုံကြောထိခိုက်ပျက်စီးခြင်း၊ ဥာဏ်ရည်ချို့ယွင်းခြင်း၊ အရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်းနဲ့ အသက်သေဆုံးခြင်းတို့အထိ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေသာမကနိုင်ငံတော်၏ ပညာရေး၊ စီးပွားရေး၊ စားရေရိက္ခာ ဖူလုံရေး၊ လူမှုရေးအပေါ်မှာလည်း များစွာထိခိုက်ကြောင်း၊ သဘာဝဂေဟစနစ်တွေနဲ့ တောရိုင်းတိရစ္ဆာန်တွေရဲ့ နေရင်းဒေသတွေ လျော့နည်းပျောက်ဆုံးပြီး အဖိုးတန်ဇီဝမျိုးစုံ မျိုးကွဲတွေ မျိုးသုဉ်းပျောက်ကွယ်ကြောင်းနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့ လျော့ချရေးတွက် သစ်တောကဝန်ထမ်းများကပါဝင်ဆောင်ရွက်ကြောင်း ဖတ်မှတ်ထားသည့်များနှင့်အတူပြန်လည် ရှင်းပြ၏။

နောက် မီးဖိုချောင်စွန့်ပစ်အမှိုက်တွေ၊ သစ်ရွက်ခြောက်၊ သီးနှံစွန့်ပစ်အမှိုက်တွေကနေ သဘာဝမြေဩဇာပြုလုပ်သုံးရင် လယ်ယာမြေအတွက် အကျိုးရှိကြောင်းပါထပ်ဆင့်ရှင်းပြဖြစ်၏။

**စက်ရုံလွှင့်ထုတ်၊ လေညစ်ပုတ်**
**တောတွင်းသစ်ပင်၊ အကုန်စုပ်**
**တို့တွေရှုသွင်း၊ လေသန့်ရှင်း**
**မချွင်းရမှာ၊ တောကသာ။**

PDF Compressor Free Version



# မောင်ဖိုးထွန်းနှင့် ဆင်ပစ် မုဆိုးကျော်





ထွန်းလွင်
(BFS 73-75)

အချိန်က မောင်ဖိုးထွန်း မြန်မာနိုင်ငံသစ်တောကျောင်းမှာ အငယ်တန်းတက်တဲ့ (၁၉၇၃–၇၅) ခုနှစ်ကပေါ့။ ပထမနှစ် သစ်တောကျောင်းသားတွေ တောလုပ်ငန်းလက်တွေ့ကွင်းဆင်းတော့ စစ်ကိုင်းတိုင်း၊ ဗန်းမောက်မြို့နယ်ထဲမှာပါ၊ ဗန်းမောက်မြို့မှ မန်စီရွာသွားတဲ့လမ်းရှိ ပက်ဟင်းခါးရွာရဲ့ အနောက်ဘက် ချောင်းကမ်းပါးမှာ စခန်းချကြပါတယ်၊

တောလုပ်ငန်းလုပ်ရင်း ညနေပိုင်းနဲ့ပိတ်ရက်တွေမှာ ဆရာဦးစိန်ထွန်း၊ ဦးအောင်သန်း (လေး) တို့နဲ့အတူ မုဆိုးအလုပ်လုပ်ကြပေမဲ့ သားကောင်တစ်ကောင်မှ မပစ်ရပါဘူး။ တစ်ရက်မှာ စခန်းရဲ့ အနောက်တောင်ဘက် နှစ်မိုင်ခန့်ဝေးတဲ့ နမ့်မိုးခေါင်ရွာကသူကြီး မုဆိုးစခန်းကိုလာပြီး ဆရာတွေနဲ့မိတ်ဆက်ပါတယ်၊ သူတို့ရွာနားမှာ တောကောင်တွေပေါကြောင်း၊ ကံကောင်းရင် ဆတ်ကို ပစ်ရနိုင်ကြောင်း ပြောတော့ ဆရာဦးစိန်ထွန်းက စိတ်ဝင်စားသွားပါတယ်၊ နောက်နေ့ လက်တွေ့လုပ်ငန်းနားရက်ဆိုတော့ ဆရာနဲ့ မောင်ဖိုးထွန်းတို့ လိုက်သွားကြတာပေါ့၊

ရွာသူကြီးရဲ့အိမ်မှာ ပထမဆုံး တူမီးသေနတ်ကို မြင်ဖူးလို့ ကိုင်ကြည့်မိတယ်၊ ပြောင်းအဝက လက်မဝက်ထက်နည်းနည်းပိုကျယ်ပြီး အရှည်က သုံးပေလောက်ဆိုတော့ အရှည်ကြီး၊ ဒီသေနတ်နဲ့ ဘာကောင်တွေ ပစ်ဖူးလဲ မေးကြည့်တော့ ဂျီတွေ ဆတ်တွေ တောဝက်တွေအပြင် ဆင်ကြီးတစ်ကောင်ပါ ပစ်လို့ ရဖူးကြောင်းပြောလို့ ဆင်ကြီးကို ပစ်တဲ့အကြောင်း မေးကြည့်မိပါတယ်၊

သူကြီးက တူမီးသေနတ်ရဖို့ ဂျစ်ကားစတီယာရင်အတွင်းက ပိုက်လုံးကအကောင်းဆုံးဖြစ်လို့ လိုက်ရှာဝယ်ပြီး သေနတ်ရလို့ အမဲလိုက်ပစ်တာ ဂျီ၊ ဆတ်၊ တောဝက်တွေရတာများလာတော့ ဆင်ပစ်ချင်စိတ်ပေါ်လာပြီး တစ်နေ့ ယောက်ဖဖြစ်သူကို အဖော်ခေါ်ကာ ဆင်တွေရှိတဲ့ချောင်းဖျားကို တက်သွားတယ် တဲ့။

ချောင်းဖျားရောက်လို့ ဆင်ခြေရာအသစ်ကို လိုက်ရှာရင်း ကိုင်းတောကြီးထဲ ဝင်ကြည့်တော့ အတွင်းမှာ ကိုင်းပင်တွေကို ဆင်တွေနင်းထားလို့ ကွက်လပ်ကြီးဖြစ်နေတာတွေ့ရပါတယ်၊ ကွက်လပ်ကြီးရဲ့ အလယ် သပြေပင်ကြီး တစ်ပင်ရှိရာ အဲဒီနားအရောက်မှာတော့ မမျှော်လင့်ဘဲ လသားလောက်သာရှိတဲ့ ဆင်ပေါက်စလေးကို တွေ့ပါရော၊ သူကြီးက ဆင်ခြေရာအသစ်စက်စက်တွေ ဖြစ်လို့ အနီးဝန်းကျင် ဝါးရုံတောတွေဆီ အသေအချာကြည့်နေတုန်းမှာ ယောက်ဖဖြစ်သူက ဆင်ကလေး အနားအပြေးသွားကာ မ ချီ လိုက်တယ်၊ ဆင်လေးက အချီမခံ အဖမ်းမခံ ထွက်ပြေးလို့ သူကြီး ယောက်ဖလည်း အမြီးကိုဆွဲထားရာ ဆင်ကလေးက ကျီ ကျီ အော်တာ၊ ဆင်ကလေး

PDF Compressor Free Version

အော်သံ ကြားတော့ ဆင်အမေကြီးနဲ့ သားထိန်းဆင်မက ဝါးရုံတောထဲက ပြေးထွက်လာပါရော၊ သူကြီးက သပြေပင်ကြီး ပေါ်တက် [illegible] ပြေပင်ပေါ် ဆင်အရပ်လွတ်ရုံလေး၊ ဆင်မတွေက ဆင်ကလေးကို ကြားထဲမှာထား၊ အပင်ပေါ်က နှစ်ယောက်ကိုကြည့် လူကိုဘာမှမလုပ်နိုင်တော့ အသံကို အကျယ်ကြီးအော်လိုက်တာပေါ့။

ဆင်မကြီးရဲ့ အော်သံအဆုံးမှာ တောင်ကျောပေါ်ကနေ တဝုန်းဝုန်း တဖြောင်းဖြောင်းနဲ့ ဆင်အုပ်ကြီး ပြေးဆင်းလာသံ ဆူညံသွားတယ်၊ သူကြီးနဲ့ သူ့ယောက်ဖတို့က သပြေပင်ကြီးသည်သာ အားကိုးစရာရှိတော့ ဆင်နှာမောင်းနဲ့မမှီတဲ့ ကိုင်းခွကြားမှာ ဘုရားတရပြီပေါ့၊ အကြီးဆုံး ဆင်ကြီးက အပင်ပေါ်ကလူတွေကို မြင်နေရလျက် မမှီလို့ ဘာမှလုပ်မရတော့ ဒေါသထွက်ပြီး သစ်ကိုင်းတွေချိုးပြီး နှာမောင်းနဲ့ရိုက်တယ်။ အပင်ပေါ်ရှိ သူကြီးနဲ့ သူ့ယောက်ဖတို့ သေးထွက်မတတ်ကြောက်မိနေပြီ။ တူမီးသေနတ်နဲ့ ပစ်ရင် ယမ်းအများကြီးထည့်ထားလို့ ကန်အားနဲ့ အောက်ကို ပြုတ်ကျမှာသေချာတော့ မပစ်ရဲ၊ ခဏနေမှ သူကြီးက သတိရပြီး ယောက်ဖရဲ့ပုဆိုးကွင်းထဲကိုဝင်၊ ယောက်ဖကို သပြေကိုင်းသေချာဖက်ထားခိုင်းကာ ဆင်ပေါက်ကြီးရဲ့ခေါင်းကိုချိန်ပြီး ပစ်လိုက်ပါတော့တယ်တဲ့။

ဒိုင်း ဆိုပြီး ကျယ်လောင်လွန်းလှတဲ့ သေနတ်သံ မြည်ဟီးသွားသလို လှုပ်ရှားဆူညံနေတဲ့ ဆင်အုပ်ကြီးလဲ ငြိမ်သွားပါတယ်၊ အပင်ပေါ် မော့ကြည့်နေတဲ့ ဆင်ပေါက်ကြီးလည်း နဖူးကနေသွေးထွက်ပြီး တဆတ်ဆတ်တုန် လဲကျသွားပါရော၊ ဆင်မကြီးတွေက လဲနေတဲ့ဆင်ပေါက်ကြီးကို နှာမောင်းတွေနဲ့တွန်းကြ ဖိကြတယ်၊ ဆင်ကြီးက လုံးဝမလှုပ်တော့၊ ဆင်မများ သွေးနံ့ရသွားကြရာ ဆင်ကလေးကို ဆင်အုပ်ကြားထဲထားပြီး တရွေ့ရွေ့နဲ့ ဝါးရုံတောထဲဖြတ် တောင်ပေါ်ကို တဖြည်းဖြည်း တက်သွားကြပါတော့တယ်။

သူကြီးနဲ့ ယောက်ဖဖြစ်သူတို့ ဆင်အုပ်ကြီးအသံတွေ ဝေးသွားတော့မှ အသက်ရှူဖို့မေ့ပြီး အောင့်ထားရတဲ့ သက်ပြင်း 'ဟင်း' ဆို ချမိတယ်တဲ့။

သူကြီးက ပုဆိုးကွင်းထဲကထွက်ပြီးယောက်ဖကို ပြစ်ပြစ်နှစ်နှစ်ဆဲဆိုကာ အပင်ပေါ်က ကန်ချပစ်လိုက်ချင် တာတဲ့၊ အောက်ရောက်တော့မှ ဝအောင်ဆဲပြီး ဆင်ကလေးကို ဘာဖြစ်လို့ အတင်းလိုက်ဆွဲနေတာလဲ မေးတော့ ဆင်အကြီးကြီးတွေပဲမြင်ဖူးတာ ဆင်ကလေးကိုတွေ့တော့ ဆင်ကိုချီပြီး ဆင်ကိုတောင် မနိုင် ချီနိုင်တဲ့ငါကွလို့ ရွာမှာ ပြောချင်လို့ပါတဲ့ခင်ဗျား။ သူကြီးစကားဆုံးတော့ မောင်ဖိုးထွန်း နှုတ်က–

''အံ့ဩရပါရဲ့ သူကြီးယောက်ဖရယ်'' လို့ ရွတ်မိရဲ့။

သစ်တောဦးစီးဌာန၏ (၄-၃-၂၀၂၀) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၉၀/၂၀၂၀ အရ မြန်မာနိုင်ငံတွင် ဆင်အားလုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်အဖြစ် သတ်မှတ်ထားသည်။

(၂၁-၅-၂၀၁၈) ရက် ပြဋ္ဌာန်းသည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေ ပုဒ် ၄၁။ ပုဒ်မခွဲ (က) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

**ပုဒ်မ ၄၁။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ ထောင်ဒဏ်ချမှတ် ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် -**

**(က) လုံးဝကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန် သို့မဟုတ် နိုင်ငံတကာကုန်သွယ်မှုတွင် ကာကွယ်ထိန်းချုပ်သည့် တိရစ္ဆာန်ကို သတ်ဖြတ်ခြင်း၊ အမဲလိုက်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ စုဆောင်းခြင်း၊ ရောင်းချခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ယင်း တိရစ္ဆာန်ကိုဖြစ်စေ၊ ယင်းတို့၏ အစိတ်အပိုင်းကိုဖြစ်စေ၊ သွေးရည်ကိုဖြစ်စေ၊ ယင်းတို့ပါရှိသည့် ဆင့်ပွားထုတ်လုပ်ထားသော ပစ္စည်းကိုဖြစ်စေ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်း သို့မဟုတ် သယ်ဆောင်ခြင်း၊**

# အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ဆိုင်ရာ ကွန်ဗင်းရှင်းများအား အကျဉ်းချုပ်လေ့လာခြင်း

PDF Compressor Free Version



ဦးရဲအောင်နိုင်

အပြည်ပြည်ဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေသည် အပြည်ပြည်ဆိုင်ရာဥပဒေများထဲမှ တစ်ခုဖြစ်ပြီး ယနေ့တွင် အရေးပါသောနေရာသို့ ရောက်ရှိနေပြီဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးလာမှုများနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များသည် နိုင်ငံတစ်နိုင်ငံတည်း ခံစားရခြင်းမဟုတ်သဖြင့် နိုင်ငံများစုပေါင်း၍ ဖြေရှင်းရန် ကြိုးပမ်းလာကြပါသည်။ ရာသီဥတုပြောင်းလဲမှုအား ထိန်းချုပ်ရန်၊ သဘာဝသယံဇာတများထိန်းသိမ်းရန်နှင့် သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းရန် ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ ပရိုတိုကောလ်များ၊ ကြေညာချက်များဖြင့် လုပ်ဆောင်လာကြပါသည်။

ယခုဆောင်းပါးတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်အလို့ငှါ ပြုလုပ်ထားသောကွန်ဗင်းရှင်းများ၊ ပရိုတိုကောလ်များနှင့် သဘောတူစာချုပ်များ၏ အကောင်အထည်ဖော်ရာတွင်ရင်ဆိုင်ရသည့်စိန်ခေါ်မှုများ၊ အောင်မြင်မှုများကို အကျဉ်းချုပ်လေ့လာ တင်ပြထားပါသည်။

**(၁) The Montreal Protocol on Substances the Deplete the Ozone Layer**

မွန်တီရီရယ်ပရိုတိုကောလ်ကို ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပါသည်။ သဘာဝပတ်ဝန်းကျင်ကပ်ဆိုက်သောကာလတွင် အအောင်မြင်ဆုံးသော အပြည်ပြည်ဆိုင်ရာစာချုပ်ဖြစ်ပါသည်။ အိုဇုန်းလွှာအား ပါးလွှာစေသည့်ပစ္စည်းများ ထုတ်လုပ်မှုနှင့် ဆုံးရှုံးမှုများကို တစ်စတစ်စရပ်ဆိုင်းစေခြင်းသည် စာချုပ်၏အဓိကရည်မှန်းချက်ဖြစ်ပါသည်။ ၁၉၈၀ ခုနှစ်လယ်ပိုင်းတွင် အန္တာတိကတိုက်တွင် အိုဇုန်းလွှာအပေါက်ကို တွေ့ရှိခဲ့ရပါသည်။ အဆိုပါဖြစ်ရပ်သည် အိုဇုန်းလွှာပါးလွှာစေသည့်ပစ္စည်းများ ထုတ်လွှတ်မှု၏ ကမ္ဘာလုံးဆိုင်ရာ အကျိုးဆက်ဖြစ်သည်ဟု သတိပေးခဲ့ခြင်းဖြစ်ပါသည်။

**အကောင်ထည်ဖော်ခြင်းနှင့် အောင်မြင်မှုများ**

မွန်ထရီရယ်ပရိုတိုကောလ်သည် ၎င်း၏ရှင်းလင်းသော ရည်ရွယ်ချက်၊ စည်းနှောင်မှုရှိသော ကတိကဝတ်များနှင့် တိကျခိုင်မာသောလိုက်နာမှု ယန္တရားများကြောင့် သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့ပါသည်။ ပရိုတိုကောလ်၏ အောင်မြင်မှုအနေဖြင့် အိုဇုန်းလွှာပါးစေသော ပစ္စည်းများထုတ်လွှင့်မှု လျော့ကျလာခြင်းနှင့် အိုဇုန်းလွှာ ပြန်လည် ကောင်းမွန်လာမှုတို့သည် ထင်ရှားသော အောင်မြင်မှုများဖြစ်ပါသည်။

ပရိုတိုကောလ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းပေးခြင်း၊ သာတူညီမှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းတို့ကို အထောက်အကူဖြစ်စေရန် ဘက်စုံရန်ပုံငွေကို တည်ထောင်ခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေကနေ ဒေါ်လာ၃ဘီလီယံကို ထောက်ပံ့ပေးခဲ့ပါသည်။

ပရိုတိုကောလ်အောင်မြင်မှုများသည် သိပ္ပံနည်းကျတွေ့ရှိချက်များနှင့် နည်းပညာတိုးတက်မှုများအပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲမှုများကို ခွင့်ပြုပေးသည့် ၎င်း၏ လိုက်လျောညီထွေဖြစ်သော စီမံခန့်ခွဲချဉ်းကပ်မှုကြောင့်ဟု သတ်မှတ်ခံခဲ့ရပါသည်။ စိန်ခေါ်မှုများလည်းရှိပါသည်။

**စိန်ခေါ်မှုများ**

ပရိုတိုကောလ်သည် အိုဇုန်းလွှာပါးစေသောပစ္စည်းများ တရားမဝင်ကုန်သွယ်မှု၊ နည်းပညာဆန်းသစ်တီထွင်မှုလိုအပ်မှုနှင့် အိုဇုန်းလွှာထိခိုက်စေသည့် ဒြပ်စင်အသစ်များကို စီမံခန့်ခွဲခြင်းကဲ့သို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ အားကောင်းသော ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့များဖြစ်သည့် ဟိုက်ဒရိုဖလိုရိုကာဗွန်များ မြင့်တက်လာခြင်းကြောင့် ရာသီဥတုဆိုင်ရာ အကျိုးသက်ရောက်မှုကို ဖြေရှင်းရန် နောက်ထပ်ပြင်ဆင်မှုများ လိုအပ်လာပါသည်။

**(၂) The Kyoto Protocol**

ကျိုတိုပရိုတိုကောလ်သည် ဖွံ့ဖြိုးပြီးနိုင်ငံများအတွက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့ချနိုင်ရေးအတွက် ၁၉၉၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ပထမဆုံးနိုင်ငံတကာစာချုပ်ဖြစ်ပါသည်။ ၎င်းသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်

PDF Compressor Free Version

မှုကို လျှော့ချရန်နှင့် ဓာတ်ငွေ့ရောင်းဝယ်မှုကို လျှော့ချရန်၊ သန့်ရှင်းသောဖွံ့ဖြိုးတိုးတက်ရေးယန္တရားနှင့် ပူးတွဲအကောင်အထည်ဖော်ခြင်း ယန္တရားများမှတစ်ဆင့် ရာသီဥတု ပြောင်းလဲမှုကို တိုက်ဖျက်ရန်ရည်ရွယ်ထားပါသည်။ ပရိုတိုကောလ်ရည်မှန်းချက်သည် ကွဲပြားသော တာဝန်ဝတ္တရားများပေါ်တွင် အခြေခံထားပြီး ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချရာတွင် ဦးဆောင်သင့်သည်ဟု ဖြစ်ပါသည်။

**အကောင်အထည်ဖော်ခြင်းနှင့် အောင်မြင်မှု**

ကျိုတိုပရိုတိုကောလ်သည် ဈေးကွက်အခြေပြုယန္တရားများကိုမိတ်ဆက်ပြီး ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးပရောဂျက်များတွင် ပူးပေါင်းဆောင်ရွက်သည့်နိုင်ငံများအတွက် မူဘောင်တစ်ခုကို ဖန်တီးခြင်းဖြင့် နိုင်ငံတကာရာသီဥတုမူဝါဒတွင် သိသာထင်ရှားသော ခြေလှမ်းတစ်ရပ်ဖြစ်သည်ဟု အသိအမှတ်ပြုခဲ့ပါသည်။

အချို့သော ဥရောပသမဂ္ဂနိုင်ငံအချို့သည် ၎င်းတို့၏ ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး တစ်ချို့သောနိုင်ငံများက ရည်မှန်းချက်ထက်ကျော်လွန်အောင် အကောင်အထည်ဖော်နိုင်မှုကို ပြသခဲ့ကြသည်။ နိုင်ငံအချို့က ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများကို ပြသခဲ့ကြသည်။

**စိန်ခေါ်မှုများ**

ပရိုတိုကောလ်သည် အမေရိကန်ကဲ့သို့ အဓိကနိုင်ငံမှ နုတ်ထွက်ခြင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကတိကဝတ်မရှိခြင်း၊ ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချမှုကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် စိစစ်မှုများတွင် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရပါသည်။ ထို့အပြင် ကျိုတိုယန္တရားထိရောက်မှုများသည် ဓာတ်ငွေ့ထုတ်လွှတ်မှုများ ပို၍ခွဲဝေချထားခြင်းနှင့် သန့်ရှင်းသောဖွံ့ဖြိုးမှုယန္တရားပရောဂျက်များ၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိုးရိမ်မှုများတွင် မကြာခဏမေးခွန်းထုတ်ခြင်းကို ခံခဲ့ရသည်။ ပရိုတိုကောလ်၏ လွှမ်းခြုံမှုသည် ဖွံ့ဖြိုးပြီး နိုင်ငံများအပေါ်တွင်သာ စည်းနှောင်အားရှိသဖြင့် ကမ္ဘာလုံးဆိုင်ရာဓာတ်ငွေ့ထုတ်လွှတ်မှုကို ကိုင်တွယ်ဖြေရှင်းရန် ပိုမိုပါဝင်သော ချဉ်းကပ်မှုလိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့ပါသည်။

**(၃) The Paris Agreement**

ပဲရစ်သဘောတူညီချက်ကို ၂၀၁၅ ခုနှစ်တွင် ချမှတ်ခဲ့ပါသည်။ ၎င်းသည် ကျိုတိုပရိုတိုကောလ်နှင့် မတူဘဲ နိုင်ငံအားလုံးပါဝင်ပါသည်။ သဘောတူညီချက်၏ ရည်ရွယ်ချက်သည် ကမ္ဘာကြီး၏ အပူချိန်ကို လျှော့ချရန်နှင့် အပူချိန်တိုးလာမှုကို တတ်နိုင်သမျှနည်းလမ်းများဖြင့် လျှော့ချရန်ဖြစ်ပါသည်။ ပဲရစ်သဘောတူညီချက်တွင် နိုင်ငံများအားလုံးက ၎င်းတို့၏စွမ်းဆောင်ရည်နှင့် လုပ်နိုင်စွမ်းတို့အပေါ်အခြေခံ၍ ကမ္ဘာလုံးဆိုင်ရာ အားထုတ်မှုများတွင် အားလုံးပါဝင်နိုင်သည့် ချဉ်းကပ်မှုတစ်ရပ်ကို ထည့်သွင်းထားပါသည်။

**အကောင်ထည်ဖော်ဆောင်ရွက်မှုနှင့် အောင်မြင်မှု**

ပဲရစ်သဘောတူညီချက်သည် နိုင်ငံအလိုက် သတ်မှတ်ပြဋ္ဌာန်းထားသော ပံ့ပိုးကူညီမှုများ (NDCs)ကို မိတ်ဆက်ခဲ့ပြီး နိုင်ငံများအနေဖြင့် စွမ်းဆောင်ရည်နှင့် အခြေအနေများကိုအခြေခံ၍ ၎င်းတို့၏ ကိုယ်ပိုင်ရည်မှန်းချက်များကို ခွင့်ပြုထားပါသည်။ အဆိုပါ ချဉ်းကပ်မှုသည် ကျယ်ကျယ် ပြန့်ပြန့် ပါဝင်မှုကို တွန်းအားပေးပြီး ရည်မှန်းချက်ကြီးမားသော ရာသီဥတုဆိုင်ရာ စီမံချက်များကို တင်ပြလာကြသည်။ သဘောတူညီချက်တွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘဏ္ဍာရေးဆိုင်ရာ ပံ့ပိုးကူညီမှု ယန္တရားများကိုလည်း ချမှတ်ခဲ့ပါသည်။

ပဲရစ်သဘောတူညီချက်၏ အဓိကအောင်မြင်မှုများထဲမှ တစ်ခုမှာ ပဲရစ်သဘောတူညီမှုအား နိုင်ငံပေါင်း ၁၉၅ နိုင်ငံမှ လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံပေါင်း ၁၉၅ နိုင်ငံက လက်ခံအတည်ပြုခဲ့ခြင်းဖြစ်ပါသည်။ Green climate fund ကို ဖန်တီးခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရာသီဥတု အရေးယူဆောင်ရွက်မှုများကို ထောက်ပံ့ရန်အတွက် ဘဏ္ဍာရေးအရင်းအမြစ်များကိုစုစည်းရန် ယန္တရားတစ်ခုဖြစ်စေခဲ့သည်။ သို့သော်လည်း ရန်ပုံငွေအဆင့်များသည် အငြင်းပွားဖွယ်ရာ ကိစ္စတစ်ခုအဖြစ်ရှိနေပါသည်။

**စိန်ခေါ်မှုများ**

ပဲရစ်သဘောတူညီချက်တွင် အားလုံးပါဝင်သော မူဘောင်ရှိသော်လည်း အရေးပေါ် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။ ငွေကြေးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နည်းပညာပံ့ပိုးမှု လုံလောက်မှုမရှိသေးဘဲ ပထဝီနိုင်ငံရေးတင်းမာမှုများသည် စုပေါင်းကြိုးပမ်းမှုများကို ပျက်ပြားစေနိုင်ပါသည်။ ထို့အပြင် သဘောတူညီချက်၏ ကတိကဝတ်များကို စည်းနှောင်ခြင်းထက် နိုင်ငံ၏ကတိကဝတ်များအပေါ် မှီခိုအားထားမှုသည် ကမ္ဘာ့အပူချိန်ပန်းတိုင်များကို ပြည့်မီရန် စုပေါင်းလုပ်ဆောင်မှုမလုံလောက်ခြင်း အန္တရာယ်ကို ဖြစ်ပေါ်စေပါသည်။

**(၄) The Convention on Biological diversity**

ကွန်ဗင်းရှင်းအား ၁၉၉၂ ခုနှစ်တွင် ချမှတ်ခဲ့ပါ

သည်။ ကွန်ဗင်းရှင်းသည် ဇီဝမျိုးကွဲများထိန်းသိမ်းရန်၊ ဇီဝမျိုးကွဲများ၏ အစိတ်အပိုင်းများကို ရေရှည်အသုံးပြုရန် PDF Compressor Free Version နှင့် ဇီဝမျိုးကွဲများမှ ရရှိသောအကျိုးအမြတ်များကို တန်းတူညီမျှဝေမျှခြင်းတို့ဖြစ်ပါသည်။ ကွန်ဗင်းရှင်းသည် ဇီဝမျိုးစိတ်များ၏ အလေ့အကျင့်များကို ထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့သောစိုက်ပျိုးရေးနှင့် မျိုးသုဉ်းလုနီးပါး ဖြစ်ပေါ်နေသော မျိုးစိတ်များကို ကာကွယ်ပေးခြင်းအပါအဝင် ကျယ်ပြန့်သော ပြဿနာများကို ဖြေရှင်းပေးပါသည်။

**အကောင်အထည်ဖော်ခြင်းနှင့် အောင်မြင်မှုများ**

ကွန်ဗင်းရှင်းသည် မြောက်များစွာသော ဘေးမဲ့နယ်မြေများ တည်ထောင်ပေးခြင်း၊ အမျိုးသား ဇီဝမျိုးကွဲ မဟာဗျူဟာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေး ပရောဂျက်များအတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ ဇီဝမျိုးကွဲများ၏ အရေးပါမှုနှင့် ရေရှည်တည်တံ့သော အလေ့အကျင့်များလိုအပ်မှုကို ကမ္ဘာလုံးဆိုင်ရာအသိပညာကိုလည်း မြှင့်တင်ပေးခဲ့ပါသည်။

The Aichi Biodiversity Targets ကို ၂၀၁၀ တွင်ချမှတ်ခဲ့ပြီး ၂၀၂၀ ခုနှစ်အတွက် တိကျသောပန်းတိုင်များနှင့်အတူ လုပ်ဆောင်ချက်အတွက် မဟာဗျူဟာမူဘောင်ကို ပံ့ပိုးကူညီပေးခဲ့ပါသည်။

ကွန်ဗင်းရှင်း၏ ထင်သာသော အောင်မြင်မှုမှာ ထိန်းသိမ်းကာကွယ်မှုဧရိယာများ တိုးချဲ့ခြင်း၊ အန္တရာယ်ကျရောက်နေသော မျိုးစိတ်များကို ထိန်းသိမ်းမှု မြှင့်တင်ပေးခြင်း၊ ဇီဝမျိုးကွဲများကို ရေရှည် တည်တံ့အောင် အသုံးပြုမှုတွင် တိုးတက်မှုများဖြစ်ပါသည်။

**စိန်ခေါ်မှုများ**

ဇီဝမျိုးကွဲများ ကျဆင်းမှုသည် ဆက်လက်ဖြစ်ပေါ်နေသဖြင့် ပိုမိုအားကောင်းသည့် ညှိနှိုင်းဆောင်ရွက်မှုများ လိုအပ်နေသည်ကို ညွှန်ပြနေပါသည်။ ၂၀၂၀ တွင် The Aichi Biodiversity Targets အောင်မြင်မှုမရရှိခြင်းသည် ခိုင်မာသောကတိကဝတ်များနှင့် လုပ်ဆောင်ချက်များအတွက် လိုအပ်မှုများကို မီးမောင်းထိုးပြနေပါသည်။

ထို့အပြင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုများကို ဟန်ချက်ညီညီလုပ်ဆောင်ရန်နှင့် ဇီဝမျိုးကွဲများအပေါ် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် သိသာထင်ရှားသောစိန်ခေါ်မှုများ ရှိနေပါသေးသည်။

**(၅) The Basel Convention on the Control of Transboundary Movements of Hazardous Wastes and Their Disposal**

ဘေဆယ်ကွန်ဗင်းရှင်းကို ၁၉၈၉ ခုနှစ်တွင် အတည်ပြုချမှတ်ခဲ့ပါသည်။ ကွန်ဗင်းရှင်းသည် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ နယ်စပ်ဖြတ်ကျော်ရွှေ့လျားမှုများကို ထိန်းညှိခြင်း၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စီမံခန့်ခွဲမှုကို မြှင့်တင်ခြင်းဖြင့် လူသားများကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကိုကာကွယ်ရန် ရည်ရွယ်ပါသည်။ ထိုသဘောတူညီချက်သည် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ထုတ်လုပ်မှုကိုလျှော့ချရန်၊ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စီမံခန့်ခွဲမှုများကို အာမခံရန်နှင့် အန္တရာယ်ရှိသောစွန့်ပစ်ပစ္စည်းများကို ဘေးကင်းစွာ စီမံခန့်ခွဲနိုင်စွမ်းမရှိသော နိုင်ငံများသို့ လွှဲပြောင်းပေးခြင်းကို တားဆီးရန်ရည်ရွယ်ထားပါသည်။

**အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အောင်မြင်မှုများ**

ဘေဆယ်ကွန်ဗင်းရှင်းသည် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများ ရွှေ့ပြောင်းမှုကို ထိန်းချုပ်ရန်အတွက် ဥပဒေဆိုင်ရာမူဘောင်တစ်ခုကို ပြဋ္ဌာန်းထားပြီး စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးခဲ့ပါသည်။ ကွန်ဗင်းရှင်းသည် နည်းပညာဆိုင်ရာ လမ်းညွှန်ချက်များနှင့် စွမ်းရည်မြှင့်တင်ရေး လုပ်ဆောင်မှုများကိုလည်း ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်စေခဲ့သည်။ ကွန်ဗင်းရှင်းတွင် ပါဝင်သောနိုင်ငံများသည် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သောနည်းလမ်းဖြင့် စီမံခန့်ခွဲကြောင်း သေချာစေရန်နှင့် တရားမဝင်ကုန်သွယ်မှုကို ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ကွန်ဗင်းရှင်း၏အောင်မြင်မှုတွင် လေ့ကျင့်ရေးနှင့် နည်းပညာလွှဲပြောင်းရေးအတွက် ဒေသဆိုင်ရာစင်တာများ ဖန်တီးခြင်းပါဝင်ပြီး ၎င်းတို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲနိုင်စွမ်းကို မြှင့်တင်ပေးခဲ့သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများတင်ပို့ခြင်းကို တားမြစ်သည့် တားမြစ်ချက်ပြင်ဆင်ချက်ကို အတည်ပြုခြင်းသည် ကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်ကို ပိုမိုခိုင်မာစေခဲ့သည်။

**စိန်ခေါ်မှုများ**

စိန်ခေါ်မှုများတွင် အန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများကို တရားမဝင်ကုန်သွယ်မှု၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အခြေခံအဆောက်အအုံနှင့် လုပ်နိုင်စွမ်းရည်မရှိခြင်းနှင့် အကောင်အထည်ဖော်ရာတွင် အခက်အခဲများ ပါဝင်ပါ

သည်။ ကွန်ဗင်းရှင်း၏ ထိရောက်မှုကိုလည်း မတူညီသော နိုင်ငံများ၏ စည်းမျဉ်းများနှင့် စံနှုန်းများ ကွဲပြားခြင်းသည် အဟန့် အတား ဖြစ်စေခဲ့သည်။ အီလက်ထရောနစ် ပစ္စည်းများ (e-waste) နှင့် အခြားပေါ်ပေါက်လာသော စွန့်ပစ်ပစ္စည်း စီးကြောင်းများ မြင့်တက်လာခြင်းစသည့် စိန်ခေါ်မှုများအား ဖြေရှင်းရန် စည်းမျဉ်းစည်းကမ်းများကို အဆင့်မြှင့်တင်ခြင်း နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ကြရမည် ဖြစ်ပါသည်။

PDF Compressor Free Version

## စိန်ခေါ်မှုများကို ဖြေရှင်းခြင်း

အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာချုပ်များအား လိုက်နာမှုယန္တရားများအား ကောင်းစေခြင်းဖြင့် နိုင်ငံများ၏တာဝန်ယူမှုနှင့် ၎င်းတို့ကတိကဝတ်များ လိုက်နာမှုသေချာခြင်းများတွင် တိုးတက်မှုများ ရှိလာနိုင်မည်ဖြစ်သည်။ စွမ်းရည်မြှင့်တင်မှုတိုးမြှင့်ခြင်း၊ နည်းပညာလွှဲပြောင်းမှုတွင် လွယ်ကူစေခြင်း၊ ငွေကြေးနှင့် နည်းပညာထောက်ပံ့ခြင်းတို့တွင် သာတူညီမျှမှုနှင့် တန်းတူရည်တူရှိမှုများ ပါဝင်သော သဘောတူစာချုပ်များ ဖြစ်စေခြင်းတို့သည် စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အရေးကြီးပါသည်။ အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သဘောတူစာချုပ်များ အောင်မြင်မှုရှိစေရန်အတွက် နိုင်ငံများအကြား သဘောတူညီချက်ရရှိရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတို့သည် အလွန်ပင်အရေးကြီးပါသည်။ သံတမန်ရေးရာအားထုတ်ခြင်း၊ နိုင်ငံပေါင်းစုံပါဝင်သော တွေ့ဆုံဆွေးနွေးမှုများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်လာခြင်းတို့သည် ပထဝီနိုင်ငံရေးဆိုင်ရာ လွှမ်းမိုးမှုများကို ဖြေရှင်းနိုင်မည် ဖြစ်ပါသည်။ လူထုကို အသိပညာပေးခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်မှုမြှင့်တင်ပေးခြင်းသည် အပြည်ပြည်ဆိုင်ရာ စာချုပ်များ၏ ထိရောက်မှုကို မြှင့်တင်ပေးနိုင်ပါသည်။

## နိဂုံးချုပ်

ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုနှင့် ရာသီဥတုပြောင်းလဲမှု၏ ရှုပ်ထွေးပြီး အပြန်အလှန်ဆက်စပ်နေသော စိန်ခေါ်မှုများကို ဖြေရှင်းရာတွင် အပြည်ပြည်ဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေသည် အရေးကြီးသောအခန်းမှ ပါဝင်နေပါသည်။ မွန်ထရီရယ်ပရိုတိုကော၊ ကျိုတိုပရိုတိုကော၊ ပါရီသဘောတူညီချက်နှင့် ဘေဆယ်ကွန်ဗင်းရှင်းတို့အား လေ့လာမှုများက ရရှိသော တိုးတက်မှုနှင့် ကြုံတွေ့ရသောအတားအဆီးများ၊ အိုဇုန်းလွှာ ပြန်လည်ကောင်းမွန်လာခြင်းနှင့် ရာသီဥတုဆိုင်ရာ ဆောင်ရွက်မှုအစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးခြင်း ကဲ့သို့သော သိသာထင်ရှားသော အောင်မြင်မှုများ ရရှိခဲ့သော်လည်း ရန်ပုံငွေရှာဖွေခြင်းနှင့် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုကို မြှင့်တင်ခြင်းတို့တွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်ပါသည်။ ဤစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန်အတွက် သဘောတူစာချုပ်များအား လိုက်နာမှုအားကောင်းစေသည့် ယန္တရားများ အားကောင်းစေခြင်း၊ လုံလောက်သော ရန်ပုံငွေရရှိရန်၊ နည်းပညာဆန်းသစ်တီထွင်မှုကို မြှင့်တင်ခြင်း၊ နိုင်ငံရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းခြင်းစသည့် နေရာစုံမှ ပါဝင်ချဉ်းကပ်မှုများ လိုအပ်ပါသည်။

References

https://www.unep.org/ozonaction/who-we-are/montreal-protocol
https://unfccc.int/kyoto_protocol
-https://unfccc.int/process-and-meetings/the-paris-agreement/the-paris-agreement
-Convention on Biological Diversity (CBD). (1992).
-Basel Convention on the Control of Transboundary Movements of Hazardous Wastes and Their Disposal. (1989). http://www.basel.int/TheConvention/Overview/tabid/1271/Default.aspx
https://www.greenclimate.fund/
Intergovernmental Panel on Climate Change (IPCC). (2021). Sixth Assessment Report.
World Resources Institute(WRI). (2021). Climate Watch https:// www. climatewatchdata. org/ ndcs
https:// www. iied. org/ financing- climate- action- supporting- developing- countries




********************

# တောင်ကြီး (၁) ယင်မ၊ ရွှေကျူနှင့် နေပြည်တော်

PDF Compressor Free Version



ဦးဌေးအောင် (စိမ်းခိုသစ်)

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်နယ်မြေသည် လွန်ခဲ့သည့်နှစ်ပေါင်း (၂၀) ခန့်က မန္တလေးတိုင်း၊ ပျဉ်းမနား ခရိုင်အတွင်းရှိ ပျဉ်းမနား၊ တပ်ကုန်း၊ လယ်ဝေးမြို့နယ်တို့၏ မြို့နယ်ဧရိယာများအဖြစ်တည်ရှိခဲ့ပြီး ယခုအစိုးရရုံး၊ ဌာန အဆောက်အအုံများ တည်ရှိရာနေရာအတော်များများမှာ ဖုံဖောင်တောင်/ရန်အောင်မြင် အပါအဝင် သစ်တောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် သစ်တောနယ်မြေတစ်ခု ဖြစ်ခဲ့ပါသည်။

## (၁) ဆောင်းပါး၏ ရည်ရွယ်ချက်

နေပြည်တော်တည်ဆောက်ရေးကာလ အစဦးပိုင်းတွင် ရန်ကုန်မြို့မှ အစိုးရရုံးဌာနအဖွဲ့အစည်းများ နေပြည်တော်သို့ ပြောင်းရွှေ့ကြရာ မိမိတို့ဝန်ကြီးဌာန(သစ်တောရေးရာဝန်ကြီး ဌာန)အောက်ရှိသစ်တောဦးစီးဌာနသည်လည်းအခြားလုပ်ငန်း/ ဌာနများကဲ့သို့ပင် ဦးစီးရုံးချုပ် ပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို အဆင့်အလိုက် အချိန်ကိုက်ဆောင်ရွက်ခဲ့ကြရသည့်အပြင် တည်ဆောက်ရေးကာလအတွင်း ဆောက်လုပ်လျက်ရှိသည့် နိုင်ငံတော်အဆင့်ရုံး/ ဌာနအဆောက်အအုံများ၊ ဘုရား စေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ ဖောက်လုပ်သည့်လမ်း/တံတားများ၏ ဝန်းကျင် ဝဲ/ယာများ စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးခြင်း၊ ဖြန့်ဝေခြင်းလုပ်ငန်းများကို တစ်ချိန်ထဲတွင်ပင် တာဝန်ယူဆောင်ရွက်ခဲ့ရပါသည်။

ထိုသို့ အစိုးရရုံးဌာနများ ပြောင်းရွှေ့ခဲ့ပြီးနောက်ပိုင်း ယခုကာလများတွင် နေပြည်တော်စိမ်းလန်းစိုပြည်သာယာ စေရေးအတွက် သစ်ပင်၊ ပန်းပင်၊ အလှပင်များ ထပ်မံ/ ပြောင်းလဲ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း၊ မြေယာရှုခင်းအလှ ဆင်ခြင်းတို့ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက ဆောင်ရွက်လျက်ရှိရာ ယခု နေပြည်တော်တစ်ခွင် မြင်တွေ့ နေရသည့် သစ်ပင်၊ ပန်းပင်၊ ရာသီအလိုက်ပန်းပွင့်သည့် အပင်ကြီးများအနက် နေရာအတော်များများရှိ အပင်များမှာ နေပြည်တော်တည်ဆောက်ရေးကာလများအတွင်း မိမိတို့ သစ်တောဦးစီးဌာနက စိုက်ပျိုးဆောင်ရွက်ခဲ့ကြသည့် အပင် များဖြစ်သည်ကို နောင်လာမည့်မျိုးဆက်သစ် သစ်တော ဝန်ထမ်းများ သိရှိနိုင်စေရန် အဓိကရည်ရွယ်ပြီး ယခု ဆောင်းပါးကို ရေးသားဖော်ပြခြင်းဖြစ်ပါသည်။

## (၂) ကျွန်တော်နှင့်နေပြည်တော်

နေပြည်တော်တည်ဆောက်ရေး အစဦးကာလက မိမိသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘို မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီး အရာရှိတာဝန်များကို (ဒုတိယအကြိမ်) ထမ်းဆောင်နေစဉ် (၂၈–၃–၂၀၀၆) ရက်နေ့က ကျင်းပပြုလုပ်သည့် သစ်တော ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံးစီမံခန့်ခွဲမှုကော်မတီ အစည်း အဝေးတွင် ဆုံးဖြတ်ချက်အရ စာရေးသူအား ပျဉ်းမနား မြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိတာဝန်များကို ထမ်းဆောင်ရန် နေပြည်တော် သစ်တောဦးစီးဌာန၊ ညွှန် ကြားရေးမှူးချုပ်ရုံးသို့ (၃၁–၃–၂၀၀၆) ရက်နေ့ အရောက် သွားရောက်သတင်းပို့ တာဝန်ထမ်းဆောင်ရမည်ဟု အပူ ပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဦးထွန်းထွန်း) က ၎င်း (၂၈–၃–၂၀၀၆) နေ့ (၁၅:၀၀) နာရီခန့်တွင် အထက်ပါအတိုင်း စကားပြောကြေးနန်းဖြင့် တိုက်ရိုက်ညွှန်ကြားခဲ့ပါသည်။

အထက်ဖော်ပြပါ ညွှန်ကြားချက်အရ ရွှေဘိုမြို့နယ်၊

PDF Compressor Free Version

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ၏ တာဝန်များကို ရှေ့တိုးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (ဦးသက်လွင်) သို့ (၃၀–၃–၂၀၀၆) ရက်နေ့တွင် လွှဲပြောင်း၍ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ နေပြည်တော် (ထိုစဉ်က ရုံးအမှတ် ၂၉ ဝန်ကြီးရုံးတွင် တွဲဖက်ဖွင့်လှစ်) သို့ (၃၁–၃–၂၀၀၆)နေ့ ညနေတွင်ရောက်ရှိခဲ့ပြီး စီမံနှံခွဲရေးဌာန၊ ညွှန်ကြားရေးမှူး (ဦးမြင့်စိန်)ထံ ဝင်ရောက်သတင်းပို့ခဲ့ရာ ပျဉ်းမနားမြို့နယ်၊ သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိတာဝန်များအပြင် ဦးစီးရုံးချုပ်က ပေးအပ်သည့် လုပ်ငန်းတာဝန်များကိုပါ ထမ်းဆောင်ရန် ညွှန်ကြားချက်ရရှိခဲ့သည့်ငင်းနေ့မှ (၁–၇–၂၀၁၀) ရက်နေ့အထိ နေပြည်တော် တည်ဆောက်ရေးကာလတစ်လျှောက် ပေးအပ်သည့်အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါသည်။

**(၃) နေပြည်တော်စိမ်းလန်းစိုပြည်ရေး**

ထိုသို့ ပျဉ်းမနားမြို့နယ်သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ တာဝန်များကို စတင်တာဝန်ထမ်းဆောင်စဉ်မှာပင် နေပြည်တော်တည်ဆောက်ရေးကာလ၏ တရားမဝင်သစ်များဖမ်းဆီးအရေးယူခြင်း၊ တည်ဆောက်ရေးအတွက် စီးဝင်လာသည့် တရားဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ စိစစ်ဆောင်ရွက်ခြင်း၊ နေပြည်တော် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးသို့ အသုတ်လိုက် ပြောင်းရွှေ့ရောက်ရှိလာသည့် သစ်တောဝန်ထမ်းများအတွက် စားဖိုဆောင်သုံး သီးနှံများ စိုက်ပျိုးဖြန့်ဝေရခြင်း၊ နေပြည်တော် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း/ပျိုးပင်ဖြန့်ဝေခြင်း လုပ်ငန်းများနှင့် ပြောင်းရွှေ့ ရောက်ရှိဆဲ သစ်တောရေးရာ ဝန်ကြီးရုံး ၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတို့အတွက် လိုအပ်သည့် အထွေထွေလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပါသည်။

အထက်ဖော်ပြပါ နေပြည်တော်တည်ဆောက်ရေးကာလအတွင်း ဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းတာဝန်များကို ထိုစဉ်က သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်–ဒုတိယဝန်ကြီး (ငြိမ်း) ၏ တိုက်ရိုက်လမ်းညွှန်မိန့်မှတ်ချက်များဖြင့် လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

**(၄) တည်ဆောက်၊ ပျိုးထောင်၊ ထိန်းသိမ်းခဲ့သည့် ပျိုးဥယျာဉ်များ**

အထက်ဖော်ပြပါအတိုင်း နေပြည်တော်ဒေသတည်ဆောက်ရေးကာလအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် လိုအပ်သည့် ပျိုးပင်များကို ပျဉ်းမနားခရိုင် (ယခင်) အတွင်းရှိမြို့နယ်များ၏ ပျိုးဥယျာဉ်များမှလည်းကောင်း၊ ဦးစီးရုံးချုပ်သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့ သက်စေ့နှင့်ပျိုးပင်ဌာနခွဲရှိ ပျိုးဥယျာဉ်များ၊ ပြည်နယ်/တိုင်းများရှိ ပျိုးဥယျာဉ်များနှင့်ပြင်ပက ဝယ်ယူခြင်းများဖြင့်လည်းကောင်း၊ လိုအပ်သည့် သစ်ပင်၊ ပန်းမန်များကို နေပြည်တော်သို့ ပေးပို့ခဲ့ရာ လက်ခံပြုစု၊ ထိန်းသိမ်းဆောင်ရွက်ခဲ့ရပါသည်။

ထိုသို့ ဒေသအသီးသီးက မော်တော်ယာဉ်များဖြင့် ပေးပို့လာသည့် ပျိုးပင်ပေါင်း (၁၀) သိန်းကျော်ကိုလက်ခံသိမ်းဆည်းပြုစုရန် နေပြည်တော် တည်ထောင်စတွင် တည်ဆောက်ခဲ့သည့် တောင်ထီးပျိုးဥယျာဉ် (ယခု ရာဇဌာနီလမ်းမကြီးအရှေ့ဘက် Royal Myanmar Golf Club ရေယာ) တစ်ခုတည်းဖြင့် မလုံလောက်သည့်အပြင် နေပြည်တော် တည်ဆောက်ရေးကာလအလွန်တွင် သစ်တောဦးစီးဌာနအတွက် တည်ဆောက်ပြီး ပျိုးဥယျာဉ်နှင့် မြေနေရာများရရှိစေရန် ရည်ရွယ်ချက်များဖြင့် ယာယီပျိုးဥယျာဉ်များ တည်ထောင်ရန် ညွှန်ကြားချက်အရ အောက်ဖော်ပြပါအတိုင်း ထပ်မံတိုးချဲ့တည်ဆောက်ခဲ့ပါသည် –

(က) တောင်ထီးပျိုးဥယျာဉ်

(ခ) ရန်အောင်မြင် ပျိုးဥယျာဉ်

(ဂ) ခုတင် (၃၀၀) ပျိုးဥယျာဉ်

(ဃ) နန္ဒချွန် ပျိုးဥယျာဉ်

(င) ရွှေကျ ပျိုးဥယျာဉ်

**(က) တောင်ထီးပျိုးဥယျာဉ်**

နေပြည်တော် ရာဇဌာနီလမ်းမကြီးအရှေ့ဘက်ရှိ Royal Myanmar Golf Club ရေယာ (ယခင် တည်ရှိခဲ့သည့် တောင်ထီးကျေးရွာအနီး)တွင် တည်ရှိပြီး မြေအကျယ် (၃ဧက) ခန့်ပေါ်တွင် ပျိုးပင် (၂) သိန်းဆံ့ပျိုးစင်၊ နှစ်ခန်းတွဲ ဝန်ထမ်းနေအိမ်၊ ရှင်းလင်းဆောင်၊ မြေအောက်ရေတွင်း ဂါလံ (၈၀၀) ဆံ့ ရေစင်တို့ပါရှိပြီး ရေယာအား သံဆူးကြိုးကာရံထားသည့် အဆင့်မြင့်ပျိုးဥယျာဉ်တစ်ခု ဖြစ်ပါသည်။ ဖော်ပြပါပျိုးဥယျာဉ်အတွင်း ရုံးချုပ်ဝန်ထမ်းများကို အခမဲ့ဖြန့်ဝေသည့် ဟင်းသီး၊ ဟင်းရွက်စိုက်ခင်းကိုလည်း စိုက်ပျိုးတည်ထောင်ခဲ့ပါသည်။

**(က–၁) တောင်ထီးမှသည် ပင်မပျိုးဥယျာဉ်**

ဖော်ပြပါပျိုးဥယျာဉ်သည် တောင်ထီးကျေးရွာအနီး တည်ဆောက်ခဲ့သဖြင့် တောင်ထီးပျိုးဥယျာဉ်ဟု အမည်တွင်ခဲ့ပြီး နေပြည်တော်တည်ဆောက်ရေးကာလတစ်လျှောက် တည်ဆောက်ခဲ့သည့် ပျိုးဥယျာဉ်များအနက် တည်နေရာအရ အချက်အချာအကျဆုံးဖြစ်ပြီး ပျိုးဥယျာဉ်တစ်ခု၏ ဖွဲ့စည်းပုံအပြည့်ဖြင့် လုပ်ငန်းဆောင်ရွက်ရသည့် ပမာဏအများဆုံးဖြစ်သည့်အားလျော်စွာ ဌာနကြီးအကဲများ စဉ်ဆက်မပြတ် လာရောက်စစ်ဆေးညွှန်ကြားခဲ့သည့် ပျိုး

ဥယျာဉ်တစ်ခုလည်း ဖြစ်ပါသည်။ သို့ဖြစ်သဖြင့် ဖော်ပြပါ တောင်ထီးမျိုးဥယျာဉ်အား ၂[illegible] ခုနှစ်တွင် ပင်မမျိုးဥယျာဉ်ဟု အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။ (တောင်ထီးမျိုးဥယျာဉ်ကို ဦးစီးအရာရှိ ဦးအောင်ကျော် (ကွယ်လွန်)၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်သန်း (ကွယ်လွန်) တို့က တည်ဆောက်ခဲ့ပြီး မိမိရောက်ရှိ တာဝန်ယူချိန်တွင် ထပ်မံတိုးချဲ့ အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။)

PDF Compressor Free Version

**( ခ ) ရန်အောင်မြင်မျိုးဥယျာဉ်**

လယ်ဝေးမြို့နယ်အတွင်းရှိ ရန်အောင်မြင်ဆည် အောက်ဖက်မြောင်းလက်တံအနီး (ယခုဟိုတယ်ဇုန်) နေရာတွင် မျိုးပင် (၅၀,၀၀၀) ဆံ့ ယာယီမျိုးဥယျာဉ်တစ်ခုကို လယ်ဝေးမြို့နယ်၊ သစ်တောဦးစီးဌာနက တည်ဆောက်မျိုးထောင်ခဲ့ပြီး ထိုစဉ်က ဦးစီးအရာရှိမှာ ဦးချစ်ဦး (ယခု ပဲခူးတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူး) ဖြစ်ပါသည်။ ဖော်ပြပါ ရန်အောင်မြင်မျိုးဥယျာဉ်သည် ဦးစီးရုံးချုပ်အစီအစဉ်ဖြင့် သယ်ယူပြောင်းရွှေ့ရောက်ရှိလာသည့် မျိုးပင်များ လက်ခံထိန်းသိမ်းခြင်း၊ ရုံးချုပ်ဝန်ထမ်းများသို့ဖြန့်ဝေမည့် ဟင်းသီး၊ ဟင်းရွက်များ စိုက်ပျိုးခြင်းတို့ အဓိကဆောင်ရွက်ခဲ့ပါသည်။

**( ဂ ) ခုတင် (၃၀၀) မျိုးဥယျာဉ်**

ဖော်ပြပါမျိုးဥယျာဉ်ကို ပျဉ်းမနား၊ တောင်ညိုလမ်းမကြီး၏ တောင်ဘက်၊ ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပရဆေးဥယျာဉ်နှင့်မျက်နှာချင်းဆိုင်ရှိ ရေကန်ကြီးအနီး ခုတင် (၃၀၀) ဆေးရုံ (ယခု နေပြည်တော်အထွေထွေရောဂါကုဆေးရုံ) အောက်ခြေတွင် တည်ဆောက်ခဲ့ပြီး မျိုးပင် (၁၅၀,၀၀၀) ဝင်ဆံ့သည့် ယာယီမျိုးဥယျာဉ်တစ်ခုဖြစ်ပါသည်။ ၎င်းမျိုးဥယျာဉ်ထပ်မံတည်ဆောက်ခြင်းမှာ ဦးစီးရုံးချုပ်အစီအစဉ်ဖြင့် သယ်ယူရောက်ရှိလာသည့် မျိုးပင်များမှာ ရှိပြီးမျိုးဥယျာဉ်များတွင် ထားရှိရန်နေရာမလုံလောက်သဖြင့် ၂၀၀၇ ခုနှစ်၊ မတ်လတွင် ထပ်မံတည်ဆောက်ခဲ့ပြီး ရောက်ရှိလာသည့် မျိုးပင်များကိုဖြန့်ဝေ၊ စိုက်ပျိုးခြင်းမပြုမီ ပြန်လည်ကြံ့ခိုင်လန်းဆန်းလာစေရေး ပြုစုထိန်းသိမ်းသည့်မျိုးဥယျာဉ် (Rehabilitation nursery) တစ်ခုအဖြစ် အဓိက ရည်ရွယ်တည်ဆောက်ခဲ့သည့် မျိုးဥယျာဉ် ဖြစ်ပါသည်။

ဆက်လက်ဖော်ပြပါမည် -

နောက်ကျောဖုံးမှ အဆက် ➤

**အရွယ်ပမာဏနှင့် ထင်ရှားသည့်လက္ခဏာများ–**

ချယ်ရီပင်၏ အရွက်များသည် ရွက်ရိုးရွက်လွှဲထွက်သည်။ အရွက်များမှာ သွယ်၍ ထိပ်ချွန်ပြီး ရွက်ရင်းမှာ ကြက်ဥပုံသဏ္ဍာန်ရှိသည်။ အရွက်အနားများ၌ သေးငယ်ပြီး ချွန်ထက်နေသည့် ခွေးသွားစိတ်များပါရှိသည်။ ချယ်ရီပင်၏အခေါက်သည် မီးခိုးညိုရောင်ဖြစ်ပြီး ပြောင်ချောနေသည်။ အဖတ်လိုက်ကွာကျနေသော ချယ်ရီပင်၏အခေါက်ဟောင်းများသည် ပင်စည်၌ ကပ်နေကြသည်ကို တွေ့ရှိရသည်။ အပင်များသည် အလတ်စား အပင်ကြီးမျိုးဖြစ်ပြီး ပြင်ဦးလွင်ဒေသတွင် အမြင့်ပေ ၄၀ မှ ၅၀ အထိ ပေါက်ရောက်ကြသည်။ အရွက်ဟောင်းများမှာ အစိမ်းရောင်မှ အဝါရောင်သို့ ပြောင်းလဲပြီးနောက် အောက်တိုဘာလမှ ဒီဇင်ဘာလအတွင်း ရွက်ဟောင်းများ ကြွေကျသည်။ ရွက်နုရွက်သစ်များမှာ ရွက်ဟောင်းများ ကြွေကျ၍ မကုန်မီ ထွက်ပေါ်လာကြသည်။

ပန်းများသည် အောက်တိုဘာလမှ နိုဝင်ဘာလအတွင်း ဖူးပွင့်ကြသည်။ ပန်းများသည် အရွက် မရှိတော့သည့်အချိန်မှ ပြောင်ရှင်းနေသော အကိုင်းများတွင် ဖူးပွင့်ကြသည်။ အလွန်လှပသော အပင်မျိုးဖြစ်သည်။ အသီးများမှာ နီဝါရောင်ဖြစ်ပြီး အခွံမာ၍ အသီးတစ်လုံးတွင် အစေ့တစ်စေ့သာပါရှိသော အသီးမျိုးဖြစ်သည်။ အသီးမှည့်များကိုလည်း ငှက်များ စားကြသည်။ အသီးမှည့်များကို ငှက်များ စားသဖြင့် အစေ့များမှာ ငှက်များနှင့်အတူ အဝေးသို့ ရောက်ရှိသွားပြီး မျိုးဆက်ပြန့်ပွားခြင်းကို ဖြစ်စေပါသည်။ ချယ်ရီပန်းများသည် အလွန်လှပသော ပန်းဖြစ်သည့်အတွက် လူအများ အလွန်ကြိုက်နှစ်သက်ကြသည်။

**သစ်သား–**

ချယ်ရီသား၏အရောင်မှာ အနီရောင်ဖြစ်၍ အသင့်အတင့် မာကျောပြီး အနံ့မွှေးသည်။ သစ်ခွဲသားများမှာလည်း အလွန်လှပသည်။ လေဖြင့် ခြောက်သွေ့ပြီးပါက သစ်သားတစ်ကုဗပေလျှင် အလေးချိန် ၄၆ ပေါင်စီးသည်။ ချယ်ရီသားကို ပရိဘောဂများ၊ ပွတ်ထိုးရန်နှင့် လက်ကိုင်တုတ်များ ပြုလုပ်ရာ၌ အသုံးပြုကြသည်။

**U Hoke Lin ၏ Facebook account မှ ကူးယူ ဖော်ပြခြင်းဖြစ်ပါသည်။**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊
စွမ်းအင်လည်းရ၊ ပြည်လည်းလှ




PDF Compressor Free Version

**သတင်းပေးသူတစ်ဦး**

၂၀၂၂ ခုနှစ်၊ ဘိုကလေးမြို့တွင် ဦးစီးအရာရှိရာထူးဖြင့် တာဝန်ထမ်းဆောင်စဉ်အချိန်ဖြစ်သည်။ (၇.၂.၂၀၂၂) ရက်နေ့ (၁၇:၃၀) နာရီအချိန်ခန့်၊ ရုံးမှာရှိစဉ် တယ်လီဖုန်း ဝင်လာ၍ ''ဟုတ်ကဲ့ အမိန့်ရှိပါခင်ဗျာ''ဟု ဖုန်းလက်ခံ ဖြေလိုက်သည်။

တစ်ဘက်မှ– ဆရာ ..... ကျွန်တော် သစ်မှော်တော်သတင်း ပေးချင်လို့၊ ကျွန်တော်ဘယ်သူဆိုတာ မပြောတော့ဘူး၊ ဆရာ့ကိုတော့ ကျွန်တော်ကောင်းကောင်း သိတယ်၊ ဆုကြေးလည်းမလိုချင်ဘူး၊ တကယ်ဖမ်းမယ်လို့ ယုံကြည်လို့ ဆရာ့ဆီ ဖုန်းဆက်လိုက်တာ။

စာရေးသူမှ– ဟုတ်ကဲ့ဗျ၊ ကျွန်တော်ရအောင် ဖမ်းဆီးပေးပါ့မယ်။

တစ်ဘက်မှ– မော်တော် (၂) စီး ပင်လယ်ပြင်ကကောင်ဆီ သွားဖို့ရှိတယ်၊ အပေါ်ကုန်ပါပါတယ်၊

စာရေးသူမှ– အပေါ်ကုန်ဘာနဲ့အုပ်ထားလဲ၊ ပုံစံကဘယ်လိုရှိလဲ၊ အခုအချိန်ဆို ဘယ်လောက်ရောက်နေနိုင်မလဲ ပြောပြလို့ရနိုင်မလားဗျာ

တစ်ဘက်မှ– တစ်ကောင်ကစပါး၊ တစ်ကောင်က ဝါးကောင်ပါ၊ အခုလောက်ဆို မြောင်းမြဝန်းကျင်လောက် ရောက်လောက်မယ်၊ ရောဝတီမြစ်တစ်လျှောက် ဆင်းလာတာ၊ စပါး (၁၅၀၀) ဆန့် ဖားကူး (စက်လှေအကြီး တစ်မျိုး) ပုံစံပဲ၊

စာရေးသူမှ– ပင်လယ်ထွက်မယ့်ကောင် ဖြစ်နိုင်တယ် ခရိုင်မှူးထံတင်ပြပြီး ခရိုင်အစီအစဉ်နဲ့ ဆောင်ရွက်လိုက်ပါ့မယ်၊

တစ်ဘက်မှ– ခရိုင်အစီအစဉ်နဲ့မလုပ်ပါနဲ့၊ ဆရာ့အစီအစဉ်နဲ့ပဲ လုပ်နိုင်သလောက် လုပ်ပေးပါ၊

စာရေးသူမှ– မော်တော် (၂) စီးသွားပို့မယ့် ပင်လယ်ပြင်ကကောင်က ဘယ်နားလောက်မှာ အထိုင်ချထားလဲ ဗျ

တစ်ဘက်မှ– မငြိမ်ဘူးရွှေ့နေတာ၊ အခြေအနေမကောင်းရင် ပါသလောက်နဲ့ ပြည်ပထွက်နိုင်တယ်။

စာရေးသူမှ– ဒီမော်တော်တွေက ပထမဆုံးသွားပို့မယ့်ကောင်တွေလားဗျ

တစ်ဘက်မှ– အဲ့လိုတော့ သိရတယ်၊ သိပ်တော့မသေချာဘူး၊ ကိစ္စရှိလို့ ဖုန်းချလိုက်တော့မယ်၊

စာရေးသူမှ– ကျွန်တော်လည်း သိချင်တာရှိရင်လည်းထပ်ဆက်လိုက်ပါ့မယ်၊ သေချာကြိုးစားပေးပါ့မယ်ဗျာ။

ဖုန်းချသွားသည်နှင့်သတင်းခိုင်မာအောင် အတည်ပြုပြီး စာရေးသူဦးဆောင်၍ ဝန်ထမ်းများစုဖွဲ့ကာ ဘိုကလေးမြစ်ကြောင်းတစ်လျှောက်နှင့် ဖားကူးစက်လှေဝင်နိုင်သည့်မြစ်ချောင်းများ လိုက်လံရှာဖွေ၍ ထိုညကို ဖြတ်သန်းလိုက်သော်လည်း ထူးခြားမှုမရှိခဲ့ပါ၊ နောက်တစ်နေ့ မနက်လည်း ဝန်ထမ်းများစေလွှတ်၍ စုံစမ်းရှာဖွေရာတွင်လည်း ထူးခြားမှုမရှိခဲ့ပါ။ သို့နှင့် သတင်းပေးသူဖုန်းသို့ပြန်လည်ဆက်သွယ်ကြည့်ရာ ဖုန်းပိတ်ထားကြောင်း သိလိုက်ရပါသည်။ ဖုန်းပိတ်ထားခြင်းသည် ''သစ်ခိုးအဖွဲ့အနေဖြင့် ဒီဘက်လမ်းကြောင်းပြပြီး ဖျာပုံဘက်လမ်းကြောင်းကနေ ပင်လယ်ပြင်သွားချင်၍ ဆက်လေသလား၊ သို့မဟုတ် မိမိအပေါ် ယုံကြည်မှုမရှိတော့၍ဖုန်းပိတ်လိုက်လေခြင်းများ ဖြစ်နေမလား'' ဝေခွဲမရဖြစ်နေမိသည်။ ထို့ကြောင့်ဒီလိုမော်တော် (သားပိုက်ကောင်) တွေကို မမိနိုင်ပေမယ့် သားပိုက်ကောင်တွေဦးတည်သွားနေသော ပြည်ပထွက်မည့်လှေကြီးကိုရအောင်ဖမ်းပြလိုသည်။ သစ်တောဝန်ထမ်းများသည် လွယ်လွယ်နဲ့လက်မလျှော့ကြောင်း၊ သတင်းအချက်အလက်ချိတ်ဆက်ရယူမှု/စုဖွဲ့မှုအားကောင်း

ကြောင်း၊ သတင်းပေးသူ၏ယုံကြည်မှုနှင့် ထိုက်တန်ကြောင်းကို ပြလိုစိတ်များ တဖွားဖွားပေါ်ပေါက်နေသည်။

PDF Compressor Free Version

**စာရေးသူ၏အားသာချက်**

စာရေးသူသည် မြစ်ဝကျွန်းပေါ်ဒေသ ပုသိမ်သားတစ်ဦးဖြစ်၍ မြစ်ဝကျွန်းပေါ်ရေကြောင်းများအပေါ် ကျွမ်းကျင်လေရာ တရားမဝင်သစ်နှင့်ပတ်သက်၍ရရှိသည့် သတင်းအချက်အလက်များအပေါ် အခြေခံလျက် မြေပုံချစိစစ်ခဲ့ရာ ပင်လယ်ပြင်ထဲမှ သစ်ခိုးလှေရှိနိုင်မည့် အဖြစ်နိုင်ဆုံးနေရာ (၄) နေရာကို ဖော်ထုတ်ရရှိမိသည်။ ထို (၄) နေရာသည် ဘိုကလေးမြို့နယ်အတွင်း ကဒုံကနိကျေးရွာနှင့် ခေါင်းကြီးကျွန်းဝန်းကျင်၊ လပွတ္တာမြို့နယ်အတွင်း၌ ကိုင်းသောင်နှင့် ပြင်စလူကျေးရွာဝန်းကျင်တို့ဖြစ်သည်။ ထိုနေရာများသို့ သစ်ခိုးလှေ တွေ့သည်အထိ သွားမည်ဟု ဆုံးဖြတ်ခဲ့သည်။ Speed boat သည် (၇)ဦးသာ တင်နိုင်သဖြင့် စာရေးသူအပါအဝင် သစ်တောဝန်ထမ်း (၃) ဦး၊ ယာဉ်မောင်းနေ့စား (၁)ဦးဖြင့် မနက် (၄)နာရီခွဲ ထွက်နိုင်ရေး လျာထားပြင်ဆင်ခဲ့ကြသည်။ ရေတပ်မှ နှစ်ဦးကို ကဒုံကနိကျေးရွာဝန်းကျင်ရှိ ကမ်းခြေစောင့် ရေယာဉ်အမှတ် (၆၁၅) ၌ဝင်၍ ခေါ်ဆောင်ရမည်ဖြစ်ပါသည်။

**ပင်လယ်ပြင်ထဲမှ ပြည်ပထွက်သစ်ခိုးလှေကြီးဆီသို့ ....**

(၉.၂.၂၀၂၂) ရက်နေ့ နံနက် (၄:၃၀) နာရီဖြစ်သည်။ Speed boat ဖြင့် ဘိုကလေးသစ်တောရုံးလှေဆိပ်မှ ဘိုကလေးမြစ်ကြောင်းအတိုင်း စထွက်လာခဲ့ကြသည်။ ဘိုကလေးမြစ်ထဲ များလှစွာသော ငါး/ပုစွန်ပိုက်ချပ်များကို ရှောင်တိမ်းမောင်းနှင်လာရာ (၁) နာရီခန့်ကြာမှ ကျွန်းညိုကြီး၊ ဦးရှင်ကြီးဘုရားထိပ်သို့ရောက်သည်၊ ထိုမှ မိန်းမလှကျွန်းကိုဖြတ်မောင်း၍ နောက် (၁) နာရီခန့်ကြာ (၇) နာရီခန့်တွင် ရေတပ်ဘုတ် (၆၁၅)သို့ရောက်ခဲ့ကြသည်။ ရေတပ်ဗိုလ်ကြီး ဦး......သည် စာရေးသူနှင့်သဘောထား တိုက်ဆိုင်သူဖြစ်သည့်အားလျော်စွာ များများမပြောနေရဘဲ လုံခြုံရေးတပ် အင်အား (၂) ဦးထည့်ပေးသည်။ ''ဦးစီး သွားချင်တဲ့နေရာသာ ခေါ်သွားတော့'' ဟုလည်း အားပေးစကား ပြောလိုက်သေးသည်။ ရေတပ်အင်အားရသည်နှင့်တစ်ပြိုင်နက် ပထမဆုံးအနေဖြင့် ကဒုံကနိကျေးရွာဝန်းကျင် ပင်လယ်ပြင်တစ်ခွင်ရှာသည်။ ၎င်းနောက် ခေါင်းကြီးကျွန်းဝန်းကျင် ရှာသည်။ ထူးခြားမှုမရှိခဲ့ပေ။ မသင်္ကာဖွယ်လှေကိုပင် မတွေ့ခဲ့ပေ။ အချိန်ကား (၁၀:၀၀) နာရီခန့်ဖြစ်သည်။ လှိုင်းပုတ်ဒဏ်များကြောင့် မူးပြီးအန်ချင်နေသော်လည်း မနက်ထဲက ဘာမှမစားထား၍ အန်စရာ မရှိ၍လားမသိ မအန်နိုင်၊ နေကလည်း ပြင်းလာပြီ ဖြစ်လေသည်။

ဘိုကလေးမြို့နယ်အတွင်းရှိ လျာထား (၂) နေရာလည်း ကုန်စင်အောင်ရှာဖွေပြီးဖြစ်သည်။ စာရေးသူ အတွေးထဲတွင် အထက်အဆင့်ဆင့်ဖိအားပါသည်လည်း မဟုတ်၊ ဘိုကလေးအပိုင်လည်းကုန်၍ အခြားမြို့နယ်အပိုင်ထဲလည်း ဝင်ရတော့မည်။ ပင်လယ်ထဲ ကမ်းမမြင် လမ်းမမြင် ဒီအချိန်စက်ပြတ်ရင်တောင် အန္တရာယ်များတယ် ပြန်လှည့်ရင်ကောင်းမယ်ဟု ဆုတ်နစ်အတွေးများ သံယောင်ထပ်နေသည်။ သို့ရာတွင် (၅)နာရီခန့်အချိန်၊ အင်အားတွေ အသုံးပြုခဲ့ပြီးပြီဖြစ်သည်။ နောက် (၂) နေရာသာကျန်တော့သည်ဖြစ်သည်။ နောက် (၂) နေရာသည် ယခုရောက်ရှိနေရာမှ သွားမည်ဆိုပါက (၁) နာရီဝန်းကျင်သာကြာမည်ဖြစ်ပြီး မြို့ပေါ်ရေယာမှလာပါက နာရီပေါင်းများစွာကြာမည်ဖြစ်သည်။ ထို့ကြောင့် လျာထားချက်အတိုင်း နောက် (၂) နေရာသို့ ဆက်သွားရန်ကိုသာ စိတ်ပိုင်းဖြတ်လိုက်သည်။ ပြန်လှည့်တော့လေမလားဟု စာရေးသူ မျက်နှာကိုအကဲခတ်နေကြသော ဝန်ထမ်းများကို မကြည့်လေတော့ဘဲ ခရိုင်မှူးဦးစိန်ဝင်း (၉၂)ထံ ဖုန်းဆက်၍ သတင်းအရ လပွတ္တာအပိုင်ပင်လယ်ပြင်ထဲ ဝင်ရောက်ရှာဖွေလိုကြောင်း ခွင့်တောင်းခဲ့ရာ ခရိုင်မှူးမှ ခွင့်ပြုခဲ့သဖြင့် လပွတ္တာအပိုင်ကိုင်းသောင်ကျေးရွာ ဝန်းကျင်ကိုရှာဖွေသည်၊ မတွေ့သဖြင့် ကိုင်းသောင်ကျေးရွာမှ ပြင်စလူကျေးရွာဝန်းကျင်သို့ ဆက်လက်ရှာဖွေစဉ် ကံကောင်းစွာဖြင့် ပင်လယ်ပြင်တံလျှပ်များအကြား တံငါလှေတစ်စီးအားတွေ့ရှိခဲ့သည်။ ထိုတံငါလှေဆီသို့ အမြန်ဆုံးနှုန်းဖြင့်ရောက်အောင်သွား၍ လှေအကြီးကြီးတစ်စီး ကျောက်ချရပ်ထားတာတွေ့မိလားဟု မေးရာ ပြင်စလူကျေးရွာမှ (၂) မိုင်ခန့်ဝေးသည့် ပင်လယ်ပြင်ထဲ ကျောက်ချရပ်ထားသည်ကို တွေ့မိကြောင်း သတင်းပေးခဲ့သဖြင့် သစ်ခိုးလှေသတင်းကို အဖိုးတန်စွာ သိခွင့်ရခဲ့ပါသည်။

ထိုသို့ သိရ၍ စာရေးသူအဖွဲ့သည်လည်း အားတက်စွာဖြင့် ၎င်းလှေကြီးကို မရရအောင်ရှာမည်ဟုဆုံးဖြတ်၍ လိုက်လံရှာဖွေရာ (၁၃) နာရီခွဲခန့်တွင် ဂျုတ်ကောင် (ပြည်ပပို့တတ်သည့်လှေကြီး) တစ်စီးကို လှမ်းမြင်လိုက်ရပါသည်။ ပင်လယ်ပြင်ထဲ လှိုင်းတန်ပိုးများကြောင့်လား၊ စိတ်စောနေသည်ကြောင့်လားမသိ ထိုလှမ်းမြင်ရသောနေရာမှ ဂျုတ်ကောင်ဆီရောက်ဖို့ အတော်သွားနေရပါသေးသည်။ လုံခြုံရေးအရ ရေတပ်မှ (၂) ဦးကို အသင့်ပြင်ထားရန်၊ အခက်အခဲရှိက အဆင်ပြေအောင်ပြော၍ အချိန်ဆွဲထားရန်၊ လိုအပ်ပါကလှေကြီးပေါ်မတက်ဘဲ လှေဝန်းကျင်၌နေကာ လပွတ္တာအဖွဲ့လာမှ တက်မည်ဟု ကြိုတင်ညှိနှိုင်း ဆွေးနွေးထားကြပါသည်။

အချိန်ကား (၁၄) နာရီဝန်းကျင်ဖြစ်သည်။ စာရေးသူတို့ Speed boat သည် ဂျုတ်ကောင်သို့ ကပ်နိုင်ပါပြီ၊


PDF Compressor Free Version

လှေဝမ်းဗိုက်အတွင်းမှ တရားမဝင်သစ်ခွဲသားများအားတွေ့ရပုံ

ဂျုတ်ကောင်သည် ကျောက်ချရပ်နားထားသည်။ ဝန်လေးနေသဖြင့် ပစ္စည်းတချို့ တစ်ဝက်တင်ထားပြီဟု ခန့်မှန်းရသည်။ လှေကြီး၏ဖောင်းအထိရေမရောက်သေးဖြင့် တင်ထားသော ကုန်ပစ္စည်းအတော်နည်းနေသေးမည်ဟု ယူဆရသည်။ ဂျုတ်ကောင်ပေါ်မှ လူများထွက်ကြည့်လာကြမှု အရ (၁၀) ယောက်ခန့်ရှိမည်ခန့်မှန်းရသည်။ ပုံစံများသည် ကြောက်နေသည့်ပုံစံသာရှိနေပြီး ပြန်လည်တုံ့ပြန်မည့် ပုံစံတော့မတွေ့ရသေးပါ။ ရေတပ်သားတစ်ဦးမှ ဂျုတ်ကောင်ပေါ်မှ လူများကို လှေကားချပေးရန်ပြောသည်။ ဂျုတ်ကောင်ပေါ်ပါသူတစ်ဦးမှ ''ဆရာကြီးတို့ ဘာရှိလို့လဲဗျာ'' လို့မေးရာ၊ ရေတပ်သားတစ်ဦးမှ ''အပေါ်ရောက်ရင်ပြောမယ် သိပ်မကြားရဘူး'' လို့ပြောလိုက်သည်၊ ထို့နောက် လှေကားချပေးသဖြင့် လှေကားဖြင့် အပေါ်သို့တက်ခဲ့ကြသည်။ လှေကုန်းဘောင်ပေါ် လျှောက်ကြည့်ရာ လှေဝမ်းဗိုက်ထဲတွင် ကျွန်းသစ် (၄၀) တန်ခန့် တင်ထားသည်ကို တွေ့ရသည်။ ထိုလှေမျိုးသည် သစ် (၁၁၀) တန်ခန့်တင်နိုင်သော လှေမျိုးဖြစ်သဖြင့် ထပ်လာမည့် သားပိုက်ကောင်များကို စောင့်နေပုံရပါသည်။ ကျွန်းသစ်များသည် သက်တမ်းရင့်ခွဲသားများဖြစ်ပြီး ဆိုဒ်ကြီးပေရှည်များဖြစ်သည်။

စာရေးသူသည် လှေပေါ်ပါသူများဘက်သို့လှည့်၍ ''မင်းတို့အားလုံး လှေရှေ့ထွက်ခဲ့ကြ၊ တစ်စုတစ်စည်းထဲရပ်နေကြ၊ လက်မြှောက်ထားကြ၊'' စသဖြင့် အခြေအနေကို တည်ငြိမ်အောင် ထိန်းလိုက်ကြသည်။ ထိုအချိန်တွင် စာရေးသူအတွက်တော့ နောက်အင်အားများ မလာသေးခင် တရားခံတွေ ထွက်မပြေးအောင်ထိန်းပြီး တရားခံများ၏ အချက်အလက်များရယူကာ ဓာတ်ပုံမှတ်တမ်းယူ၍ သစ်ခိုးခဲ့မှု လမ်းကြောင်း/ဖြစ်စဉ်ကို စုံစမ်းနေလိုက်သည်။

ညနေ (၁၅) နာရီခွဲခန့်တွင် လပွတ္တာမြို့နယ်၊ သစ်တောဦးစီးဌာနမှ တောအုပ် ဦးဝင်းထွဋ်လှိုင် ဦးဆောင်သော သစ်တောဝန်ထမ်းအဖွဲ့၊ ကိုင်းသောင်ရေတပ်အဖွဲ့တို့ ထပ်မံအားဖြည့် ရောက်ရှိလာသဖြင့် အခက်အခဲ တစ်စုံတစ်ရာမရှိဘဲ တရားခံများ၊ သစ်များကို လပွတ္တာအဖွဲ့သို့ အောင်မြင်စွာဖြင့် စနစ်တကျလွှဲပြောင်း လက်ခံလုပ်ပြီး ပြန်လာနိုင်ခဲ့ပါသည်။ ပြန်လာစဉ် ပူပြင်းသောနေရောင်အောက် ကမ်းမမြင်လမ်းမမြင် ပင်လယ်ပြင်ထဲ လှိုင်းပုတ်ဒဏ်များဖြင့် နာရီပေါင်းများစွာ အကြိမ်ကြိမ် လူးလိမ့်ရိုက်ပုတ်ခံထားရသော်လည်း သစ်တောဝန်ထမ်းတစ်ဦးအနေဖြင့် (သို့မဟုတ်) သတင်းပေးသူတစ်ဦး၏ ယုံကြည်ခြင်းခံရသူတစ်ဦးအနေဖြင့် တာဝန်ကျေ ဂုဏ်ယူပီတိဖြစ်ကာ တစ်လမ်းလုံးပြုံး၍ ပြန်လာမိသည်။ သတင်းပေးသူ၏ဖုန်းသို့ ပြန်ဆက်ခေါ်ကြည့်ရာ ဖုန်းပိတ်ထားတုန်းပင်ဖြစ်သည်။တစ်ချိန်ချိန်မှာ သူဖွင့်မိပါက သိရှိနိုင်ရန်အတွက် ''ခင်ဗျား သတင်းပေးတဲ့သစ်မော်တော် (သားပိုက်ကောင်) တွေပို့ထားတဲ့ သစ်တွေမိပြီ'' လို့ message ပို့ထားလိုက်ပါသည်။ သူလည်း ကြားသိလောက်ပြီထင်ပါတယ်။ ထိုနေ့အတွက်တော့ ပင်လယ်ပြင်ထဲမှ ပြည်ပထွက်သစ်ခိုးလှေကြီး ဆီသွားသော ခရီးစဉ် ပြီးဆုံးခဲ့သော်လည်း ထိုခရီးစဉ်သည် စာရေးသူ၏ အတွေးအိမ်၌ ယနေ့တိုင်အောင် ဆက်သွားနေဆဲဖြစ်လေသည်။



လှေပေါ်ပါတရားခံများအားတွေ့ရပုံ



ဖမ်းဆီးရမိသည့် တည်နေရာပြ မြေပုံ

*********************************

# တိုလီမုတ်စ ဟာသများ

PDF Compressor Free Version

**ဆရာ့စကား**

ကျေးရွာချင်းဆက်လမ်းတွင် ကားလေကာမှန်၌ သစ်တောတံဆိပ် တပ်ဆင်ထားသည့် မာဇဒါ ဂျစ်တစ်စီး မောင်းနေ၏၊ ကားခေါင်းခန်း ညာဖက်တွင် သစ်တောခရိုင်မှူးက နဂါးမင်းစည်းစိမ်ဖြင့် လိုက်ပါလာပြီး ဘယ်ဖက်တွင် တပည့်ယာဉ်မောင်းက ကားကို ပုံမှန်ထိန်းမောင်းလာ၏။

ထိုစဉ် ရှေ့မှ ထွေလာဂျီတစ်စီး မောင်းလာရာ သူရှောင်နိုးနိုး ကိုယ်ရှောင်နိုးနိုးဖြင့် ယာဉ်တစ်စီးသာမောင်းသာသည့်လမ်းတွင် မျက်နှာချင်းဆိုင် ရပ်မိကြရာ မာဇဒါဂျစ်ယာဉ်မောင်းက ကားတံခါးမှ ခေါင်းပြူ၍–

''ဟို– ထွေလာဂျီက လူကြီး၊ ကျွန်တော့်ဆရာ အိပ်ပျော်နေလို့သာနော်၊ ခင်ဗျား မရှောင်ပေးရင် ကျွန်တော့်ဆရာက အရင်တွေ့ခဲ့တဲ့ ရှောင်မပေးတဲ့ထွေလာဂျီလို လုပ်ခိုင်းမှာနော'' လို့ ပြောရာ ထွေလာဂျီမောင်းသူလည်း သူ့မှာက ဘာလိုင်စင်မှမရှိ၊ ဖမ်းခံထိမှဖြင့်လို့ တွေးကာ ဘေးလယ်ကွင်းထဲ မောင်းပြီးရှောင်ပေးလိုက်၏။ မာဇဒါဂျစ် မောင်းထွက်လုဆဲဆဲတွင် ထွေလာဂျီမောင်းသူမှ ကားမောင်းသူအား–



''လွတ်အောင်ရှောင် ပေးပြီနော်၊ ဒါနဲ့ အရင်ထွေလာဂျီကို ဟို ခင်ဗျားဆရာက ဘာလုပ်လိုက်လဲ ခင်ဗျ'' လို့ သိလိုစိတ်ဖြင့်မေးရာ မာဇဒါဂျစ်ယာဉ်မောင်းစကားကြောင့် ထွေလာဂျီမောင်းသူမှာ ပါးစပ်အဟောင်းသားဖြစ်သွားရ၏၊ မာဇဒါဂျစ်ယာဉ်မောင်း ပြောသွားသည် ကား–

''အရင် ဝန်တင်ထားတဲ့ထွေလာဂျီမောင်းသူက ရှောင်မပေးတော့ ကျွန်တော့်ဆရာက မင်းပဲ ရှောင်ပေးလိုက်ပြောလို့ ကျွန်တော်က လယ်ကွင်းထဲဆင်း ရှောင်ရတာပေါ့ဗျ'' ဟူသတတ်။

****************************

**အိမ်ဆောက်သစ်ဆိုတော့**

ရန်ကုန်မှာ လှိုင်သာယာ၊ ရွှေပြည်သာစတဲ့ မြို့သစ်တွေတိုးချဲ့တော့ နယ်မြို့တွေက တရားဝင် သစ်ခွဲသားတွေကို မျှောစာနဲ့ သယ်ယူကြတယ်။

တစ်ရက်မှာ ဘိနယ်ဆိုင်ရာတောအုပ်က မျှောစာနဲ့ သယ်မယ့်သစ်ခွဲသားတွေကို မြေပြင်စစ်၊ ကားတင်စစ်၊ အတိုင်းစာရင်း ရေးသွင်းရင်း ကိုယ်ပိုင်စစ်တံဆိပ်ရိုက်မှတ် ဓာတ်ပုံမှတ်တမ်းရိုက် လုပ်ပေးရတယ်၊

သစ်ခွဲသားတွေ စစ်လိုက် ရေးလိုက် ရိုက်လိုက်နဲ့ ကြာတော့ ကူညီလုပ်ကိုင်ပေးဖို့ အတူခေါ်လာတဲ့ အလုပ်ဝင်စ တောကြပ်ကို သစ်ခွဲသားထိပ်တွေမှာ တံဆိပ်ရိုက်ပေးဖို့ ကိုယ်ပိုင် တံဆိပ်တုံးပေးပြီး သစ်အတိုင်းစာရင်းတွေ ရေးသွင်းနေတယ်။ တောကြပ်တံဆိပ်ရိုက်တဲ့ သစ်ခွဲသား ထိပ်တွေစစ်လိုက်တော့ စစ်တံဆိပ် အစား သူကိုယ်ပိုင်တံဆိပ်တုံး နံပါတ်နဲ့ အခုမှရိုက်ထားတဲ့ ဖမ်းတံဆိပ်တွေ တွေ့ပါရော၊ ဒါကြောင့် သူ့တောကြပ်ကို ဖမ်းတံဆိပ်မှားရိုက်ထားတာ ပြန်ဖျက်ပြီး စစ်တံဆိပ် ပြန်ရိုက်ရတော့မယ်လို့ပြောတော့ တောကြပ်ပြန်ပြောတဲ့စကားကြောင့် တောအုပ်ခမျာ သူ့နဖူး သူပြန်ရိုက်မိပါရော၊ တောကြပ်ပြောတာက–



''ဆရာရိုက်ခိုင်းသလို ရိုက်နေရင်းနဲ့ တံဆိပ်တုံးဘယ်မျက်နှာဆိုတာ ရောသွားလို့ ရိုက်ဖို့ကျန်တဲ့ သစ်ခွဲသားထိပ်တွေကို အိမ်ဆောက်သစ်မို့ အိမ်ပုံလေးပါတဲ့ဖက်နဲ့ ရိုက်လိုက်မိတယ်ဆရာ'' ဟူသတတ်။

ကိုယ်ပိုင်တံဆိပ်တုံးက မြားပုံဖမ်းတံဆိပ်ကို ထောင်၍ အိမ်ပုံလို့ ကြည့်တတ်တဲ့ တောကြပ်ပါပေ။

**အုန်းလှိုင်လေး ရေးသားပေးပို့သည်။**

****************************

**သစ်တောဦးစီးဌာနမှ လစဉ်ထုတ် သစ်တောကြေးမုံစာစောင်အား** https://forestdepartment.gov.mm Website **နှင့်** Forestry extension facebook account **တို့တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။**

PDF Compressor Free Version




# ဝန်းကျင်လေထုကောင်းမွန်ဖို့ သစ်တော သစ်ပင် ထိန်းသိမ်းစို့

ဦးသိဟကျော်၊ ဒုတိယဦးစီးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ယနေ့ မျက်မှောက်ခေတ်ကာလတွင် လူဦးရေ တိုးပွားလာမှုနှင့်အတူ လူနေမှုပုံစံများနှင့် ပတ်ဝန်းကျင် ဂေဟစနစ်သည်လည်း ပြောင်းလဲလာပါသည်။ ဂေဟစနစ် ပြောင်းလဲလာမှုဟုဆိုရာတွင် သစ်တောများပြုန်းတီးခြင်းနှင့် ပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေခြင်း တို့ဖြစ်ပါသည်။ ထိုကဲ့သို့ သစ်တောများပြုန်းတီးခြင်းနှင့် ပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုတို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများရှားပါးလာခြင်း၊ သန့်ရှင်းသည့် လေရရှိမှု နည်းပါးလာခြင်း၊ သဘာဝဘေး အန္တရာယ်များ ကြုံတွေ့လာရခြင်းစသော မလိုလားအပ် သည့်အရာများ ဖြစ်စေပါသည်။ ဤကဲ့သို့သော ပတ်ဝန်း ကျင် ထိခိုက်မှုဆိုင်ရာကိစ္စရပ်များ ဖြစ်ပွားရခြင်း၏ အဓိက အကြောင်းအရင်းမှာ ကမ္ဘာတစ်ဝန်းတွင် သစ်တောဖုံးလွှမ်း မှု ပမာဏနည်းပါးလာမှုကဲ့သို့သော သဘာဝဖြစ်စဉ်ကြောင့် နှင့်လူတို့၏ ဖန်တီးမှုလုပ်ငန်းစဉ်များကြောင့်ပင်ဖြစ်ပါသည်။

လူ၊ တိရစ္ဆာန်နှင့် အပင်များ ရှင်သန်ရပ်တည်နိုင် ရေးအတွက် ရေ၊ လေနှင့် အစားအစာဟူသော အခြေခံ (၃) မျိုး လိုအပ်ပါသည်။ ၎င်း (၃) မျိုးအနက် လေသည် အဓိက အရေးအကြီးဆုံး အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုလျှင် သာမန်လူတစ်ယောက်သည် ထမင်း အသက် (၇) ရက် ရေအသက် တစ်မနက်နေနိုင်ပြီး လေကို တစ်မိနစ် မရှူရှိုက်ဘဲ မနေနိုင်ပါ။ ထို့ကြောင့် လေသည် အရေးကြီးအစိတ်အပိုင်း ဖြစ်သကဲ့သို့ သန့်ရှင်း သော လေထုရရှိနိုင်ရေးသည်လည်း အဓိကကျသည့်အရာ ဖြစ်ပေသည်။

ကျွန်ုပ်တို့သည် လေထုထဲတွင်ပါဝင်သော အောက် စီဂျင်ကိုသာ ရှူသွင်းပြီး ကာဗွန်ဒိုင်အောက်ဆိုဒ်ကို ပြန် ထုတ်ကာ အပင်များမှ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပြီး အောက်စီဂျင်ကို ပြန်ထုတ်ပေးသောကြောင့် သစ်ပင်သည် မရှိမဖြစ် အရေးပါသည့် အရာပင်ဖြစ်သည်။ ကမ္ဘာမြေပြင် မျက်နှာပြင်အထက် ကီလိုမီတာ ၅၀၀ (မိုင် ၃၀၀) တွင် လေသည် အပေါ်များဆုံးရှိသဖြင့် သက်ရှိသတ္တဝါများ အတွက် အသက်ရှင်ရပ်တည်ရန် လွယ်ကူသော်လည်း လေထုသန့်ရှင်းမှု မရှိပါက အသက်ရှင် ရပ်တည်ရန် ခြိမ်းခြောက်လျက် ရှိနေပေသည်။

တိုးပွားလာသောလူဦးရေနှင့် တိုးတက်လာသည့် နည်းပညာဆန်းသစ်တီထွင်ကြံဆမှုများကြောင့် ပတ်ဝန်း ကျင်ညစ်ညမ်းမှုကို ဖြစ်စေပါသည်။ မြို့ပြတွင် လူဦးရေ ထူထပ်မှုနှင့် လူနေမှုပုံစံ ပြောင်းလဲလာမှုတို့ကြောင့် မြို့ပြ အဆောက်အဦများ ချဲ့ထွင်လာခြင်း၊ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန် စက်ရုံ၊ အလုပ်ရုံများ တိုးချဲ့ တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ကောင်းမွန်လာစေရေး လမ်းများ ချဲ့ထွင်လာမှုတို့ကြောင့် သစ်တော၊ သစ်ပင်များအား ခုတ်ထွင်မှုများပြားခြင်းနှင့် ပြန်လည် စိုက်ပျိုးသော်လည်း ရှင်သန်မှု နှောင့်နှေးခြင်း တို့ကြောင့် လေထုအတွင်းရှိ ကာဗွန်ကို စုပ်ယူမည့်သစ်ပင် များ နည်းပါးလာမှုနှင့်အတူ ဖန်လုံအိမ် အာနိသင်ကို တိုးပွားလာစေပြီး ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေပါသည်။

PDF Compressor Free Version

လေထုညစ်ညမ်းမှုဖြစ်စေသည့် ဓာတ်ငွေ့များမှာ ဆာလ်ဖာဒိုင်အောက်ဆိုဒ် (Sulphur Oxides)၊ နိုက်ထရိုဂျင်အောက်ဆိုဒ် (Nitrogen Oxides)၊ ကာဗွန်မိုနောက်ဆိုဒ် (Carbon monoxides) နှင့် အငွေ့ပျံလွယ်သည့် သြဂဲနစ်ဒြပ်ပေါင်းများ (Volatile Organic Compound) ဖြစ်သည်။ ၎င်းအပြင် အိုဇုန်း (Ozone) သည် ကောင်းသောအိုဇုန်းနှင့် ဆိုးသောအိုဇုန်းဟူ၍ (၂) မျိုးရှိပြီး ဆိုးသောအိုဇုန်းသည် လူကိုအန္တရာယ် ဖြစ်စေနိုင်သော ညစ်ညမ်းဓာတ်ငွေ့အမျိုးအစားဖြစ်သည်။ အဆိုပါ ဓာတ်ငွေ့များအပြင် အလွန်သေးငယ်သည့် မျက်စိဖြင့်မြင်ရန်ခက်ခဲသောအမှုန်များဖြစ်သည့် $PM_{10}$ နှင့် $PM_{2.5}$ (Particulate matter) တို့လည်း ပါဝင်ပါသည်။

လေထုညစ်ညမ်းမှုဖြစ်စေသည့် အကြောင်းအရင်း




များမှာ မြို့ပြဒေသများတွင် လူနေထူထပ်လာခြင်း၊ စွမ်းအင်အမြောက်အမြားအသုံးပြုလာခြင်း၊ အအေးပေးစက်အသုံးပြုမှုများပြားလာခြင်း၊ သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ဆိုင်ကယ်၊ မော်တော်ကားစသည့် စက်တပ်ယာဉ်သုံးစွဲမှု များပြားလာခြင်း၊ ဇီဝရုပ်ကြွင်း လောင်စာအသုံးပြုမှုများပြားလာခြင်း၊ တောမီးလောင်မှု၊ စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိလာသည့် အခိုးအငွေ့များတို့ကြောင့် ဖြစ်ပေသည်။ ထိုညစ်ညမ်းသောလေထုကို ရှူရှိုက်ရသည့် ပတ်ဝန်းကျင်ရှိ ကလေးသူငယ်များ၊ အသက်အရွယ်ကြီးရင့်သူများတွင် ကာလတို/ကာလရှည်ပေါ်မူတည်၍ ကျန်းမာရေးဆိုင်ရာပြဿနာရပ်များ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းရှိ လူသားအားလုံး၏ ၉၂ ရာခိုင်နှုန်းကျော်ခန့်သည် ကျန်းမာရေးနှင့်မညီညွတ်သည့် လေကိုရှူရှိုက်နေရသဖြင့် ပျမ်းမျှ နှစ်စဉ်လူပေါင်း (၇) သန်းကျော်မှာ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားခြင်းကြောင့် အရွယ်မတိုင်မီ သေဆုံးနေကြရကြောင်း၊ လူပေါင်း (၄.၂) သန်းခန့်သည် ပြင်ပလေထု ညစ်ညမ်းမှုကြောင့်လည်းကောင်း၊ (၂.၈) သန်းခန့်သည် အိမ်တွင်း၊ ရုံးတွင်းလေထုညစ်ညမ်းမှုကြောင့်လည်းကောင်း သေဆုံးခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိချက်များအရ သိရှိရပါသည်။ NOAA (National Oceanic and Atmospheric Administration) အဖွဲ့မှ ထုတ်ပြန်မှုအရ မော်တော်ယာဉ်သုံးစွဲမှု၊ ကျောက်မီးသွေးနှင့်အခြားသော ရုပ်ကြွင်းလောင်စာများ အမြောက်အများသုံးစွဲမှု၊ စွန့်ပစ်အမှိုက်များ မီးရှို့ဖျက်ဆီးမှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization - WHO)အဖွဲ့၏ လေထုအရည်အသွေး လမ်းညွှန်ချက်မှုဘောင်ကို ကျော်လွန်၍ ပြင်ပလေထုအရည်အသွေးအတွင်း၌ နေထိုင်ရကြောင်း သိရှိရပါသည်။

ထို့ကြောင့် ဝန်းကျင်လေထုကောင်းမွန်လာစေရေးအတွက် ထုတ်လွှတ်အခိုးအငွေ့ထွက်ရှိမှု များပြားသည့် ယာဉ်အိုယာဉ်ဟောင်းများအား ဖျက်သိမ်းခြင်း၊ သွားလာခွင့်ပိတ်ပင်ခြင်း၊ အခိုးအငွေ့ထွက်ရှိမှုမရှိသည့် လျှပ်စစ်မော်တော်ကားများ အစားထိုးအသုံးပြုခြင်း၊ ကျောက်မီးသွေးလောင်စာအစား ရေစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်၊ အပူစွမ်းအင်စသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)များ အစားထိုးအသုံးပြုခြင်း၊ လေအေးပေးစက်/ရေခဲသေတ္တာ စသည့် အအေးပေးပစ္စည်းများ လျှော့ချအသုံးပြုခြင်း စသဖြင့် လေထုအတွင်းညစ်ညမ်းပစ္စည်းရောက်ရှိမှုနှုန်း လျှော့နည်းစေရေး ဆောင်ရွက်ရမည်ဖြစ်သည့်အပြင် သစ်တောသစ်ပင်များ ခုတ်ထွင်မှုအား ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် နေရာဒေသနှင့် သင့်လျော်မည့် အပင်အမျိုးအစားများဖြင့် အစားထိုးပြန်လည်စိုက်ပျိုးခြင်းများ လုပ်ဆောင်ပါက ညစ်ညမ်းသောလေထုအန္တရာယ်မှ သန့်ရှင်းသောလေထုအဖြစ် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

ကိုးကားချက်များ

- အင်တာနက်စာမျက်နှာများ
- ကျန်းမာရေးဆောင်းပါးများ
- မဂ္ဂဇင်းများ

PDF Compressor Free Version

## သစ်တောပြစ်မှုများအား အမှုတွဲ တရားစွဲဆိုရာတွင် လိုက်နာ ဆောင်ရွက်ရမည့် လုပ်ထုံး လုပ်နည်းများ (SOPfor Prosecution of Forest Crimes)



စစ်ဆေးရေးဌာနခွဲ

၁။ (၂-၅-၂၀၂၃) ရက်နေ့ (၀၈:၃၀) နာရီအချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ဇီးကုန်းကျေးရွာအနီး ရောဝတီမြစ်အတွင်း သစ်ဖောင် (၃)ဖောင်မှ တရားမဝင် ကျွန်းသစ်လုံး (၈၆၄) လုံး (၆၂.၁၃၆) တန်နှင့်အတူ တရားခံ (၆၉)ဦး ဖမ်းဆီးရမိမှုတွင် သစ်တောဦးစီးဌာနမှ တရားလိုပြုလုပ်တိုင်တန်းခဲ့မှုတွင် ဥပဒေလုပ်ထုံးလုပ်နည်းအရ ညီညွတ်မှုမရှိပါသဖြင့် လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထဲရေးဝန်ကြီးဌာနမှ ညှိနှိုင်းအကြောင်းကြားပေးပို့လာသည့်အပေါ် ပြည်ထောင်စုဝန်ကြီး၏ မိန့်မှတ်ချက်အရ သစ်တောပြစ်မှုများ တရားစွဲဆိုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ (SOP for Prosecution of Forest Crimes) ရေးဆွဲပြီး အောက်ပါအတိုင်း အဆင့်ဆင့် ဆောင်ရွက်ခဲ့ပါသည်-

(က) **၁၀-၇-၂၀၂၄** ရက်နေ့တွင် (SO Pfor Prosecution of Forest Crimes) (ပထမမူကြမ်း) အား သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ဦးစီးရုံးချုပ်မှ ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိများနှင့်ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိပါ စုစုပေါင်း အတွေ့အကြုံရှိ အရာထမ်း (၈၀) ဦးဖြင့် ပထမအကြိမ် Brain- stroming ဆွေးနွေးပွဲကျင်းပခြင်း၊

(ခ) **၆-၈၂၀၂၄** ရက်နေ့တွင် ပထမအကြိမ် **Brain- stroming** ဆွေးနွေးပွဲမှရရှိသည့်ဆွေးနွေးအကြံပြုချက်များအား စုစည်းဖြည့်စွက်ပြင်ဆင်၍ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၏ (၆-၈-၂၀၂၄) ရက်စွဲပါစာအမှတ်၊ စဆရ/ ၃၄/ ၃၅၆၈- ၈၃/ ၂၀၂၄ ဖြင့် ပြည်နယ်နှင့်တိုင်းများသို့ ဖြန့်ဝေ၍ အကြံပြုချက်များ ထပ်မံတောင်းခံခြင်း၊

(ဂ) စစ်ဆေးရေးဌာနခွဲမှ SOP (ပထမမူကြမ်း) အပေါ် ဦးစီးရုံးချုပ်ဌာနများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများမှ ပြန်လည်တင်ပြလာသည့် သဘောထား အကြံပြုချက်များအား စိစစ်စုစည်း၍ ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ထပ်မံဖြည့်စွက်ခြင်းတို့ဆောင်ရွက်ပြီး (SOP for Prosecution of Forest Crimes) (ဒုတိယမူကြမ်း) အား ပြုစုခြင်း၊

(ဃ) **၂၀-၁၂-၂၀၂၄** ရက်နေ့တွင် ပြင်ဆင်ဖြည့်စွက်ပြီးဖြစ်သည့် SOP (ဒုတိယမူကြမ်း) အား အတည်ပြုနိုင်ရေးအတွက် သစ်တောဦးစီးရုံးချုပ်၊ အင်ကြင်းခန်းမ၌ ဦးစီးရုံးချုပ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပြည်နယ်၊ တိုင်းဒေသကြီးများမှ အတွေ့အကြုံရှိ အရာထမ်း (၄၆) ဦးဖြင့် ဒုတိယအကြိမ် Brain- stroming ဆွေးနွေးပွဲ အခမ်းအနားကျင်းပခြင်း၊

(င) စစ်ဆေးရေးဌာနခွဲမှ ဒုတိယအကြိမ် Brain- stroming ဆွေးနွေးပွဲမှ ရရှိသည့် အကြံပြုချက်များ၊ ပြင်ဆင်ချက်များ၊ ဖြည့်စွက်ချက်များဖြင့် (SOP for Prosecution of Forest Crimes) (ဒုတိယမူကြမ်း) အား ဖြည့်စွက်ပြင်ဆင်ပြီး၊ SOP (တတိယမူကြမ်း) ပြုစုခြင်း၊

(စ) သစ်တောပြစ်မှုများ တရားစွဲဆိုရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ SOP (မူကြမ်း) အတည်ပြု ပြဋ္ဌာန်းနိုင်ရေးအတွက် **(၂-၆-၂၀၂၅)** ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၂/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ သစ်တောပြစ်မှုများ တရားစွဲဆိုရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ (SOP for Prosecution of Forest Crimes) (မူကြမ်း) သီးခြားဆွေးနွေးပွဲအား **(၂၁-၁၀-၂၀၂၅)** ရက် (အင်္ဂါနေ့) တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဥပဒေအကြံပေးအဖွဲ့နှင့် ပြင်ပအဖွဲ့အစည်းမှ ဖိတ်ကြားထားသောပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအောက်ရှိ ဆက်စပ်ဌာနများမှ တာဝန်ရှိ

ပုဂ္ဂိုလ်များ နေပြည်တော်/ပြည်နယ်/တိုင်းဒေသကြီး/ သ[illegible]များ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများဖြင့် ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမတွင် ကျင်းပခြင်း၊

PDF Compressor Free Version

(ဆ) (၁၉-၂-၂၀၂၆) ရက် (ကြာသပတေးနေ့) တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးခန်းမတွင် သစ်တောမှုများ တရားစွဲဆိုရာတွင် လိုက်နာရမည့်လုပ်ထုံးလုပ်နည်းများ (SOP for Prosecution of Forest Crimes) မူကြမ်းရေးဆွဲပြီး သီးခြားဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြခဲ့သော အချက်အလက်များအား စုစည်း၍ (SOP) စတုတ္ထမူကြမ်းအား သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြခြင်း၊

(ဇ) (၃-၃-၂၀၂၆) ရက်နေ့တွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၁၂/၂၀၂၅-၂၀၂၆) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်အရ သစ်တောမှုများ တရားစွဲဆိုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ (SOP for Prosecution of Forest Crimes) အား အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။



၂။ **"သစ်တောပြစ်မှုများ တရားစွဲဆိုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ SOP"** အား အောက်ဖော်ပြပါအတိုင်း အပိုင်း (၃) ပိုင်းဖြင့် ရေးဆွဲဆောင်ရွက်ထားရှိပါသည်-

- ❖ အပိုင်း (၁)။ သစ်တောပြစ်မှုများအား သစ်တောဦးစီးဌာနက အရေးယူဆောင်ရွက်ခြင်းအပိုင်း၊
- ❖ အပိုင်း (၂)။ သစ်တောပြစ်မှုများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ခြင်း အပိုင်းနှင့်
- ❖ အပိုင်း (၃)။ အထွေထွေအပိုင်း။

၃။ **အပိုင်း (၁)။** သစ်တောပြစ်မှုများအား သစ်တောဦးစီးဌာနက အရေးယူဆောင်ရွက်ခြင်း အပိုင်းနှင့်စပ်လျဉ်း၍



လုပ်ငန်းစဉ် (၅) ခုဖြင့် ရေးဆွဲဆောင်ရွက်ထားရှိပါသည်-

- ❖ လုပ်ငန်းစဉ် (၁) သစ်တောမှုတည်ဆောက်ခြင်း
- ❖ လုပ်ငန်းစဉ် (၂) ရဲစခန်းတွင်အမှုဖွင့်တိုင်ကြားခြင်း
- ❖ လုပ်ငန်းစဉ် (၃) တရားရုံးနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း
- ❖ လုပ်ငန်းစဉ် (၄) တရားရုံးမှ စီရင်ချက်တောင်းခံခြင်း
- ❖ လုပ်ငန်းစဉ် (၅) တရားရုံးစီရင်ချက်အပေါ် ပြင်ဆင်မှုတက်ရောက်ခြင်း

၄။ **အပိုင်း (၂)။** သစ်တောပြစ်မှုများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူဆောင်ရွက်ခြင်း အပိုင်းနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

- ❖ လုပ်ငန်းစဉ် (၁) သစ်တောမှုတည်ဆောက်ခြင်း
- ❖ လုပ်ငန်းစဉ် (၂) တရားရုံးတွင် စစ်ဆေးကြားနာခြင်း
- ❖ လုပ်ငန်းစဉ် (၃) တရားရုံးမှ စီရင်ချက်ချမှတ်ခြင်း
- ❖ လုပ်ငန်းစဉ် (၄) တရားရုံးစီရင်ချက်အပေါ် ပြင်ဆင်မှုတက်ရောက်ခြင်း

၅။ **အပိုင်း (၃)။** အထွေထွေတွင် အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ၊ ရာဇသတ်ကြီး ဥပဒေပုဒ်မများ၊ သက်သေခံဥပဒေ၊ (၂၀၁၈) ခုနှစ် သစ်တောဥပဒေများ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေများနှင့် ညွှန်ကြားချက်များ ပါဝင်ပါသည်။

**အဂတိလိုက်စားမှု ရှောင်ရှားရန်**
**"အဂတိလိုက်စားမှု တိုက်ဖျက်ဖို့ စည်းလုံး ဆောင်ရွက်ကြပါစို့"**

PDF Compressor Free Version



# ရေ သန့် ပူ သိုလ်

မင်းဇာနည် (အောင်လံ)

❖ ကောင်းမှုက မလွယ်ဘူး
အထူးမို့ ကုသိုလ်။

❖ တကယ်တမ်းမှာ
ရေဆန်လမ်းဟာ ကြမ်းသည်မို့
ခက်တယ်လို့ အောက်မေ့တာ
လူ့စလေ့ပါဆို။

❖ သက်သာတာ သာယာလိုက်
လူတို့က ကြိုက်တာကို
ရေစုန်ဆို မျှောချင်ကြ။

❖ မကောင်းမှုနယ် မွေ့လျော်လွယ်
အသိကြွယ် ပညာစိတ်ထား
အပါယ်တံခါးပိတ်ကြ။

# ကာတွန်းကာရူး



ကျွန်တော်တို့အားလုံး
ညီညွတ်မှ မိခင်ကမ္ဘာကို
ကယ်တင်နိုင်မယ်။



မကျန်းမာနေတဲ့
မြေကမ္ဘာဟာ
သစ်ပင်စိုက်သူတွေကို
စောင့်မျှော်နေတယ်။




နွေးထွေးရှင်သန်နိုင်ဖို့
လွှမ်းခြုံပေးထားတဲ့
ဖန်လုံအိမ်ဓာတ်ငွေ့တွေ
လိုတာထက်မပိုစေနဲ့။



ရေ၊ မြေ၊ လေ၊
နေတွေကရတဲ့
ပြန်ဖြည့်မြဲ စွမ်းအင်ကို
သုံးနိုင်အောင်ကြိုးစားပါ။

APK

PDF Compressor Free Version

# အောင်လုံသန့်စွမ်းသော မျိုးပင်ရရှိဖို့ ရာသီအချိန်ကိုက်ဆောင်ရွက်စို့




သစ်တောဦးစီးဌာနသည် ရေမြေထိန်းသိမ်းကာကွယ်ရေး၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေး၊ စဉ်ဆက်မပြတ် သစ်နှင့်သစ်တောထွက်ပစ္စည်း ထုတ်ယူသုံးစွဲနိုင်ရေး စသည့် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် သစ်တောစိုက်ခင်း အမျိုးမျိုး တည်ထောင်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးအတွက် မျိုးပင်များကို ဖြန့်ဝေစိုက်ပျိုးခြင်းတို့ကို နှစ်စဉ်လျာထားချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိပါသည်။ သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် မြေနေရာရွေးချယ်ခြင်းမှ စတင်၍ လုပ်ငန်းအဆင့်တိုင်းတွင် ရာသီအချိန်မီ၊ အချိန်ကိုက် ဆောင်ရွက်သွားနိုင်မှသာ ရည်မှန်းထားသည့်အတိုင်း အောင်မြင်သည့် စိုက်ခင်းတစ်ခု ဖြစ်လာနိုင်မည် ဖြစ်ပါသည်။

သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် စိုက်ခင်းမြေနေရာပြုပြင်ခြင်းလုပ်ငန်းနှင့် စိုက်ပျိုးပြုစုထိန်းသိမ်းရေး လုပ်ငန်းစဉ် အဆင့်တိုင်း သတ်မှတ်အချိန် ကာလအတွင်း စံချိန်စံညွှန်းမီ ပြီးစီးရန် အလေးထားဆောင်ရွက်ရန် လိုအပ်သလို စိုက်ခင်းအတွက် လိုအပ်သော မျိုးပင် အရေအတွက်အတိုင်း အောင်လုံသန့်စွမ်းသည့် မျိုးပင် ရရှိရေးသည် အဓိကအရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ မျိုးဥယျာဉ်များတည်ထောင်လုပ်ကိုင်ရာတွင် ယာယီမျိုးဥယျာဉ်များ တည်ထောင်ဆောင်ရွက်ခြင်း ရှိသကဲ့သို့ စဉ်ဆက်မပြတ် မျိုးပင်ရရှိရေးအတွက် အမြဲတမ်း မျိုးဥယျာဉ်များဖြင့်လည်း မျိုးထောင်ကြရပါသည်၊ မျိုးဥယျာဉ် လုပ်ငန်းဆောင်ရွက်ရာတွင် ပြုစုပျိုးထောင်မည့် သစ်မျိုး ရွေးခြယ်ခြင်းနှင့် သစ်စေ့စုဆောင်းခြင်း၊ မျိုးဥယျာဉ် တည်ထောင်ခြင်း/နွားချေး/မြေဆွေး/သဲ စုဆောင်းခြင်း၊ မျိုးအိတ်မြေသွပ်ခြင်း၊ သစ်စေ့ပျိုးထောင်ခြင်း/ မျိုးပင် ကူးခြင်း၊ မျိုးပင်များပြုစုခြင်းနှင့် ကြံ့ခိုင်စေခြင်းလုပ်ငန်းတို့ကို ရာသီအချိန်အလိုက် အချိန်ကိုက် ဆောင်ရွက်သွားမှသာ ကြံ့ခိုင်သန့်စွမ်းသော မျိုးပင်များ ရရှိပြီး အောင်မြင်ရှင်သန်ဖြစ်ထွန်းသော စိုက်ခင်းကောင်းတစ်ခု ဖြစ်လာစေမည်ဖြစ်ပါသည်။

ယခုအချိန်ကာလတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် နှစ်စဉ်နွေရာသီအပူချိန်မြင့်တက်လာခြင်း၊ မိုးရွာသွန်းမှု ပုံစံပြောင်းလဲလာခြင်းတို့နှင့်အတူ မြေဆီလွှာအတန်းအစား ကျဆင်းလာမှုကြောင့် သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် အောင်မြင်ဖြစ်ထွန်းလာသော စိုက်ခင်းတစ်ခုဖြစ်ပေါ်လာရေးအတွက် ကြံ့ခိုင်သန့်စွမ်းသောမျိုးပင်ရရှိရေးသည် အထူးအရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ အထူးသဖြင့် အပူပိုင်းဒေသ(၁၃)ခရိုင်တွင် အပူချိန်လွန်စွာမြင့်မားခြင်း၊ မိုးရွာသွန်းမှု အလွန်နည်းပါးခြင်း၊ မိုးပြတ်ကာလ ရှည်ကြာခြင်း(Drought Period) နှင့် မြေဆီလွှာ ညံ့ဖျင်းခြင်းတို့ကြောင့် အပူပိုင်းဒေသ(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများတွင် မျိုးပင်များ၏ ကြံ့ခိုင်သန့်စွမ်းမှု (Stout) သည် အလွန်အရေးပါသည့် အခန်းကဏ္ဍမှပါဝင်လာသည်။ မျိုးဥယျာဉ်များအတွင်း မျိုးထောင်ထားသည့် မျိုးပင်များသည် မြေပြုပြင်ထားသည့် စိုက်ခင်းများသို့ ရွှေ့ပြောင်းစိုက်ပျိုးရာတွင် ကြုံတွေ့ရသော နေရောင်ခြည်တိုက်ရိုက်ထိတွေ့မှု၊ လေပြင်းဒဏ်၊ ရေငတ်ဒဏ်နှင့် အပူချိန်အတက်အကျဒဏ်၊ သယ်ယူရွှေ့ပြောင်းခြင်းဒဏ်တို့ကို ခံနိုင်ရည်ရှိရန် မျိုးဥယျာဉ်အတွင်းရှိ မျိုးပင်များအား စိုက်ခင်းတွင် သဘာဝအလျောက် ရှင်သန်နိုင်ရေးအတွက် ဒဏ်ခံနိုင်ရည်ရှိအောင်ပြုပြင်ခြင်းလုပ်ငန်းစဉ်များ (Hardening Process)သည် မဖြစ်မနေဆောင်ရွက်ပေးရန် လိုအပ်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။

ယခုအချိန် မတ်လမှစတင်၍ မျိုးဥယျာဉ်အတွင်းရှိ **မျိုးပင်များကိုဒဏ်ခံနိုင်ရည်ရှိအောင် ပြုပြင်ပေးခြင်းလုပ်ငန်းစဉ်များ(Hardening Process)**ဆောင်ရွက်ရမည့် အချိန်ကာလသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် အလေးထားဆောင်ရွက်ကြရန်လိုအပ်ပြီး ဤလုပ်ငန်းစဉ်တွင် **မျိုးပင်သန့်ခြင်း(Sorting)နှင့်မျိုးပင်အမြင့်ခွဲခြင်း(Grading)၊ အမိုးလှပ်ခြင်း၊ ရေဖြတ်ခြင်းနှင့် အပင်ချဲခြင်း** လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။

**မျိုးပင်သန့်ခြင်း**(Sorting) **နှင့် မျိုးပင်အမြင့်ခွဲခြင်း** (Grading)

မျိုးပင်သန့်ခြင်းလုပ်ငန်းနှင့် မျိုးပင်အမြင့်ခွဲခြင်းလုပ်ငန်းသည် တစ်ပြိုင်နက်တွဲလုပ်ရသော လုပ်ငန်းတစ်ခု

PDF Compressor Free Version

ဖြစ်ပါသည်။ ပျိုးပင်အသက် (၄၅) ရက်ခန့်ကတည်းက ဆောင်ရွက်ရပြီး ပျိုးပင်များအနိမ့်အမြင့်လိုက် တူရာ တူရာထုတ်၍ အနိမ့်မှ အမြင့်သို့ (သို့မဟုတ်) အမြင့်မှ အနိမ့်သို့ပြန်စီပေးခြင်း (ပျိုးပင်များအလင်းရောင်လုံလောက်စွာ ရရှိရန်အတွက်ဖြစ်ပါသည်။) ပင်ညှံ၊ ပင်လှီများ စုစည်းပြီး သီးခြားပြုစုပေးခြင်းတို့ကို ဆောင်ရွက်ရပါသည်။

ယခုအချိန် မတ်လတွင် ပျိုးပင်များသည် အတော်အသင့်အမြင့်သို့ ကြီးထွားရောက်ရှိလာပြီး ရေသောက်မြစ်နှင့် ဘေးမြစ်တို့လည်း ဖွံ့ဖြိုးကြီးထွားမှုအားကောင်းလာသည့်အတွက် ပျိုးပင်အမြစ်များ ပျိုးဘောင်မြေသားကို စွဲကပ်မှုမရှိစေရန် ပျိုးပင်သန့်ခြင်း လုပ်ငန်းနှင့်အတူ ရေသောက်မြစ်နှင့် ဘေးမြစ်များကိုလည်း ကတ်ကြေး/ဓားထက်ထက်တို့ဖြင့် ဖြတ်ပေးရန် လိုအပ်ပါသည်။ ထိုသို့ပြုလုပ်ပေးခြင်းကို အမြစ်ဖြတ်ခြင်းဟုခေါ်ပါသည်။ ယခုအခါတွင် အဆိုပါ အမြစ်ဖြတ်ခြင်းလုပ်ငန်းကို ပျိုးဥယျာဉ်တာဝန်ကျ ဝန်ထမ်းအများစုမှ နားလည်မှုလွဲပြီး ပျိုးပင်များမြေတွင် အမြစ်စွဲစေပြီး ၎င်းအမြစ်ကို ဖြတ်ပေးရမည်ဟု နားလည်နေကြပါသည်။ မြေပြင်တွင် အမြစ်စွဲနေသော ပျိုးပင်ကို အမြစ်ဖြတ်သည့်အခါ ပျိုးပင်အား အရိပ်မိုးပေးရခြင်း၊ ရေများများလောင်းပေးရခြင်းတို့ကို (၇) ရက်ခန့် ပြုစုပေးမှသာ နဂိုအတိုင်း ပြန်လည်လန်းဆန်းလာပါသည်။ ယခုကဲ့သို့ ပျိုးပင်များကို Hardening Process ဆောင်ရွက်သည့်အခါ အပူဒဏ်ခံနိုင်အောင် ပျိုးဥယျာဉ်အမိုးများကို လုပ်ထားခြင်း၊ မိုးပြတ်သည့်ဒဏ်ခံနိုင်ရန် ရေဖြတ်ခြင်းများ ပြုလုပ်ရသည့်အတွက် Hardening Process နှင့်အတူ အပင်သန့်ခြင်းကို မဆောင်ရွက်ပါက ပျိုးပင်များမြေတွင် အမြစ်စွဲစေမည်ဖြစ်ပြီး ၎င်းအမြစ်ကိုဖြတ်ပါက မူလအတိုင်း ပြန်လည်လန်းဆန်းလာစေရန် အမိုးမိုးခြင်း၊ ရေများများဖြင့် အကြိမ်များများလောင်းခြင်း ပြုလုပ်ရမည့်ဖြစ်၍ Hardening Process ကို ထိခိုက်စေပါသည်။ Hardening Process တွင် အမိုးလှပ်ခြင်း၊ ရေဖြတ်ခြင်းတို့နှင့်အတူ အပင်သန့်ခြင်းလုပ်ငန်းဆောင်ရွက်ရန်နှင့် ထိုသို့ အပင်သန့်ရာတွင် ပျိုးအိတ်များ၏ ရေထွက်ပေါက်များမှ ပြူတစ်ပြူတစ်ထွက်လာသော ရေသောက်မြစ်နှင့် အမြစ်မွှားများကို ဖြတ်ပေးရသည့် အမြစ်ဖြတ်ခြင်းလုပ်ငန်းကို မပျက်မကွက် ဆောင်ရွက်ရပါမည်။ Sorting and Grading လုပ်ငန်းသည် တစ်ကြိမ်တည်း ဆောင်ရွက်ရမည့်လုပ်ငန်းမဟုတ်ပဲ ပုံမှန်အားဖြင့် ပျိုးဘောင်တစ်ဘောင်လျှင် ပျိုးသက် (၄၅)ရက်သားခန့်မှ စတင်၍ (၂၀)ရက်ခန့် တစ်ကြိမ်ဆောင်ရွက်ပေးရန်လိုအပ်ပြီး ပျိုးပင်များစိုက်ခင်းသို့ မရွှေ့မီ (၁၀/၁၅) ရက်အတွင်း မဖြစ်မနေ ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။

**အမိုးလှပ်ခြင်း**

စိုက်ခင်းထဲသို့ ပျိုးပင်များ မပို့မီ ပျိုးပင်များကို အပြင်ရာသီဥတုနှင့် အပူဒဏ်ခံနိုင်ရန်၊ ပျိုးပင်၏ ပင်စည်မာကျောမှုပိုကောင်းလာစေရန် ပျိုးစင်အမိုးလှပ်၍ အလင်းဖွင့်ခြင်းလုပ်ငန်းဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ပျိုးပင်၏ အခြေအနေအပေါ် မူတည်၍ အမိုးကို (၅၀%)၊ (၇၀%) အဆင့်ဆင့်လှပ်ပေးသွားရမည်။ စိုက်ခင်းမပို့မီ (၂)ပတ်အလိုတွင် အမိုးအားလုံးလှပ်ပေးရန် လိုအပ်ပါမည်။

**ရေဖြတ်ခြင်း**

စိုက်ခင်းထဲသို့ ပျိုးပင်များ မပို့မီ ပျိုးပင်များကို ရေလောင်းသည့်အကြိမ်နှင့် ရေပမာဏတဖြည်းဖြည်းလျှော့ချပေးခြင်းဖြင့် ပျိုးပင်များ ရေငတ်ဒဏ်ကိုခံနိုင်မည်ဖြစ်ပြီး စိုက်ခင်းသို့ ပျိုးပင်မပို့မီ အနည်းဆုံး (၁) လ ကြိုတင်ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ ပုံမှန်တစ်ရက်လျှင် (၂) ကြိမ် ရေလောင်းနေပါက မူလလောင်းသည့် ရေပမာဏအား ထက်ဝက်လျှော့၍ (၁၀)ရက်ခန့် လောင်းပေးရန်၊ ရေပုံမှန် နှစ်ကြိမ်လောင်းရာမှ တစ်ကြိမ်သာလောင်းရန် (၁၀)ရက်ခန့်၊ နောက်ပိုင်းတွင် ရေကိုလုံးဝမလောင်းတော့ဘဲ ပျိုးပင်အခြေအနေကြည့်၍ အရွက်ညှိုးလာပါက တစ်ကြိမ်ပြန်လောင်းပေးရန်စသည့် နည်းလမ်းဖြင့် အဆင့်ဆင့် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

**အပင်ချဲခြင်း**

ပျိုးဘောင်အတွင်းမှ ပျိုးပင်များ ဘေးကိုင်းဖြာထွက်မှုနှင့် ပင်စည်တောင့်တင်းမာကျောမှု အားကောင်းလာစေရန် ပျိုးဘောင်အပြင်ဘက် နေရာလွတ်များတွင် ယာယီပျိုးဘောင်များပြုလုပ်ပြီး အပင်ချဲပြီး နေရာရွှေ့ပေးရပါမည်။ (၃/၂) ပင်တန်း တစ်တန်းနှင့်တစ်တန်းကြားတွင် နေရာလွတ် ၄ လက်မခန့်ထားရန်လိုအပ်ပြီး ပျိုးပင်အမြင့် (၉) လက်မခန့် ရောက်ချိန်တွင် ဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ ဤလုပ်ငန်းဆောင်ရွက်ချိန်တွင်လည်း ပျိုးအိတ်များ၏ ရေထွက်ပေါက်များမှ ပြူတစ်ပြူတစ်ထွက်နေသော ရေသောက်မြစ်နှင့် ဘေးမြစ်ဖြတ်ခြင်း တို့ကို ပူးတွဲဆောင်ရွက်သွားရန် လိုအပ်ပါသည်။

အထက်ဖော်ပြပါ လုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်းသည် မဖြစ်မနေဆောင်ရွက်ပေးရမည့် အဆင့်တစ်ခုဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ရာသီအချိန်ကိုက်ဆောင်ရွက်ပေးရန်လိုအပ်ပြီး အချိန်နှင့် ဂရုစိုက်မှုအနည်းငယ် ပိုမိုအားထည့်ဆောင်ရွက်ပေးခြင်းဖြင့် အောင်လုံသန်စွမ်းပြီး အပူဒဏ်နှင့် ရေငတ်ဒဏ်ခံနိုင်ရည်ရှိသော ပျိုးပင်များရရှိစေကာ အောင်မြင်သော သစ်တောစိုက်ခင်းဖြစ်လာစေမည်ဖြစ်သည့်အတွက် ယခုအချိန်တွင် ဆောင်ရွက်ပေးရမည့် အချိန်ကာလဖြစ်၍ အလေးထားဆောင်ရွက်နိုင်ပါရန် နှိုးဆော်တိုက်တွန်းအပ်ပါသည်။

*********************

PDF Compressor Free Version

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့



ဦးအောင်ကျော် (ရမည်းသင်း)

ဒီဇင်ဘာလလယ် ညတစ်ည ပတ်ဝန်းကျင်မှာ နှင်းမှုန်လေးတွေ စိုရွဲလို့နေသည်။ သဘာဝတောထိန်းပင်မ စခန်းတဲရှေ့ရှိ နဘဲပင်ကြီးရဲ့ နဘဲရွက်လေးပေါ်ကျနေသည့် နှင်းစက်တို့သည် မှိန်ပျပျလရောင်အောက်မှာ တလက်လက် တောက်ပနေသည်။

"အခုရက်ပိုင်း အရမ်း အေးလိုက် မအေးလိုက်နဲ့ ရာသီဥတုက မမှန်ဘူးလား မသိပါဘူးဗျာ..."

"ဖြစ်နိုင်ပါတယ် ကိုစိုးပိုင်ရေ..."

"သဘာဝပတ်ဝန်းကျင် ပျက်စီးလာလို့လား၊ သဘာဝပတ်ဝန်းကျင်ဆိုတာ သစ်တောသစ်ပင်တွေကိုပြော တာလားဆရာ..."

"အေးဗျ... ပြောရရင်တော့ အရှည်ကြီး၊ ဒီလိုလုပ်၊ ရေနွေးအိုး တည်လိုက် စခန်းတဲထဲဝင်ရအောင်၊ ပြီးတော့ ကျွန်တော် သိသလောက်ပြောပြမှာပေါ့ ကိုစိုးပိုင်..."

စခန်းတဲဆိုသည်မှာ ကျွန်တော်တို့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ရမည်းသင်းခရိုင်၊ ရမည်းသင်း မြို့နယ်မှ ကျီးနီကန်ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၃ ခုနှစ်မှစ၍ ထိန်းသိမ်းခဲ့သည့် သဘာဝတောကျန်များ ထိန်း သိမ်းကာကွယ်ခြင်းလုပ်ငန်း (၁၀၀၀) ဧကရှိ ပင်မစခန်းတဲ လေးဖြစ်ပါသည်။ ကိုစိုးပိုင်က ဌာနမှ ငှါးရမ်းထားသည့် တောစောင့်ကြီး ဖြစ်ပါသည်။

"ကဲ ကိုစိုးပိုင်ရေ ရေနွေးအိုးလည်းပွက်ပြီဆိုတော့ ဓာတ်ဗူးထဲထည့်လာထိုင်ဗျာ၊ သဘာဝပတ်ဝန်းကျင်ဆို တာ ကိုစိုးပိုင်ပြောတဲ့ တောတောင်တွေတင်မကဘူးဗျ၊ လေထု၊ ရေထု၊ မြေထု၊ သစ်ပင်၊ ပန်းမန် စတာတွေကို ဆိုလိုတာပေါ့ဗျာ" "အများကြီးဘဲနော်"

"ဟုတ်တယ် ကိုစိုးပိုင်ရေ၊ လေထုညစ်ညမ်းမှု (Air Pollution) ဆိုတာ ကျွန်တော်တို့ ရှူရှိုက်နေတဲ့ လေထဲမှာ လူသားတွေရဲ့ကျန်းမာရေးနဲ့ သဘာဝပတ်ဝန်း ကျင်ကို ထိခိုက်စေနိုင်တဲ့ အန္တရာယ်ရှိသောဓာတ်ပစ္စည်း များ၊ အမှုန်အမွှားများနှင့် ဓာတ်ငွေ့များပါဝင်နေတာဖြစ်ပြီး ရိုရိုးရှင်းရှင်းပြောရရင် လေကောင်းလေသန့် ပျက်စီးသွား တာပါပဲ။ အဲ့ဒီလိုလေထုညစ်ညမ်းလာတဲ့ နောက်မှာတော့ လူတွေရဲ့ကျန်းမာရေးကို အန္တရာယ်ပြုလာပြီးတော့ အသက် ရှူလမ်းကြောင်းနဲ့ဆိုင်တဲ့ ပန်းနာရင်ကြပ်ရောဂါတွေအပြင် ကင်ဆာဆိုတဲ့ရောဂါဆိုးကြီးတွေပါ ရလာတော့တာပေါ့ဗျာ၊ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်ကိုလည်း ဆိုးရွားတဲ့ သက်ရောက်မှုတွေဖြစ်ပြီး ရာသီဥတုတွေလည်း ဖောက်ပြန် လာတာပေါ့၊ အစောက ကိုစိုးပိုင်ပြောသလို ပူလိုက် အေးလိုက် ဖြစ်လာရတာပေါ့လေ"

"ရေထုညစ်ညမ်းမှုဆိုတာကရော ဆရာ"

"(Water Pollution) ဆိုတာ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်နဲ့ကျန်းမာရေးအတွက် အလွန်အရေးကြီးတဲ့ ပြဿနာတစ်ခုပါ။ ရေထဲကို အန္တရာယ်ရှိတဲ့ ဓာတု ပစ္စည်းတွေ၊ အမှိုက်တွေနဲ့ ပိုးမွှားတွေ ရောက်ရှိသွားပြီး ရေရဲ့အရည်အသွေး ပျက်စီးသွားတာကို ခေါ်တာဗျ၊ အဲ့ဒီလိုမျိုး ညစ်ညမ်းမှုတွေကနေ ရေနေသတ္တဝါတွေ သေကြေပျက်စီးကြရပြီးတော့ မျိုးသုဉ်းမှုအထိ ဖြစ်လာနိုင် တာပေါ့၊ ဒါ့အပြင် ကျွန်တော်တို့ လူသားတွေအတွက် သာမက တခြားသတ္တဝါတွေအတွက်လည်း ဆိုးကျိုးတွေ ဖြစ်လာတော့တာပေါ့"

"မြေထုညစ်ညမ်းမှုဆိုတာကလည်း စိုက်ပျိုးရေး လုပ်ငန်းတွေမှာ ဓာတုပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးတွေ ကို အလွန်အကျွံသုံးတာတွေ၊ သဘာဝသစ်ရွက်ဆွေး မြေဩ

ဇာတွေ၊ နွားချေးတွေအစား ဓာတုမြေသြဇာတွေကို အလွန်အကျွံသုံးစွဲတာတွေကြောင့် မြေအရည်အသွေး ကျဆင်းလာ PDF Compressor Free Version တာကို ဆိုလိုတာပေါ့ဗျာ၊ အဲ့ဒီလို မြေအရည်အသွေးကျလေလေ ဓာတုမြေသြဇာသုံးရလေလေဆိုတော့ ထွက်လာတဲ့သီးနှံတွေကလည်း သဘာဝမြေသြဇာသုံးသလို မဟုတ်ဘဲ ဓာတုပစ္စည်းအကြွင်းအကျန်တွေ ပါလာနိုင်တာပေါ့၊ အဲ့တာတွေကို ကျွန်တော်တို့၊ ကိုစိုးပိုင်တို့ စားကြရတော့ ဘယ်အချိန်ဘာဖြစ်မယ်ဆိုတာ မသိနိုင်ဘူးပေါ့ဗျာ''

''တကယ်တော့ ကျွန်တော်တို့ လူသားတွေအပါအဝင် သက်ရှိသတ္တဝါတွေဟာ ခေတ်အဆက်ဆက်မှာ ကမ္ဘာမြေပေါ်က သဘာဝအရင်းအမြစ်တွေကို မှီခိုထုတ်ယူသုံးစွဲရင်း ကျွန်တော်တို့ရဲ့နေ့စဉ်ဘဝတွေကို ဖြတ်သန်းလာခဲ့ကြတာပေါ့၊ ကမ္ဘာ့လူဦးရေတိုးလာတာနဲ့အမျှ မြို့ပြတွေတိုးချဲ့လာတာတွေ၊ စိုက်ပျိုးမြေချဲ့ထွင်လာတာတွေ၊ ဆည်တာတမံတွေ တိုးချဲ့တည်ဆောက်တာတွေကြောင့် သစ်တောတွေပြုန်းတီးခဲ့ရတာပေါ့၊ အဲဒီလို သစ်တောတွေပြုန်းတီးခဲ့တဲ့အတွက် ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးမှု၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု၊ အပူချိန်မြင့်မားလာမှုတွေ ကြုံတွေ့လာကြရတာပေါ့၊ အဲ့ဒီလို သဘာဝပတ်ဝန်းကျင်စိန်ခေါ်မှုတွေကို လူသားတိုင်းကြုံတွေ့နေရတဲ့အတွက် ကမ္ဘာမြေကို ဝိုင်းဝန်းထိန်းသိမ်းဖို့ လိုအပ်လာပြီ ပေါ့ဗျာ''

''ဆက်ပါဦး.... ဆရာ''

''ဘယ်လိုတွေ ထိန်းကြမှာလဲ''

''အဓိက ကတော့ သဘာဝပတ်ဝန်းကျင်အတွက် ကျွန်တော်တို့၊ ကိုစိုးပိုင်တို့ထိန်းနေတဲ့ ဒီတောတွေက ပိုပြီးတော့ အဓိကကျတာပေါ့ဗျာ၊ ကျွန်တော်တို့နိုင်ငံက မြေပေါ်မြေအောက် သဘာဝသယံဇာတတွေ ကြွယ်ဝတဲ့နိုင်ငံပဲလေ၊ မြေပေါ်သယံဇာတဆိုတာ သဘာဝအလျောက်ပေါက်နေတဲ့ သစ်တောသစ်ပင်တွေပါပဲ၊ အဲ့ဒီသစ်တောသစ်ပင်တွေကို အဆမတန်စည်းကမ်းမဲ့ ထုတ်ယူသုံးစွဲမယ်ဆိုရင်တော့ သစ်တောတွေပြုန်း၊ သားငှက်တိရစ္ဆာန်တွေလည်း စားကျက်တွေပျောက်ပြီး နေရာဒေသတွေ ရွှေ့လျားသွားရသလို ရှားပါးမျိုးစိတ်တွေပါ မျိုးသုဉ်းပျောက်ကွယ်သွားနိုင်တာပေါ့ဗျာ၊ ဒါတင်မကသေးဘူး၊ မြေအောက်သယံဇာတဆိုတဲ့ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ ရွှေ၊ ငွေ၊ ခဲ၊ သတ္တုစတာတွေကို ခွင့်ပြုချက်မရှိဘဲ တရားမဝင်ခိုးယူခိုးထုတ်တာများလာရင် သဘာဝပတ်ဝန်းကျင်ထိခိုက်ပြီး မြေတွေပြိုတောင်တွေပြိုပြီး ရေစီးရေလာတွေပျက်ကုန်နိုင်တာပေါ့ဗျာ၊ အဲ့လိုဖြစ်လာရင်တော့ မိုးရွာပြီဆိုတာနဲ့ ရေကြီး၊ ရေလျှံမှုတွေ နေရာတိုင်းမှာ ဆက်တိုက်ကြုံတွေ့လာရနိုင်တာပေါ့ဗျာ၊ ၂၀၁၅ ခုနှစ် နောက်ပိုင်းမှာဆို ကျွန်တော်တို့နိုင်ငံရဲ့ ဒေသတော်တော်များများမှာ ရေကြီးရေလျှံမှုတွေ ဆက်တိုက်ဖြစ်လာရတာ ကိုစိုးပိုင် သတိထားမိမှာပေါ့ဗျာ၊ ၂၀၂၄ ခုနှစ်တုန်းကဆို ကျွန်တော်တို့ ရမည်းသင်းမြို့လေးမှာ တစ်ခါမှ မကြုံတွေ့ဖူးတဲ့ ရေကြီး၊ ရေလျှံမှုတွေ ကြုံတွေ့လာရတာပဲ၊ အိမ်တွေရေထဲမှာ မျောတဲ့အပြင် လူတွေ၊ အိမ်မွေးတိရစ္ဆာန်တွေရဲ့ အသက်တွေပါ ဆုံးရှုံးရတာပေါ့ဗျာ၊ အဲ့လိုတွေဖြစ်လာတော့ ပြည်သူတွေလည်း ပြန်လည်ထူထောင်ဖို့ အခက်အခဲတွေ ကြုံလာရသလို နိုင်ငံတော်အနေနဲ့လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးရတဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းတွေဆောင်ရွက်ဖို့ နှောင့်နှေးနိုင်တာပေါ့၊ သဘာဝပတ်ဝန်းကျင် ပျက်စီးပြီဆိုရင် နိုင်ငံတော်အတွက် မိအေးနှစ်ခါနာ ဆိုတဲ့စကားအတိုင်း နှစ်ခါနစ်နာဆုံးရှုံးရတာပါပဲ၊ နိုင်ငံတော်သာယာဖို့ဆိုရင် သဘာဝပတ်ဝန်းကျင် ရေ၊ မြေ၊ တော၊ တောင်တွေကို လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းဌာနတစ်ခုတည်းအနေနဲ့ပဲ ထိန်းသိမ်းလို့မရနိုင်ဘူး၊ နိုင်ငံသူနိုင်ငံသားတိုင်းက အမျိုးသားရေးစိတ်ဓာတ်နဲ့ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကြရမယ်၊ ကိုစိုးပိုင်ရေ''

ကမ္ဘာကြီးအနေနဲ့ ၁၉၇၂ ခုနှစ်မှာ နှစ်စဉ်ဇွန်လ (၅) ရက်နေ့ကို ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို တွန်းအားပေးလုပ်ဆောင်ခဲ့ကြတယ်ဗျာ၊ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့လည်း ၂၀၂၁ ခုနှစ်ကစလို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို တစိုက်မတ်မတ်နဲ့ ပိုမိုအားထည့်ဆောင်ရွက်ခဲ့ကြတယ်ဗျာ၊ သဘာဝတရားကြီးကပေးတဲ့ သဘာဝပတ်ဝန်းကျင်ဟာ လူတွေကြောင့်ပဲ ပျက်စီးရသလို၊ လူတွေကပဲ ပြန်လည်ထိန်းသိမ်းဖို့လိုလာပြီလေ၊ ပြုပြင်ထိန်းသိမ်းနေတဲ့ ဌာန၊ အဖွဲ့အစည်းတွေရဲ့ဥပဒေ၊ နည်းဥပဒေတွေကို နိုင်ငံသားတိုင်းက လိုက်နာပြီး ပူးပေါင်းဆောင်ရွက်ပေးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံလည်း ကမ္ဘာ့အလယ်မှာ ပိုမိုသာယာလို့ ဝံ့ကြွားနေတော့မှာပေါ့ဗျာ'

''ကဲ ... ကိုစိုးပိုင်ရေ အတော်လေးလည်း အေးလှပြီ ဆိုတော့ ကျွန်တော်တို့တွေ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့''** ပေါ့ဗျာ ဟုဆိုကာ သဘာဝတောထိန်းစခန်းလေးထဲမှာ ညအိပ်ရပ်နားလိုက်ပါလေတော့သည်။

******************

သစ်တောကြေးမုံ

PDF Compressor Free Version





# ချယ်ရီပင်

ဦးဟုတ်လင်း

အင်္ဂလိပ်အမည် - Cherry, Wild Himalayan Cherry, Bird Chrerry, Sour Cherry, Dwarf Cherry, Deciduous Cherry.

သိပ္ပံအမည် - *Prunus cerasoides D. Don Syn.*
*Prunus puddum Roxb.*

မျိုးရင်း - Rosaceae

မျိုးစု - Prunus

မျိုးစိတ် - cerasoides or puddum

၎င်းမျိုးစု၌ပါဝင်သော သစ်မျိုးများ-

၁။ ဘင်းဂလား ဆီးသီးပင်- Apricot, *Prunus armeniaca.*

၂။ ချယ်ရီသီးပင်- Sweet Cherry, *Prunus avium.*

၃။ မက်မန်းသီးပင် - Damson, *Prunus dulcis.*

၄။ ရှမ်းဆီးသီးပင် - Peach, *Prunus persica.*



ပေါက်ရောက်သည့် နေရာဒေသများ-

ချယ်ရီပင်များ ပေါက်ရောက်သည့်နေရာဒေသများမှာ အိန္ဒိယနိုင်ငံ မြောက်ဘက်ပိုင်းနှင့် အလယ်ပိုင်းမှ Sikkim အထိနှင့် နီပေါနိုင်ငံ၊ ဘူတန်နိုင်ငံ၊ အာသံနှင့် မဏိပူရပြည်နယ်တို့၌ သဘာဝတိုင်း အလေ့ကျပေါက်ရောက်ကြသည်။ မြန်မာနိုင်ငံမြောက်ပိုင်း တောင်ပေါ်ဒေသများ၌ စိုက်ပျိုးထားသည့် ချယ်ရီပင်များသည် ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀၀ မှ ၆၀၀၀ ကြားတွင် ပေါက်ရောက်ကြသည်။ အထူးသဖြင့် ရှမ်းပြည်နယ်တောင်ကြီးဒေသ၊ မန္တလေးတိုင်း ပြင်ဦးလွင်ဒေသနှင့် မိုးကုတ်ဒေသတို့၌ စိုက်ပျိုးပေါက်ရောက်ကြသည်။ ၎င်းအပင်များသည် နေရောင်ခြည် အပြည့်အဝရရှိပြီး ရေစီးရေလာကောင်း၍ ရေမဝပ်သည့် နေရာများ၌သာ ပေါက်ရောက်ကြသည်။ အစေ့မှ အပင်ပေါက်ရန် နှစ်လမှ သုံးလအထိ စောင့်ရသည်။ ချယ်ရီပင်များသည် စိုက်ပျိုးပါက အလွန်အကြီးမြန်သော အပင်မျိုးဖြစ်သည်။ မြန်မာနိုင်ငံ၌ ပေါက်ရောက်နေသည့် ချယ်ရီပင်များသည် အမြဲစိမ်းလန်းသည့် အပင်မျိုးဖြစ်သည်။

စာမျက်နှာ (၃၆) သို့